# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်　၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ သောကြာနေ့၊　အတွဲ [၅၅]၊ အမှတ် [၁၄၉]


**အတတ်ပညာနှင့်တူသောဥစ္စာမရှိ**

* အတတ်ပညာနှင့်တူသောဥစ္စာသည်မရှိ၊
* အတတ်ပညာကို ခိုးသူတို့မခိုးနိုင်၊
* အတတ်ပညာသည် ယခုဘဝ၌ အဆွေခင်ပွန်း ဖြစ်၏၊
* တမလွန်လောက၌ ချမ်းသာကို ဆောင်စေတတ်၏။

**ပြည်သူ့လွှတ်တော် အစည်းအဝေး**

## စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းရန်လျာထား

စာမျက်နှာ-၇

**အမျိုးသားလွှတ်တော် အစည်းအဝေး**

## အမျိုးသားလွှတ်တော်နှင့် ဩစတြေးလျ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်း

စာမျက်နှာ-၈

## ဧရာဝတီမြစ်ရေမြင့်တက်လာ၍ မြစ်ကမ်းအနီးနေထိုင်သူများအား လိုက်လံသတိပေး



ကသာ　ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီ ၂၄ ရက် တိုင်းတာချက်များအရ သိသိသာသာ မြင့်တက်လာသဖြင့် ဧရာဝတီမြစ်ကမ်းဘေး၌ နေထိုင်သူများအား သတိရှိကြစေရန် ရည်ရွယ်၍ ရေယာဉ်ဖြင့် လိုက်လံသတိပေး ကြေညာလျက်ရှိသည်။ (ဓါတ်ပုံ)

ဖေဖော်ဝါရီ ၂၂ ရက်က မြစ်ကြီးနားမြို့၌ ၁၆ နာရီအတွင်း ဧရာဝတီမြစ်ရေသည် ၁၂ ပေခန့် မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ နှစ်ရက်အတွင်း မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ရေ ငါးပေခန့် *စာမျက်နှာ ၇ ကော်လံ ၅* ■

**ယနေ့　ဖတ်စရာ**

### ဟီဘေး၌ ပတ်ဝန်းကျင်ညစ်ညမ်းစေသည့်စက်ရုံများကို တိုး၍ပိတ်ပင်သွားမည်

စာမျက်နှာ » ၄

### ကော့ကရိတ်မြို့နယ် ရေလယ်ကုန်းရွာအနီး အင်းထဲ၌ ငါးဖမ်းနေသူ ကျားကိုက်ခံရပြီးနောက် ကျားကို အသေဖမ်းမိခဲ့

စာမျက်နှာ » ၁၃

## အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ပြည်ပငါးတင်ပို့မှု လျော့ကျသွားနိုင်သော်လည်း ပြည်တွင်းစားသုံးမှုမထိခိုက်နိုင်

ရန်ကုန်　ဖေဖော်ဝါရီ ၂၅

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားမှုနှင့် ရေရှားပါးမှုကြုံတွေ့နိုင်ပြီး ပြည်တွင်းငါးမွေးမြူရေး လုပ်ငန်းများမှ ပြည်ပငါးတင်ပို့မှု လျော့ကျသွားနိုင်သော်လည်း ပြည်တွင်းစားသုံးမှု မထိခိုက်နိုင်ကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။

"မနှစ်တုန်းကလည်း သဘာဝဘေးကြောင့် ငါးကန်တွေ တော်တော်ပျက်စီးခဲ့တယ်။ အခုလည်း အယ်နီညိုကြောင့် ငါးမွေးမြူရေးလုပ်ငန်းမှာ ထိခိုက်လာနိုင်တယ်။ ပြည်ပ ငါးတင်ပို့မှု လျော့ကျနိုင်တယ်။ ဒါပေမယ့် ပြည်တွင်း ငါးစားသုံးမှုကိုတော့ မထိခိုက်နိုင်ပါဘူး"ဟု အော့ချက်ဖန်း ငါးမွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာမြင့်စိန်က ပြောသည်။

ငါးမွေးမြူရေးလုပ်ငန်းရှင်များအား ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရန်အတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ လိုက်နာ *စာမျက်နှာ ၇ ကော်လံ ၁* ❖

သတင်း-မင်းသစ်၊ ဓာတ်ပုံ-နေလင်း






# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## စာပေ၊ ယဉ်ကျေးမှုနှင့် လူမျိုး

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးတို့သည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုများရှိကြပေသည်။ စာပေနှင့် ယဉ်ကျေးမှုသည် လူမျိုးတိုင်းအတွက် အသက်သွေးကြောသဖွယ် အရေးကြီးလှသည်။ စာပေပျောက်လျှင် ယဉ်ကျေးမှုပျောက်မည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးလည်း ကွယ်ပျောက်နိုင်သည်။

ဤ ၂၁ ရာစုတွင် ကမ္ဘာပေါ်၌ စာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာကိုးကွယ်ယုံကြည်မှုတို့သည် ရောထွေးလာလျက်ရှိသည်။ လူမျိုးတိုင်းက ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်စာပေများ ထိန်းသိမ်းမထားနိုင်လျှင် တစ်ချိန်ချိန်တွင် ကွယ်ပျောက်သွားနိုင်သည်။ မြန်မာ့သမိုင်းတွင် ပျူလူမျိုးနှင့် ပျူစာပေတို့သည် အထင်အရှားရှိခဲ့ပေသည်။ မကြာသေးမီက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့သော မြစေတီကျောက်စာက သက်သေထူလျက်ရှိသည်။ မြစေတီကျောက်စာတွင် ပျူ၊ မွန်၊ မြန်မာ၊ ပါဠိ ဘာသာလေးမျိုးဖြင့် ကျောက်ထက်အက္ခရာရေးထားခဲ့ရာ ပုဂံခေတ်တွင် ပျူလူမျိုးနှင့်ပျူစာပေများရှိခဲ့ကြောင်း အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။ သို့သော် ယနေ့အချိန်အခါတွင် ပျူလူမျိုးနှင့်ပျူစာပေတို့မှာ ကွယ်ပျောက်ခဲ့ရပြီ ဖြစ်ပါသည်။ လူမျိုးတိုင်း လူမျိုးတိုင်း မိမိတို့စာပေ၊ မိမိတို့ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားတတ်ရန် မီးမောင်းထိုးပြလျက်ရှိသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများသည် ကိုယ်ပိုင် စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုထွန်းကားခဲ့သော လူမျိုးများဖြစ်ကြပါသည်။ ယနေ့ထက်တိုင် ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းများဖြင့် ဝင့်ထည်စွာ ရပ်တည်လျက်ရှိသော တိုင်းရင်းသားလူမျိုးများ ဖြစ်ကြပါသည်။

လက်ရှိနိုင်ငံတော် အစိုးရလက်ထက်တွင် တိုင်းရင်းသားလူမျိုးများ၏ နှစ်ပတ်လည်အမျိုးသားနေ့များကို လွတ်လပ်စွာ ကျင်းပခွင့်ရရှိခဲ့ကြပေသည်။ ဤသို့တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားနေ့များကို ကျင်းပနိုင်ခြင်းသည်ပင်လည်း ရိုးရာယဉ်ကျေးမှုစာပေနှင့် လူမျိုးများ မတိမ်ကော မပပျောက်စေရန် ထိန်းသိမ်းနေကြခြင်းပင်ဖြစ်ပါသည်။ လူမျိုးတစ်မျိုးသည် မိမိတို့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရာတွင် တိုင်းရင်းသားဝတ်စုံများကို ဝတ်ဆင်တတ်ရုံမျှဖြင့် လုံလောက်မည်မဟုတ်ပေ။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သိရှိလိုက်နာဆောင်ရွက်ကြရန်လည်း လိုအပ်ပေသည်။

အထူးသဖြင့် လူငယ်လူရွယ်များ စာပေနှင့်ယဉ်ကျေးမှု အမွေအနှစ်များကို လက်ဆင့်ကမ်း သယ်ဆောင်သွားကြရန် လိုအပ်ပေသည်။ သို့မှသာ မိမိတို့စာပေ၊ ယဉ်ကျေးမှုနှင့် လူမျိုးတို့သည် ထာဝစဉ်တည်တံ့နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးအသီးသီးက မိမိတို့ကိုယ်ပိုင်စာပေနှင့် ယဉ်ကျေးမှုများမပျောက်ပျက်ရန် ထိန်းသိမ်းကြရေး၊ အပြန်အလှန်လေးစားတန်ဖိုးထားကြရေးသည် အလွန်ပင်အရေးကြီးပါကြောင်း။ ။

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |

## ကုန်အမှတ်တံဆိပ်စစ်ဆေးခြင်းဆိုင်ရာ နည်းပြဆရာများသင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် EU-ASEAN Project on the Protection of Intellectual Property Rights (ECAP III) တို့ ပူးပေါင်းကျင်းပသော ကုန်အမှတ်တံဆိပ်အား အသေးစိတ်စစ်ဆေးခြင်းအတွက် အာဆီယံအသိုက်အဝန်းတစ်ခုလုံးနှင့် သက်ဆိုင်သော လမ်းညွှန်ချက်များဆိုင်ရာ သင်တန်းနည်းပြဆရာများသင်တန်း (Training of Trainers on the ASEAN Common Guidelines on Substantive Trademark Examination) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က နေပြည်တော်ရှိ Kampinski ဟိုတယ်၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ် တက်ရောက်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း စနစ်သစ်တည်ထောင်နိုင်ရေးအတွက် ကုန်အမှတ်တံဆိပ်ဥပဒေပေါ်ထွန်းလာရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကုန်အမှတ်တံဆိပ်စစ်ဆေးခြင်းဆိုင်ရာ လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက်လည်း ပြည်တွင်း၊ ပြည်ပသင်တန်းများ စေလွှတ်၍ လေ့လာသင်ကြားပေးလျက်ရှိပါကြောင်း၊ ယခုကျင်းပသည့် သင်တန်းသည် အာဆီယံနိုင်ငံများအကြား ကုန်အမှတ်တံဆိပ်ဆိုင်ရာ တူညီသောမှတ်ပုံတင်စနစ် ပေါ်ထွန်းလာရေးအတွက်ဖြစ်ပြီး အာဆီယံကုန်အမှတ်တံဆိပ်စစ်ဆေးရေး ကျွမ်းကျင်ပညာရှင်များအား အရည်အချင်းတိုးမြှင့်ပေးသည့် သင်တန်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ECAP III Phase II မှ Project Leader ဖြစ်သူ Mr. Ignacio de Medrano Caballero က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## သွားကျန်းမာရေး သူနာပြုသင်တန်း မောင်မယ်သစ်လွင်ကြိုဆို

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

သွားကျန်းမာရေး သူနာပြုဒီပလိုမာ နှစ်နှစ်သင်တန်း (၂/၂၀၁၆) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်က သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ရွှေရတုခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ကတ္တရာလမ်းပျက်စီးမှု ပြန်လည်ပြုပြင်ပေးရန်လိုအပ်နေ



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအုပ်စု ဟဲနူရွာ တပ်ပေါင်းစုစေတီအနီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမပေါ်ရှိ မိုင်တိုင် (၁၆၂)အနီး လမ်းပိုင်းအတွင်းရှိ ကတ္တရာများမှာ အသစ်

### ထင်သာမြင်သာ ပြုပြင်စရာ

ပြန်လည်ခင်းထားသည်မှာ လအနည်းငယ်သာရှိသေးသော်လည်း ယခုအခါ လမ်းဘေးဝဲယာတို့တွင် ၁၀ ပေခန့် ပျက်စီးနေသဖြင့် အချိန်မီပြုပြင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ကုန်တင်ယာဉ်ကြီးများလည်း နေ့စဉ်ဖြတ်သန်း သွားလာလျက်ရှိသဖြင့် ကတ္တရာလမ်းပိုင်း ဆက်လက်မပျက်စီးစေရန်အတွက် ပြုပြင်သင့်ကြောင်း အဆိုပါလမ်းအသုံးပြုသူ ယာဉ်မောင်းများနှင့် ဒေသခံများက ပြောသည်။

**နီတိုး**

## စာပေဗိမာန်စာမူဆု (၂၀၁၅)ပြိုင်ပွဲ ဘာသာပြန်စာမူဆုအတွက် ဘာသာပြန်ရမည့်စာအုပ်ပြဋ္ဌာန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဘာသာပြန်စာမူဆုအတွက် Editor Tapan Biswal တည်းဖြတ်သည့် "GOVERNANCE & CITIZENSHIP" စာအုပ်မှ "Governance" "Citizenship" "The Concept of Good Governance" နှင့် "Rights and Obligations of Citizen's and Civic Cuiture" အခန်းလေးခန်းကို ထုတ်နုတ်ပြဋ္ဌာန်းလိုက်သည်။ ယင်းပြဋ္ဌာန်းစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၉-၅၃၁)စာပေဗိမာန်အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၅၅၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရာတွင် သတ်မှတ်ထားသည့်ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပြီး ပုံစံနှင့်စည်းကမ်းချက်များကို စာပေဗိမာန်တွင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့်စာအုပ်ပို့ခ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၇၀၀ ကို ငွေပို့လွှာဖြင့်ဥက္ကဋ္ဌ၊ စာပေဆုများအုပ်ချုပ်ထောက်ပံ့မှု ကော်မတီ စာပေဗိမာန်ရုံး၊ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၆၅၆၉၊ ၀၁-၃၈၁၄၄၉ တို့သို့ လိပ်မူ၍ မှာယူနိုင်သည်။

ဘာသာပြန်စာမူကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ဦးစီးအရာရှိစီမံ၊ စီမံရေးရာဌာနစု စာပေဗိမာန်အမှတ် (၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၅-၂-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၈၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၉.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၀.၁၀ |
| ထိုင်း | တစ်ဘတ် | ၃၄.၅၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၁၅ |
| တရုတ် | တစ်ယွမ် | ၁၈၉.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၈၆ |

ခင်ရတနာ-စုစည်းသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းအား စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးတင်မြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဒေါ်ရီအေး<br>ဒုတိယပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ်(စစ်ကိုင်း)<br>သမဝါယမဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ်(စစ်ကိုင်း)<br>သမဝါယမဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာဝင်းထွန်း<br>ဒုတိယပါမောက္ခချုပ်<br>မုံရွာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူ့စွမ်းအားအရင်းအမြစ်နှင့်<br>ပညာရေးစီမံကိန်းဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# နေပြည်တော်ကောင်စီနယ်မြေရှိ ဆောက်လုပ်ပြီးဝန်ထမ်းအိမ်ရာများသို့ ဝန်ထမ်းများပြောင်းရွှေ့ခြင်းမင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော်ကောင်စီနယ်မြေရှိ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရုံးအဖွဲ့အစည်းများသို့ ထပ်မံပြောင်းရွှေ့ရောက်ရှိလာကြသော ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် လူပျို၊ အပျို ဝန်ထမ်းများအတွက် နှစ်ထပ်လူပျိုဆောင် ငါးလုံး၊ နှစ်ထပ်အပျိုဆောင် ၁၀ လုံးနှင့် အိမ်ထောင်သည် ဝန်ထမ်းများအတွက် အမှုထမ်းအိမ်ရာ ၂၁ လုံးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောက်လုပ်ခဲ့ပြီး ပထမအဆင့်အနေဖြင့် နှစ်ထပ်လူပျိုဆောင် ငါးလုံးနှင့် နှစ်ထပ်အပျိုဆောင် ၁၀ လုံးတို့ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ဆောက်လုပ်ပြီးစီးခဲ့သဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရုံးအဖွဲ့အစည်း ၃၇ ခုတို့မှ ဝန်ထမ်းလူပျို ၄၈၀၊ ဝန်ထမ်း အပျို ၉၆၀ စုစုပေါင်း ၁၄၄၀ ဦးတို့အား ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် နေရာချထားပေးကာ အဆင်ပြေစွာ ပြောင်းရွှေ့ နေထိုင်လျက်ရှိပြီဖြစ်သည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောက်လုပ်လျက်ရှိသော အိမ်ထောင်သည် ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ် ၂၁ လုံး အနက်မှ ဉာဏသိဒ္ဓိရပ်ကွက်၌ အဆောက်အအုံခြောက်လုံး၊ ခေနသိဒ္ဓိရပ်ကွက်၌ အဆောက်အအုံလေးလုံး စုစုပေါင်း အဆောက်အအုံ ၁၀ လုံး ဆောက်လုပ်ပြီးစီးပြီ ဖြစ်သဖြင့် ရုံးအဖွဲ့အစည်း ၂၅ ခုတို့မှ အိမ်ထောင်သည်ဝန်ထမ်း ၂၄၀ တို့အား ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် နေရာချထားပေးခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် တိုက်သစ်သို့ ပြောင်းရွှေ့ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဝန်ကြီးဌာနများ၊ ရွှေ့နေချုပ်ရုံး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများအား တွေ့ဆုံ နှုတ်ဆက်ပြီး ဝန်ထမ်းအိမ်ရာများ၌ နေထိုင်ရာတွင် အခက်အခဲများရှိပါက တင်ပြကြရန်နှင့် အိမ်ထောင်သည်လိုင်း စည်းကမ်းများနှင့်အညီ နေထိုင်ကြရန်မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြီးစီးသွားသည့် ဝန်ထမ်းအပျိုဆောင်များကို သွားရောက် စစ်ဆေးသည်။

ဆက်လက်၍ ဆောက်လုပ်ဆဲ ခြောက်ခန်းတွဲ လေးထပ် အမှုထမ်းအိမ်ရာ၁၁ လုံးမှာလည်း ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ပြီးစီးမည်ဖြစ်ပြီး မတ်လဆန်းမှ စတင်၍ အမှုထမ်းအိမ်ထောင်သည် ၂၆၄ ဦးကို ထပ်မံနေရာချထားပေးနိုင်မည်ဖြစ်ကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်သည့် ဝန်ထမ်းအိမ်ရာ များအားလုံး ပြီးစီးသွားပါက စုစုပေါင်း အပျို၊ လူပျိုဝန်ထမ်း ၁၄၄၀၊ အမှုထမ်း အိမ်ထောင်သည် ၅၀၄ ဦးတို့ကို ဝန်ထမ်းအိမ်ရာများ၌ နေရာချထားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မန္တလေးမြို့၌ သင်္ကြန်မဏ္ဍပ်များ မဲနှိုက်ချထားပေးမည်ဖြစ်၍ ဆောက်လုပ်ခွင့်လျှောက်ထားနိုင်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

၂၀၁၆ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်မဏ္ဍပ်များဆောက်လုပ်ခွင့်ကို မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနသို့ ရုံးချိန်အတွင်း လျှောက်လွှာရယူကာ လာရောက်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အခွန်ဌာနမှူးဦးအောင်စိုးကပြောသည်။

ယမန်နှစ်က သင်္ကြန်မဏ္ဍပ်များမှာ ကျုံးတောင်ဘက် ၂၆လမ်းတွင် ၁၀ခု၊ ကျုံးအရှေ့ဘက် ၆၆လမ်း၊ ကျုံးမြောက်ဘက် ၁၂လမ်းတွင် ၁၀ ခုနှင့်လမ်း ၈၀ တွင် သုံးခုနှင့်မြို့တွင်း၌ မဏ္ဍပ်ခြောက်ခုရှိခဲ့ကြောင်း၊ လျှောက်ထားသူများသည် လျှောက်လွှာတင်သည့်အခါ အာမခံငွေကျပ် ငါးသိန်းပေးသွင်းရမည်ဖြစ်ပြီး မဲပေါက်ပါက အာမခံငွေကျပ်သိန်း ၂၀ ပေးသွင်းရမည်ဖြစ်ကြောင်းသိရသည်။

သင်္ကြန်မဏ္ဍပ်များဆောက်လုပ်လိုပါက ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်အထိ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပြီး လိုက်နာရမည့် စည်းကမ်းချက်များသိရှိလိုပါက မန္တလေးမြို့တော် စည်ပင်သာယာရေးအခွန်ဌာန၌ စုံစမ်းနိုင်ကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# တောင်သူလယ်သမားနေ့ ကြိုဆိုဂုဏ်ပြု မြန်မာဆယ်မားအူးလ်အွန်ဒုန်သင်တန်းကျောင်း ပန္နက်တင်မင်္ဂလာကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တောင်သူ လယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာဆယ်မားအူးလ်အွန်ဒုန် (Myanmar Saemaul Undong) သင်တန်းကျောင်း ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပရဝဏ်အတွင်းရှိ သတ်မှတ်မြေနေရာ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ဥက္ကဋ္ဌ Mr. Kim Young Mok၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဘတ်ဆွန်၊ KOICA ဌာနေ



ကိုယ်စားလှယ် Mr. Nam Kwon Hyoung နှင့် KOICA မှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့၏ စီမံကိန်းဝင်ကျေးရွာများမှ ကျေးရွာသစ်ခေါင်းဆောင်များ၊ ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာဆယ်မားအူးလ်အွန်ဒုန် သင်တန်းကျောင်း ပန္နက်တင်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ KOICA ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတို့က သတ်မှတ်နေရာများ၌ ပန္နက်ရိုက်ပေးကြသည်။

မြန်မာဆယ်မားအူးလ် အွန်ဒုန်စီမံကိန်းကို နိုင်ငံတော်သမ္မတ၏ ၂၀၁၂ ခုနှစ် ကိုရီးယားသမ္မတနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်ကာလတွင် ဆွေးနွေးခဲ့သော ခရီးစဉ်၏ ရလဒ်များနှင့် နိုင်ငံတော်သမ္မတ၏ ကျေးရွာသစ်စီမံကိန်း အတွေ့အကြုံများအပေါ် အလေးအနက် စိတ်ဝင်စားမှုအား ကိုရီးယားသမ္မတနိုင်ငံဘက်မှ အကူအညီများ ပေးရန်အတွက် ကတိကဝတ်ပြု ကမ်းလှမ်းချက်အရ အကောင်အထည် ပေါ်လာခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံ၍ ယခုစီမံကိန်းကို အကောင်အထည်ဖော်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**


ဖေဖော်ဝါရီ ၂၄ ရက်က ဂရိ-မက်ဆီဒိုးနီးယားနယ်စပ်အနီးရှိ ယာယီတဲစခန်းများတွင် သောင်တင်နေသည့် ဆီးရီးယားဒုက္ခသည်များကို တွေ့ရစဉ်။

# ဆီးရီးယား၌ နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး အတိုက်အခံများသဘောတူညီ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်-ရုရှားတို့၏ အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို ဆီးရီးယား အတိုက်အခံများက နှစ်ပတ်ကြာအပစ်အခတ်ရပ်ဆိုင်းထားရန် အသင့်ရှိကြောင်း ထောက်ခံပြောဆိုလိုက်သည်။

၎င်းတို့အနေဖြင့် သောကြာနေ့မှစတင်ကာ ငါးနှစ်ကြာစစ်ပွဲကို အပစ်အခတ်ရပ်စဲကြလိမ့်မည်ဖြစ်ကြောင်း တိုက်ခိုက်ရေးသမားများက ပြောသည်။ စနေနေ့တွင် တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားမည်ဟုဆိုသည်။

အဆိုပါအပစ်အခတ်ရပ်စဲရေးအစီအစဉ်ကြောင့် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်စနိုင်လိမ့်မည်ဟု ကုလသမဂ္ဂက မျှော်လင့်ထားသည်။

နှစ်ပတ်ကြာယာယီအပစ်အခတ်ရပ်စဲမှုသည် သဘောတူညီချက်များကိုလုပ်ဆောင်သွားရန် အခွင့်အလမ်းဖြစ်ကြောင်း နိုင်ငံရေးအုပ်စုများနှင့် ဘတ်ရှာအယ်လ်အာဆတ်၏ အတိုက်အခံများကပြောသည်။

၎င်းကို ဆော်ဒီကျောထောက်နောက်ခံ အဆင့်မြင့်ညှိနှိုင်းရေးကော်မတီက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**(ရိုက်တာ)**

# မြောက်ကိုရီးယားအား အရေးယူရေး ဆုံးဖြတ်ချက် မူကြမ်း တရုတ်နှင့် အမေရိကန်သဘောတူ

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၅**

အမေရိကန်နှင့် တရုတ်တို့အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယား စမ်းသပ်မှုအပေါ် အရေးယူပိတ်ဆို့ ဒဏ်ခတ်မှု တိုးချဲ့ရေးဆုံးဖြတ်ချက် မူကြမ်းတစ်ရပ်ကို သဘောတူလိုက်ပြီဖြစ်ကြောင်း လုံခြုံရေးကောင်စီသံတမန်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပေကျင်းနှင့် ဝါရှင်တန်တို့သည် မကြာမီ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံကို တင်ပြမည့် ဆုံးဖြတ်ချက်မူကြမ်းကို သဘောတူလိုက်ပြီဖြစ်ကြောင်း လုံခြုံရေးကောင်စီသံတမန်များက ပြောသည်။


မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ကိုရီးယားပြည်သူ့တပ်မတော်စစ်ရေးလေ့ကျင့်မှုကို ကြည့်ရှုနေစဉ်။

ဗီတိုအာဏာသုံးခွင့်ရှိသော အဆိုပါနှစ်နိုင်ငံက ဇန်နဝါရီ ၆ ရက်တွင် ပြုံယမ်း၏ စတုတ္ထအကြိမ် နျူကလီးယားစမ်းသပ်မှုအပြီး ခုနစ်ပတ်ကြာ ဆွေးနွေးခဲ့ပြီးနောက် အဆိုပါမူကြမ်းကို သဘောတူခဲ့ခြင်းဖြစ်သည်။

"ဒီမူကြမ်းနဲ့ပတ်သက်ပြီး လာမယ့်ရက်များအတွင်း လုံခြုံရေးကောင်စီက ဆွေးနွေးအတည်ပြုသွားဖို့ရှိနေပါတယ်" ဟု လုံခြုံရေးကောင်စီထိပ်တန်းသံတမန်တစ်ဦးက ပြောသည်။

အဆိုပါမူကြမ်းသည် တစ်ဦးချင်းအမည်ပျက် တင်သွင်းမှုစာရင်းကို တိုးချဲ့လုပ်ဆောင်သွားဖွယ်ရှိနေသည်ဟု ပြောသည်။ **(ရိုက်တာ)**

# အင်ဒိုနီးရှားစက်ရုံတစ်ရုံ မီးလောင်ပေါက်ကွဲမှုဖြစ်ပွား၊ ခုနစ်ဦးသေဆုံး

**ဂျကာတာ ဖေဖော်ဝါရီ ၂၅**

အင်ဒိုနီးရှားနိုင်ငံ စုမတြားမြောက်ပိုင်းတွင် စက်ရုံတစ်ရုံတည်ဆောက်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားရာ စက်ရုံလုပ်သား ခုနစ်ဦးသေဆုံးပြီး ခြောက်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီမှ အကြီးတန်းအရာရှိတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ပေါက်ကွဲမှုသည် ကာရိုခရိုင် ရစ်တန်ဂါကျေးရွာရှိ မြေအောက်ဥမင်တွင် အင်္ဂါနေ့က ဖြစ်ပွားခဲ့သည်ဟု ဒေသရှိဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီမှ တာဝန်ရှိသူဂျွန်ဆန်တာရီဂန်က ပြောသည်။

အလုပ်သမားများသည် မြေအောက်ဥမင်အတွင်း လုပ်ငန်းလုပ်ကိုင်နေစဉ် ရုတ်တရက် မီးစက်ပေါက်ကွဲကာ ၎င်းတို့အား ထိမှန်ခဲ့ကြောင်း ကာရိုမှ မစ္စတာ တာရီဂန်က ဆင်ဟွာသို့ ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သည်။

ပေါက်ကွဲမှုအတွင်း ထိခိုက်ဒဏ်ရာရခဲ့သူများကို နီးစပ်ရာဆေးခန်းသို့ ကယ်ဆယ်ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# မုန်တိုင်းသင့် ဖီဂျီ ပြန်လည်ထူထောင်ရေး နယူးဇီလန်ကူညီဆောင်ရွက်မည်

**ဝယ်လင်တန် ဖေဖော်ဝါရီ ၂၅**

နယူးဇီလန်ကာကွယ်ရေးတပ်မတော် (NZDF) သည် ဝင်စတန်အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဖီဂျီ၌ဝင်ရောက်ပြီးနောက် ထိခိုက်ပျက်စီးခဲ့သည့် ကျွန်းမြေတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရန်အသင့်ဖြစ်ကြောင်း ကြာသပတေးနေ့က ပြောကြားခဲ့သည်။

(NZDF) မှ အင်ဂျင်နီယာ ၃၇ ဦးတို့သည် ကြာသပတေးနေ့က စူဗာသို့ ဖီဂျီတပ်ဖွဲ့ဝင်များနှင့်အတူလိုက်ပါလျက် ထိခိုက်ပျက်စီးခဲ့သည့် နေရာများတွင် ကူညီဆောင်ရွက်ရန်ရောက်ရှိခဲ့သည်။ **(ဆင်ဟွာ)**

# ဟီဘေး၌ ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် စက်ရုံများကို တိုး၍ပိတ်ပင်သွားမည်

**ပေကျင်း ဖေဖော်ဝါရီ ၂၅**

တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပွားစေသည့် အသေးစားစက်ရုံများကို ယခုနှစ်အတွင်းရှင်းလင်းသွားရန် စီစဉ်နေကြောင်း သိရသည်။

ပြည်နယ်အတွင်းရှိ ပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးဗျူရိုက စက္ကူစက်ရုံ၊ သားရေစက်ရုံ၊ ပုံနှိပ်စက်ရုံ၊ ပိုးသတ်ဆေးစက်ရုံ၊ ဆိုးဆေးစက်ရုံနှင့် သတ္တုရည်သွန်းလောင်းသည့် စက်ရုံများအပါ အဝင် ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် စက်ရုံငယ် ၁၀ မျိုးကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။

ပတ်ဝန်းကျင်ထိခိုက်စေသော စက်ရုံလုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီများကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် ပိတ်သိမ်းမည်ဟု ဗျူရိုကဖော်ပြခဲ့သည်။ ပြည်နယ်အတွင်းရှိ ကျောက်မီးသွေးစက်ရုံ ၊ ဓာတုဆေးဝါးစက်ရုံ၊ သတ္တုစက်ရုံ၊ သားရေစက်ရုံနှင့် အခြားစက်ရုံများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှုအနေဖြင့် ကျသင့်ငွေတစ်ဝက်ပေးလျော်၍ ဖယ်ရှားရှင်းလင်းမည်ဟု ဖော်ပြချက်၌ပါရှိသည်။

ဟီဘေးတွင် လာမည့် ၂၀၂၀ ပြည့်နှစ်၌ ရေထုညစ်ညမ်းမှုကင်းစင်ရေးစီမံကိန်းအတွက် ယွမ် ၂၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၂ ဘီလီယံ) ရင်းနှီးမြှုပ်နှံသွားမည်ဟုသိရသည်။ ဟီဘေးသည် တရုတ်နိုင်ငံရှိ ပတ်ဝန်းကျင်အညစ်ညမ်းဆုံး ပြည်နယ် ၁၀ ခုတွင် အပါအဝင်ဖြစ်သည်။ **(ဆင်ဟွာ)**


ဟီဘေးရှိ သံမဏိစက်ရုံတစ်ခုမှထွက်ပေါ်လာသော မီးခိုးထုကြီးကို တွေ့ရစဉ်။

# ရေကြီးပျက်စီးခဲ့သည့် အခြေခံပညာကျောင်း ၅၀၀ကျော် ဂျပန်အသေးစားစီမံကိန်းများထောက်ပံ့ရေးဖြင့် ပြန်လည်တည်ဆောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

**မြန်မာနိုင်ငံ၌ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် ပညာရေးဝန်ကြီး ဌာနအောက်ရှိ အခြေခံပညာကျောင်းပေါင်း ၅၀၀ ကျော်ကို ဂျပန်နိုင်ငံအစိုးရ၏အသေးစားစီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ်အနေဖြင့် ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သိရသည်။**

သတင်း - မောင်စိန်လွင်( မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်



ဂျပန်သံရုံးမှ သံမှူးကြီး
Mr. Ichiro MARUYAMA



ဖထီး စောဝင်းရွှေ



မူလတန်းကျောင်းအုပ်
ဦးသန်းနိုင်ဦး

ကျွန်တော်တို့ဂျပန်အသေးစားစီမံကိန်းတွေ ထောက်ပံ့ပေးရေးကို မြန်မာနိုင်ငံမှာ စခဲ့တာကြာပါပြီ။ အထူးသဖြင့် ပညာရေး၊ လူမှုရေးကဏ္ဍတွေမှာ အများဆုံး ကူညီထောက်ပံ့ပေးဖြစ်ပါတယ်။ အခုဆိုလည်း ပြီးခဲ့တဲ့နှစ်အတွင်းက မြန်မာနိုင်ငံတစ်ဝန်း ပျက်စီးယိုယွင်းသွားတဲ့ အခြေခံပညာကျောင်းပေါင်း ၅၀၀ ကျော်ကို ပြန်လည်တည်ဆောက်ပေးသွားဖို့ ဂျပန်အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်တစ်ရပ်အနေဖြင့် လုပ်ဆောင်နေပါတယ်”ဟု ယနေ့မွန်းလွဲ ၂ နာရီက ဂျပန်သံရုံး၌ ကျင်းပသည့် ဂျပန်အစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ပေးအပ်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံမှူးကြီး Mr. Ichiro MARUYAMA က ပြောကြားသည်။

ဂျပန်နိုင်ငံအစိုးရ၏ အသေးစား စီမံကိန်းများ ထောက်ပံ့ပေးရေးအစီအစဉ်အရ ယနေ့မွန်းလွဲ၂နာရီတွင် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့အဖြစ် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာအခြေခံပညာမူလတန်းကျောင်းဆောက် လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၈၅၆၁၀၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ထောက်ရှာပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၈၂၅၁၁ ဒေါ်လာ၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း ဆောက်လုပ်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၄၁၅၁၃ ဒေါ်လာ၊ ကရင်ပြည်နယ်ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းခွဲဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၀၅၃၁၀ နှင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျောက်အိုင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၉၀၂၆၀ အထောက်အပံ့ပေးရေးသဘောတူစာချုပ်ကို ဂျပန်သံရုံး၌ လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ စီမံကိန်း ငါးခုအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၀၅၂၀၄ ဒေါ်လာကို ထောက်ပံ့ကူညီခဲ့ခြင်းဖြစ်သည်။

“ဖထီးတို့ ကျေးရွာမှာ အခုလိုကျေးလက် ကျန်းမာရေး ဆေးပေးခန်းလေး အထမြောက်တော့မယ်ဆိုတော့ အလွန်ပဲ ဝမ်းသာပါတယ်။ အရင်က ဆေးခန်းဆိုတာ မရှိခဲ့ဘူး။ ဘားအံမြို့နယ်နဲ့ ဖထီးတို့ ကျေးရွာက ၁၅ မိုင်လောက်ဝေးတာ။ ပြည်သူတွေ ကျန်းမာရေးပိုင်းဆိုင်ရာ တစ်ခုခုဖြစ်ပြီဆိုရင် ဘားအံမြို့ကိုပဲ သွားကြရတယ်။ အဲလိုမှမသွားရင် အရပ်ဘက်ဆေးကျွမ်းကျင်တဲ့သူတွေနဲ့ပဲ ကုကြရတာ။ ဘယ်လိုပဲဖြစ်ဖြစ် အခုလို ကျေးလက်ကျန်းမာရေးဆေးပေးခန်းခွဲလေးက ဖထီးတို့ ဒေသခံပြည်သူတွေကို ကျန်းမာရေးပိုင်းဆိုင်ရာ တော်တော်လေးအထောက်အကူဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်” ဟု ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာမှ ဖထီး စောဝင်းရွှေက ပြောသည်။

မြန်မာနိုင်ငံအား ဂျပန်အစိုးရ၏ အသေးစားစီမံကိန်း ထောက်ပံ့ရေးအစီအစဉ်တွင် အထူးသဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးပိုင်းဆိုင်ရာ ကဏ္ဍများတွင် အများဆုံး ပါဝင်ကူညီထောက်ပံ့လျက်ရှိကာ စီမံကိန်းလုပ်ငန်းများ ကူညီထောက်ပံ့ရာတွင် အသေးစား စီမံကိန်းထောက်ပံ့မှုဆိုင်ရာအရ စီမံကိန်းတစ်ခုကို အမေရိကန်ဒေါ်လာ တစ်သိန်းအောက်သို့ လျာထားသတ်မှတ်ကူညီပေးလျက်ရှိပြီး စီမံကိန်းကာလကိုလည်း ခြောက်လမှ တစ်နှစ်အတွင်း ပြီးစီးရေးအတွက်လုပ်ဆောင်နိုင်သည့် လုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရ၏ အသေးစား စီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ထောက်ရှာပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၈၂၅၁၁ ဒေါ်လာ ကူညီထောက်ပံ့ပေးမှုအပေါ် ပခုက္ကူမြို့နယ် ထောက်ရှာပင်ကျေးရွာ မူလတန်းကျောင်းအုပ်ဦးသန်းနိုင်ဦးက “ပြီးခဲ့တဲ့နှစ်က ရေကြီးပြီး ကမ်းပါးတွေပြိုခဲ့မှုကြောင့် စာသင်ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေ ရွှေ့ခဲ့ရတယ်။ အရင်က ပျဉ်နဲ့ဆောက်ထားတဲ့ကျောင်းကလည်း ဆောက်လုပ်ခဲ့တဲ့သက်တမ်းက ကြာမြင့်ပြီဆိုတော့ တော်တော်လေးကို ပျက်စီးယိုယွင်းနေပါတယ်။ အဲဒီလို ပျက်စီးနေလို့ ပညာရေးဝန်ကြီးဌာနကို စာတင်တဲ့အခါ အခုလိုပဲ ဂျပန်အစိုးရဲ့ အသေးစား စီမံကိန်းတွေ ထောက်ပံ့ပေးမှုကို ရခဲ့တာပါ။ အဲဒီအတွက် ကျောင်းအုပ်တစ်ဦးအနေနဲ့ အတိုင်းမသိဝမ်းသာပါတယ်”ဟု ပြောကြားသည်။

ဂျပန်အစိုးရသည် မြန်မာနိုင်ငံ၌ အသေးစား စီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အနေဖြင့် ၁၉၉၃ ခုနှစ်မှ စတင်ကာ ပညာရေးထောက်ပံ့ရေးစီမံကိန်း ၃၅၁ ခု၊ ကျန်းမာရေးစောင့်ရှောက်မှုမြင့်တင်ရေးစီမံကိန်း ၁၉၅ ခု၊ လူမှုရေးနှင့် ပတ်ဝန်းကျင်စီမံကိန်း ၁၃၈ခု၊ အခြေခံအဆောက်အအုံစီမံကိန်း ၃၆ ခု အခြားအမျိုးမျိုးသော စီမံကိန်း ၃၅ ခု စသည်ဖြင့် စီမံကိန်းပေါင်း ၇၅၅ ခုကို မြန်မာ-ဂျပန် ချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာစေရန်အတွက် ရည်ရွယ်ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# မန်းရွှေစက်တော်ဘုရားပွဲတော်ရှိ မန်းချောင်းအတွင်း ရေကြီးနိုင်မှုအခြေအနေမရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဇင်ဦး (မြန်မာ့အလင်း)

**ယခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ကျရောက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော အယ်နီညို၏ နောက်ဆက်တွဲပြဿနာများဖြစ်သည့် ရာသီဥတုဖောက်ပြန်မှုများကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်းပြီး မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ မိုးကြီး၍ မြစ်ချောင်းအင်းအိုင်များ ပတ်ဝန်းကျင်တွင်နေထိုင်သည့် လူနေအိမ်များ၊ ဈေးဆိုင်တန်းများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။**

ယခုအချိန်အခါသည် မန်းရွှေစက်တော် ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိပြီး ဘုရားပွဲတော်တစ်ဝိုက် မန်းချောင်းဝဲယာတွင် တည်းခိုရိပ်သာများနှင့် မန်းချောင်းအတွင်းရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။ အလားတူ မိုးလေဝသပညာရှင်များ၏ မိုးရွာသွန်းမှုအခြေအနေ သုံးသပ်ချက်များနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် မန်းရွှေစက်တော်ဘုရားပွဲကျင်းပရာ မန်းချောင်း၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်ကြောင်း သုံးသပ်ချက်များနှင့် ကောလာဟလများလည်းဖြစ်ပေါ်လျက်ရှိသည်။



မန်းချောင်းနံဘေးတစ်လျှောက်ရှိ မန်းရွှေစက်တော် ဘုရားပွဲဈေးတန်းကို တွေ့ရစဉ်။

ယင်းအခြေအနေများနှင့် ပတ်သက်ပြီး မန်းရွှေစက်တော်ဘုရားပွဲတော်သို့ မန်းချောင်းရေပေးဝေရေးဆောင်ရွက်နေသည့် ဆည်မြောင်းဦးစီးဌာနမှ မန်းတမံတာဝန်ခံ အင်ဂျင်နီယာ ဦးမြတ်ဇော်သိန်းကို ဆက်သွယ်မေးမြန်းရာ “မန်းတမံအနေအထားကတော့ အခုလောလောဆယ် ရေအမှတ် RL 620 ရှိပါတယ်။ ကန်ရေပြည့်မှတ်ကိုမီဖို့ ငါးပေ လိုပါသေးတယ်။ ကန်ရေပြည့်မှတ်ကို ရောက်ဖို့အတွက်ဆိုရင် ဧကပေ ၁၀၃၁၅၀ လက်ရှိ သိုလှောင်ထားပါတယ်။ တမံရဲ့ သိုလှောင်နိုင်မှုရေပမာဏက ဧကပေ ၁၂၀၀၀၀ ကျော်ရှိတဲ့အတွက် ကန်ရေပြည့်မှတ်ကို ရောက်ဖို့ဆိုရင် ဧကပေ ၁၆၈၅၀ ထိလိုပါသေးတယ်။ အခုကျွန်တော်တို့က ဘုရားပွဲကို တစ်စက္ကန့်မှာ ကုဗပေ ၁၅၀ လွှတ်ပေးထားပါတယ်။ မန်းတမံရဲ့ လက်ဝဲမြောင်း၊ လက်ယာမြောင်းတွေကို တစ်စက္ကန့်မှာ ကုဗပေ ၅၀ လွှတ်ပေးထားပြီး နွေစပါးစိုက်ဧက ၁၅၆၀ ကိုရေပေးဝေထားပါတယ်။ လက်ရှိအနေအထားမှာ ဘုရားပွဲတော်ကို ပေးထားတဲ့ ရေမြောင်းလေးရှိပြီး ဒီရေမြောင်းရဲ့အကျယ်က ပေ ၈၀ ရှိပြီးတော့ ရေအနက်က နှစ်ပေနဲ့ သုံးပေကြားမှာပဲ ရှိတဲ့အတွက် ရေဆင်းချိုးတဲ့သူတွေအတွက် အန္တရာယ်မဖြစ်နိုင်တဲ့အနေအထားကို ထိန်းပြီး လွှတ်ပေးထားတာ ဖြစ်ပါတယ်”ဟု ပြောပြသည်။

“အခုတမံထဲမှာလည်း တောက်လျှောက်ဝင်တဲ့ရေက မရှိတော့ဘူး။ တစ်ဖက်မှာလည်း တောက်လျှောက်လျော့နေတဲ့ အနေအထားရှိနေပါတယ်။ ဘုရားပွဲတော်ကိုလည်း ရေပေးရတယ်။ နောက် နွေလယ်တွေကိုလည်း ရေပေးထားတယ်ဆိုတော့ ရေက လျော့နေတာပဲရှိပါတယ်။ နောက်ပြီးဆည်ကို ဝင်တဲ့ရေက ရခိုင်ရိုးမကို အခြေခံပြီးလာတဲ့ရေပါ။ ဒါပေမယ့် ရခိုင်ရိုးမဘက်မှာ မိုးသုံးလေးရက် ဆက်တိုက်ရွာမှသာ ကျွန်တော်တို့ဆည်ထဲကို ရေဝင်နိုင်တဲ့အနေအထားဖြစ်ပါတယ်။ လောလောဆယ် အနေအထားကတော့ ဝင်လာစရာအကြောင်းမရှိ သေးပါဘူး။ ရာသီဥတုအနေအထားနဲ့အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အတူ ဒေသခံတစ်ဦးကလည်း “သတိထားတာ မမှားပေမယ့် အလွန်စိုးရိမ်နေဖို့လည်း မလိုပါဘူး။ ရခိုင်ဘက်မှာ မိုးများများဆက်တိုက်ရွာ မရွာကိုသာ ဆက်လက်နားစွင့်ကြပါ။ မန်းရွှေစက်တော်ဘုရားဟာ ပန်းထိမ်းမန်းချောင်းနဲ့ ငဖဲမန်းချောင်းဆုံတဲ့ အောက်ဘက်မှာတည်ရှိပါတယ်။ ငဖဲမန်းသုံးရက်မိုးရွာတာနဲ့ ရေမကြီးနိုင်ပါဘူး။ အထက်မှာ ကျောက်နွားသိုးဆည်ရှိပါတယ်။ ပန်းထိမ်းမန်းကတော့ နတ်ရေကန်တောင်ဒေသ၊ ပေါက်စတောင်ဒေသ နှစ်ရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းပါက ရေအနည်းငယ်ကြီးနိုင်ပါတယ်။ အခုဒီအချိန်ထိတော့ တောင်ပေါ်ဒေသ မိုးမရွာသေးပါဘူး။ ဈေးသည်တွေအနေနဲ့ အပေါ်မိုးကိုစိုးရိမ်ရမှာပါ၊ ပစ္စည်းတွေရေစိုတတ်လို့ပါ” ဟု ပြောသည်။

မန်းရွှေစက်တော် ရေကြီးနိုင်မှုရှိ မရှိနှင့်ပတ်သက်ပြီး မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ၁၉၈၇ ခုနှစ် လေးလပိုင်းအတွင်းက မန်းချောင်းအထက်ဘက်၌ မိုးတိမ်တောင်တစ်ခုကြောင့်မိုးသည်းထန်စွာရွာ၍ လျှပ်တစ်ပြက် ရေကြီးခဲ့ရာ မန်းချောင်းဘေးတွင် တည်ထားသော ဘုရားပွဲဈေးခင်းများ၊ လူနေတည်းခိုဆောင်များ ဘုရားဖူးယာဉ်များ ရေစီးနှင့်မျောပါ နစ်မြုပ်ခဲ့ဖူးကြောင်း၊ မန်းချောင်းနှင့် ဆက်စပ်နေသော မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့၌ တိမ်စွယ်တန်းတစ်ခု ဖြတ်သန်းနေပြီး မိုးရွာသွန်းနိုင်သော်လည်း တိမ်အမျိုးအစားတွင် တိမ်ထိပ်အပူချိန် -20°C မှ -40°C အတွင်းသာရှိသဖြင့် မိုးတိမ်တောင်များပါဝင်မှုမရှိခြင်း၊ ရွာသွန်းနိုင်သောမိုးရေချိန် ပမာဏမှာ တစ်ရက်မှ ငါးရက်အတွင်းတစ်လက်မအောက်သာ ရွာသွန်းနိုင်ခြင်း စသည်တို့ကြောင့် မန်းချောင်းအတွင်း စီးဝင်ရန် မသေချာသဖြင့် အများစိုးရိမ်နေကြသည့် မန်းရွှေစက်တော် ဘုရားပွဲတွင် အန္တရာယ်လွတ်ကင်းနိုင်ကြောင်း သုံးသပ်ထားသည်။

# နောင်အစိုးရအဖွဲ့ တာဝန်ယူစဉ် စဉ်းစားစီမံဆောင်ရွက်နိုင်ရန် အချို့ကိစ္စရပ်များ ဆိုင်းငံ့ထားရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားသည့်ကိစ္စရပ်များအနက်မှ အချို့ကိစ္စရပ်များကို နောင်အစိုးရတာဝန်ယူစဉ် စဉ်းစားစီမံဆောင်ရွက်နိုင်ရန်အတွက် အကြောင်းအရာများအလိုက် ဆိုင်းငံ့ထားကြောင်းနှင့် အဆိုပါကိစ္စရပ်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့မှ သိရသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားသည့်ကိစ္စရပ်များမှ နောင်အစိုးရလက်ထက်တွင် စဉ်းစားစီမံဆောင်ရွက်နိုင်ရန်အတွက် ဆိုင်းငံ့ထားသည့်ကိစ္စရပ်များ**

| စဉ် | ဌာန | အကြောင်းအရာ | ဆိုင်းငံ့သည့်ရက်စွဲ |
|---|---|---|---|
| ၁။ | ရွေးကောက်ပွဲကော်မရှင် | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများအတွက် သင့်လျော်သည့်မြေနေရာနှင့် အဆောက်အအုံလွှဲပြောင်းရရှိရေးတင်ပြသည့်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၂။ | နိုင်ငံခြားရေး | မွန်ဂိုလီးယားပါလီမန် ဒုတိယဥက္ကဋ္ဌ မစ္စတာ လော့ဆော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်လိုကြောင်းတင်ပြသည့်ကိစ္စ | ၂၇-၁-၂၀၁၆ |
| ၃။ | သမဝါယမ | ဇဗ္ဗသီရိ (ဇဟန်း)မြို့နယ်၊ နတ်မောက်လမ်းရှိ သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း မြေ(၀ ဒသမ ၄၆၂)ဧကနှင့် အဆောက်အအုံငှားရမ်းခွင့်ကိစ္စ | ၁၅-၂-၂၀၁၆ |
| ၄။ | ပို့ဆောင်ရေး | မာန်အောင်မြို့နယ်(စမုံတဲ)လေယာဉ်ကွင်းအားတိုးချဲ့ဖောက်လုပ်နိုင်ရေး တင်ပြသည့်ကိစ္စ | ၁၀-၁၂-၂၀၁၅ |
| ၅။ | ပို့ဆောင်ရေး | မြောင်မြို့နယ် ပရိမ္မာ(တွင်းကြီး)မြစ်ရေတင်စက်ရေရရှိရေး အစီအမံတင်ပြသည့် ကိစ္စ | ၁၀-၂-၂၀၁၆ |
| ၆။ | ပို့ဆောင်ရေး | ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကုလားတန်းကျေးရွာအုပ်စုရှိ မြေ(၁၃ ဒသမ ၈)ဧကအား စပါးပေါင်းစက်ရုံနှင့်ခေတ်မီဆန်စက်တည်ဆောက်ရန် BOT စနစ်ဖြင့် ငှားရမ်းဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၇။ | လျှပ်စစ် | OPGW Fiber များကို စီးပွားရေးလုပ်ငန်းသုံးအဖြစ် ငှားရမ်းဆောင်ရွက်နိုင်ရေး ပဏာမဖြစ်မြောက်နိုင်စွမ်း လေ့လာသုံးသပ်မှုဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးမည့်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၈။ | လျှပ်စစ် | မြိတ်မြို့နယ်၊ တနင်္သာရီမြစ်ဝအနီးတွင်(၂၆၄၀) မဂ္ဂါဝပ်ထွက်ရှိမည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းအား JV/B.O.T စနစ်အခြေခံဖြင့်ဆောင်ရွက်ရန် သဘောတူညီမှုစာချွန်လွှာလက်မှတ်ရေးထိုးမည့်ကိစ္စ | ၁၈-၂-၂၀၁၆ |
| ၉။ | စက်မှု | အဆင့်မြင့် ရော်ဘာစက်ရုံ တည်ဆောက်လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၈-၁၂-၂၀၁၅ |
| ၁၀။ | စက်မှု | ရော်ဘာခြံများအား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်း နည်းလမ်းဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၈-၁၂-၂၀၁၅ |
| ၁၁။ | စက်မှု | မီးခံဘိလပ်မြေပြားထုတ်လုပ်ရေးဌာန(မှော်ဘီ)၏ မြေ(၆၁)ဧကတွင် Hazadous Chemical Treatment Plant စီမံကိန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ကိစ္စ | ၈-၁၂-၂၀၁၅ |
| ၁၂။ | စက်မှု | အလုံမြို့နယ် ကမ်းနားလမ်းရှိ Mini Brewery ဘီယာစက်ငယ်နှင့် ရေခဲစက်ရုံ ငှားရမ်းဆောင်ရွက်ခွင့်ကိစ္စ | ၁၀-၁၂-၂၀၁၅ |
| ၁၃။ | စက်မှု | အမှတ်(၂) ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)အား ငှားရမ်းခွင့်ကိစ္စ | ၁၀-၁၂-၂၀၁၅ |
| ၁၄။ | စက်မှု | ဆေးဝါးစက်ရုံ (အင်းစိန်)၏ ထိုးဆေးထုတ်လုပ်မှုတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ကိစ္စ | ၁၀-၁၂-၂၀၁၅ |
| ၁၅။ | စက်မှု | မော်တော်ယာဉ်အလုပ်ရုံခွဲ(ထောက်ကြန့်)၏ မြေနှင့် အဆောက်အအုံငှားရမ်းဆောင်ရွက်ခွင့်ကိစ္စ | ၁၆-၁၂-၂၀၁၅ |
| ၁၆။ | စက်မှု | မီးခံအုတ်စက်ရုံခွဲ(စော်ဘွားကြီးကုန်း)ငှားရမ်းခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၁၇။ | စက်မှု | အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ကြေးကြိုးမှုရှိ PVC Wire ထုတ်လုပ်မှု အလုပ်ရုံငှားရမ်းခွင့်ကိစ္စ | ၁၁-၁-၂၀၁၆ |
| ၁၈။ | စက်မှု | အမှတ်(၄) အထည်စက်ရုံ ပွင့်ဖြူပိုင်မြေနှင့် အချောကိုင်ဌာနမြေငှားရမ်းခွင့်ကိစ္စ | ၂၁-၁-၂၀၁၆ |
| ၁၉။ | စက်မှု | ဘီးလင်းသကြားစက်ရုံ၊ ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်) နှင့် သိုလှောင်ရုံ(၂)လုံးငှားရမ်းခွင့်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၂၀။ | စက်မှု | ဒိုက်ဦးကော်မှုန့်စက်ရုံအား Fortune International Limited သို့ သက်တမ်းတိုးမြှင့် ငှားရမ်းခွင့်ကိစ္စ | ၂၈-၁-၂၀၁၆ |
| ၂၁။ | စက်မှု | အခြေစိုက်အလုပ်ရုံ(တညင်းကုန်း)အား ငှားရမ်းခွင့်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၂၂။ | စက်မှု | ရန်ကုန်တိုင်း၊ ဇဟန်းမြို့နယ် စက်မှုဝန်ထမ်းအိမ်ရာဝင်းရှိ မြေအား ငှားရမ်းခွင့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၂၃။ | စက်မှု | မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ယခင် ဖောင်တိန်နှင့် မင်စက်ရုံ၏ RC နှစ်ထပ်အဆောက်အအုံနှင့် မြေ(၀ ဒသမ၅၇)ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ စားသောက်ကုန်ဓာတ်ခွဲခန်းတည်ဆောက်ခြင်းလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ခွင့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၂၄။ | စက်မှု | အဆင့်မြင့်မီးခံအုတ်စက်ရုံခွဲ(ကျောက်ဆည်)အား ငှားရမ်းခွင့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၂၅။ | စက်မှု | အမှတ်(၃၆) အကြီးစားစက်ရုံ မှန်စက်ရုံခွဲ (ပုသိမ်)ကို Excellent Fortune Development Group Ltd. သို့ ငှားရမ်းခွင့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၂၆။ | စက်မှု | ရန်ကုန်မြို့ ဇဟန်းမြို့နယ်ရှိ မြေ(၀ ဒသမ ၅၉)ဧကခန့်တွင် Myanmar-Korea Business Park တည်ထောင်လိုမှုကိစ္စ | ၁၈-၂-၂၀၁၆ |
| ၂၇။ | စီးပွား/ ကူးသန်း | မြန်မာ(မူဆယ်)-တရုတ်(ရွှေလီ)အကြား နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ဆောက်ခြင်း ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၂၈။ | စီးပွား/ ကူးသန်း | ရွှေဘိုမြို့ မင်းညိုစံလမ်းနှင့် အောင်ဇေယျလမ်းထောင့်ရှိ စီးပွား/ကူးသန်း ဝန်ကြီးဌာနပိုင် (L) ပုံသဏ္ဌာန် အဆောက်အအုံတည်ရှိရာမြေနေရာ(၀ ဒသမ ၁၆၁)ဧကအား B.O.T စနစ်ဖြင့် ငှားရမ်းခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၂၉။ | သတ္တုတွင်း | ရွှေခေတ်တိုးတက်ရေး သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် ပဲခူးတိုင်း ရွှေကျင်မြို့နယ် တောင်ကန့်လန့်ဒေသတွင် ခဲမဖြူအဖြိုက်နက်နှင့် ဆက်စပ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၀။ | သတ္တုတွင်း | ထွန်းသွင်သတ္တုတူးဖော်ခြင်း ကုမ္ပဏီလီမိတက်နှင့် ဖလမ်းမြို့နယ်၊ ဝေဘူလ-ဟားခါး လေးဒေသတွင် ခရိုမိုက်နှင့် ဆက်စပ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းကို သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၁။ | သတ္တုတွင်း | စွမ်းမင်းထက် သတ္တုတူးဖော်ရေးကုမ္ပဏီနှင့် စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် စုံးတော်ဒေသရှိ မြေ(၁၂၀)ဧကတွင် ရွှေနှင့်ဆက်စပ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ကိစ္စ | ၂၁-၁-၂၀၁၆ |
| ၃၂။ | သတ္တုတွင်း | AMARI Group (Myanmar) Co.Ltd နှင့် ရမည်းသင်းမြို့နယ် နန်းခွဲဒေသရှိ မြေ(၄၇၃၃ ဒသမ ၃၃)ဧကတွင် ရွှေနှင့် ဆက်စပ်သတ္တုရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းဆောင်ရွက်ခွင့်ကိစ္စ | ၂၁-၁-၂၀၁၆ |
| ၃၃။ | သတ္တုတွင်း | သတ္တုတူးဖော်ရေးလုပ်ကွက်များတွင်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ခဲသတ္တုသန့်စင် အကြီးစားတူးဖော်ထုတ်လုပ်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၁၀-၂-၂၀၁၆ |
| ၃၄။ | သတ္တုတွင်း | ပတ္တမြားနဂါး သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် ဟိုပုံးမြို့နယ် လိုင်ဟာမြားလုပ်ကွက်ရှိ မြေ(၄၈၅ ဒသမ ၆)ဧကနှင့် လွိုင်လင်မြို့နယ် ကောင်တန်လုပ်ကွက်ရှိ မြေ(၄၉၅)ဧကတို့၌ ခနောက်စိမ်းသတ္တု အကြီးစားတူးဖော်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၅။ | သတ္တုတွင်း | ရတနာစိုင်းကောင်းမြတ်ကျော် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် ပဲခူးတိုင်း တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်ဝန်းကျင်ဒေသတွင် အဖြိုက်နက်နှင့် ဆက်စပ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းကို သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၆။ | သတ္တုတွင်း | ရတနာစိုင်းကောင်းမြတ်ကျော် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်နှင့် ပဲခူးတိုင်း တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ဝန်းကျင်ဒေသတွင် သံသတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းကို သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၇။ | သတ္တုတွင်း | ဇမ္ဗူတလူသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် ကျောက်ဆည်မြို့ စံပယ်တောင်ဒေသတွင် ကြေးနီနှင့် ဆက်စပ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းကို သဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၈။ | သတ္တုတွင်း | ရွှေအနန္တသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် ပဲခူးတိုင်း ရွှေကျင်မြို့နယ် တောင်ကန့်လန့်ဒေသတွင် ခဲမဖြူ အဖြိုက်နက်နှင့် ဆက်စပ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းကို သဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၉။ | ဘဏ္ဍာရေး | ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်သို့ သက်သာသောအတိုးနှုန်းဖြင့် ငွေချေးခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၁၃-၁၀-၂၀၁၅ |
| ၄၀။ | ဆောက်လုပ်ရေး | ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရပ်ကွက်ရှိ မြေ(၂၀၀)ဧကကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ ချထားဆောင်ရွက်ခွင့်ကိစ္စ | ၁၁-၁-၂၀၁၆ |
| ၄၁။ | ဆောက်လုပ်ရေး | မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ပွင့်ပေါက်-ပြင်စလူလမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးရရှိရေး ဆောင်ရွက်ပေးပါရန်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၄၂။ | ရထား | ရွာသာကြီးဘူတာအဆင့်မြှင့်တင်ရေး စီမံကိန်းဆောင်ရွက်ရန်အတွက် ကုမ္ပဏီ(၄)ခုထံမှ ပြန်လည်ရယူမည့်မြေ (၃၆၀ ဒသမ ၈၇၇)ဧကအား လျော်ကြေးပေးချေနိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လျော်ကြေးမပေးမီကာလတွင် ရွာသာကြီးဘူတာ အဆင့်မြှင့်တင်ရေး စီမံကိန်းအတွက် အနည်းဆုံးလိုအပ်သည့် မြေ(၇၅၀ ဒသမ ၀၄၇) ဧကအား မြန်မာမီးရထားပိုင်မြေ ပိုင်ဆိုင်ခွင့် အတည်ပြုသတ်မှတ်ပေးရန်ကိစ္စ | ၂၄-၂-၂၀၁၆ |
| ၄၃။ | သိပ္ပံနှင့် နည်းပညာ | ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းဖွင့်လှစ်နိုင်ရေးကိစ္စ | ၁၆-၁၂-၂၀၁၅ |
| ၄၄။ | သိပ္ပံနှင့် နည်းပညာ | ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)အတွက် မြေနေရာရွေးချယ်သတ်မှတ်နိုင်ရေးကိစ္စ | ၁၁-၁-၂၀၁၆ |
| ၄၅။ | ပုဂ္ဂလိကပိုင် | အမှုသိမ်း နိုင်ငံပိုင်စာရင်းမှ မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်(၂၄)ခုအား သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ ပြန်အပ်ရန်ကိစ္စ | ၂၃-၂-၂၀၁၆ |

စာမျက်နှာ ၈ သို့

ပြည်သူ့လွှတ်တော်အစည်းအဝေး

# စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းရန်လျာထား

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ အရေးကြီးအဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်း၊ အရေးကြီးအဆိုတစ်ခုထပ်မံတင်သွင်းခြင်း၊ ကော်မတီသုံးခု ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး တင်သွင်းထားသည့် **“မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သော ကူညီထောက်ပံ့မှုများကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးက ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးဆွေးနွေးခဲ့သည့် အဆိုနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲပေးသည့် စနစ်ဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က **“နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချ**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

**လွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သောဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှုများမပြုလုပ်ဘဲ အစိုးရတာဝန် မလွှဲပြောင်းမီ အလျင်အမြန်စီမံခန့်ခွဲနေမှုစသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အရေးကြီးအဆိုကို တင်သွင်းရာ ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က **စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ**တို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယင်းကော်မတီများတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## လက်ရှိပြည်ထောင်စုအစိုးရက ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရတာပါ။ အခု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံခြင်း ရှိ၊ မရှိ ဆိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသေအချာပြန်လည်သုံးသပ်ရမယ့်ကိစ္စပါ

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က အရေးကြီးအဆိုကို တင်သွင်းခဲ့ပြီး ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ တက်ရောက်ရန် လွှတ်တော်က ဖိတ်ကြားထားရှိသော်လည်း သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ တက်ရောက်ခဲ့မှု မရှိခြင်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်အား သတင်းအဖွဲ့က မေးမြန်းခဲ့သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက “ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ ဦးသိန်းစိန်နဲ့ လက်ရှိပြည်ထောင်စုအစိုးရက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရတာပါ။ အခု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံခြင်း ရှိ၊ မရှိ ဆိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသေအချာ ပြန်လည်သုံးသပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါပေမယ့် ရှမ်းပြည်နယ်မြောက်ပိုင်းမှာဖြစ်ပွားနေတဲ့ တိုက်ပွဲကိစ္စတွေ၊ အယ်နီညိုကိစ္စတွေဟာ အမျိုးသားအကျိုးစီးပွားနဲ့ဆက်စပ်နေလို့ ဝန်ကြီး၊ ဒုတိယဝန်ကြီးတွေက သွားရှင်းပြခဲ့တာပါ။

“အခုတော့ နောက်ထပ်အဆိုတွေ၊ မေးခွန်းတွေပါ ဆက်တိုက်တင်လာလို့ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးတွေမှာ လက်ရှိအစိုးရတာဝန်ရှိသူတွေ တက်ရောက်ဆွေးနွေးခြင်းကို ဆိုင်းငံ့ထားဖို့ အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ တကယ်လို့ နောက်တာဝန်ယူမယ့် အစိုးရအဖွဲ့အနေနဲ့ သိသင့်တာ၊ အကြံပြုချင်တာရှိရင် တာဝန်လွှဲပြောင်းမှု အထောက်အကူပြုအဖွဲ့ချင်း ညှိနှိုင်းမေးမြန်းလို့ရပါတယ်။ နောက်ပြီး ဒေါ်ခင်စန်းလှိုင်အဆိုမှာ အဖြစ်မှန်ကို မသိဘဲ စွပ်စွဲထားတာတွေပါဝင်နေတယ်လို့ သိရပါတယ်။ ဥပမာ 2600 MHz လှိုင်းနှုန်းကိစ္စဆိုရင် Red Link ကုမ္ပဏီနဲ့ ရတနာပုံတယ်လီပို့က ၂၀၀၉ ခုနှစ်ကတည်းက အဲဒီလှိုင်းနှုန်းကို စီးပွားရေးအတွက် အခမဲ့သုံးနေတာဖြစ်တဲ့အတွက် နိုင်ငံတော်အတွက် နစ်နာမှုမရှိအောင် လေလံပစ်ရတာဖြစ်ပါတယ်။ ပြီးရင် အခမဲ့သုံးထားတဲ့ နှစ်တွေအတွက် ငွေကြေးပြန်လည်တောင်းခံဖို့လည်းရှိပါတယ်။

အစိုးရအဖွဲ့ဝင်တွေအနေနဲ့ လွှတ်တော်မှာ သွားရောက်ရှင်းပြတာ မလုပ်ပေမယ့် ဒေါ်ခင်စန်းလှိုင်အဆိုမှာပါတဲ့ ဆွေးနွေးချက်တွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပြည်သူတွေကို ပြန်လည် ရှင်းလင်းတင်ပြသွားမှာပါ”ဟု ဖြေကြားခဲ့သည်။

**(သတင်းအဖွဲ့)**



❖ *ရှေ့ဖုံးမှ*

ဆောင်ရွက်ရမည့် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

“ကာကွယ်ဖို့အတွက် နည်းလမ်းတွေရှိတယ်။ ငါးကန်ပေါင်တွေပေါ်မှာ အရိပ်ရသစ်ပင်တွေ စိုက်ဖို့လိုတယ်၊ အချိန်မမီလို့ မစိုက်နိုင်ရင် ဗေဒါလိုဟာမျိုး၊ ရေမှော်လိုဟာမျိုး ငါးကန်ထဲထည့်ထားမယ်ဆိုရင် ရေခန်းခြောက်တာကို ကာကွယ်နိုင်တယ်။ အပူကြောင့် ငါးတွေသေမှာကိုလည်း ကာကွယ်နိုင်တယ်။ တခြားဒေသနဲ့ သင့်လျော်တဲ့ နည်းတွေလည်းရှိပါတယ်” ဟု ဒေါက်တာမြင့်စိန်က ပြောသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအသင်းက အယ်နီညိုရာသီဥတုကြောင့် ငါးလုပ်ငန်းများ ထိခိုက်လာနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေကို ၂၀၁၅ ခုနှစ်အတွင်း ပြည်ပငါးတင်ပို့မှု အမေရိကန်ဒေါ်လာ ၈၆ သန်းရှိခဲ့ရာ ယခုနှစ်တွင် ပြည့်မီရန် စိုးရိမ်နေရသည့် အနေအထားရှိနေကြောင်း သိရသည်။

မအူပင်မြို့နယ်အတွင်းရှိ Grand Wynn Group ငါးမွေးမြူရေးလုပ်ငန်းမှအထွေထွေမန်နေဂျာ ဦးအောင်မြင့်ကြီးက “အယ်နီညိုကြောင့် အပူချိန်မြင့်မားပြီး ရေကန်တွေ ရေခန်းခြောက်နိုင်သလို မိုးများပြီး မြစ်ရေကြီးမှုတွေ ဖြစ်လာနိုင်တဲ့အတွက် ကျွန်တော့် ငါးကန်မှာတော့ ကန်အပိုတွေမှာ ရေတွေသိုလှောင်ထားတယ်။ မိုးကြီးရင်လည်း ငါးတွေလျှံကျမသွားအောင် ဇာတွေနဲ့ကာထားတယ်။ ကြိုတင်ပြင်ဆင်မှုတွေတော့ လုပ်ထားတယ်”ဟု ပြောသည်။

၂၀၁၆ ခုနှစ် နွေရာသီကာလများဖြစ်သည့် မတ်၊ ဧပြီနှင့် မေလများတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုများကြောင့် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ နွေရာသီတွင် အပူချိန်မြင့်မားခြင်းစသည့် ရာသီဥတုအခြေအနေများ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ပူပြင်းခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းနှင့် အပူကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ကြုံတွေ့နိုင်ပြီး စိုက်ပျိုးရေရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေးနှင့် ခရီးသွားလုပ်ငန်းများတွင် သက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနကလည်း ကြေညာချက်များ ထုတ်ပြန်ထားသည်။

၂၀၁၅ ခုနှစ်အတွင်းကလည်း သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငါးမွေးမြူရေးကန် ဧကသုံးသောင်းနှင့် ပုစွန်မွေးမြူရေးကန် ဧကငါးသောင်းခန့် ရေကြီးနစ်မြုပ်မှုများ ကြုံတွေ့ခဲ့ရကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

### နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

■ *ရှေ့ဖုံးမှ*

ပြန်လည်ကျဆင်းခဲ့ပြီ ဖြစ်သည်။ အဆိုပါ ဧရာဝတီမြစ်ရေသည် ကသာမြို့၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်မြင့်တက်ခဲ့ရာ ယင်းနေ့ ညနေတွင် တိုင်းတာချက်အရ ၅ ဒသမ ၅ ပေခန့် မြင့်တက်ခဲ့ကြောင်း သိရသည်။

“ကသာမြို့မှာ ဧရာဝတီမြစ်ရေ မြင့်တက်လာတဲ့အတွက် မြစ်ကမ်းနံဘေး နေအိမ်တွေ ထိခိုက်တာမျိုးတော့ မရှိသေးဘူး။ ငါးအင်းပိတ်တန်းတွေ ပျက်စီးသွားတာတော့ ရှိတယ်။ ဆက်လက်ပြီးတော့လည်း မြစ်ကမ်းနံဘေး နုန်းတင်မြေနုကျွန်းတွေပေါ်မှာ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ၊ ဖရဲခင်းတွေ ထိခိုက်ပျက်စီးမှုတွေ ရှိလာနိုင်ပါတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။

နောက်နှစ်ရက်အတွင်း ကသာမြို့နယ်၌ ငါးပေမှ ရှစ်ပေခန့်အထိ မြင့်တက်နိုင်ကြောင်း ခန့်မှန်းပြောဆိုလျက်ရှိသည်။ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြစ်ကြောင်းအတွင်း သွားလာနေသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများ ဂရုပြုသွားလာကြရန်နှင့် မြစ်ရေနည်းပါးချိန် မြေနုကျွန်းများပေါ်၌ စိုက်ပျိုးလုပ်ကိုင် နေထိုင်သူများ၊ အနိမ့်ပိုင်းဒေသ၌ နေထိုင်ကြသူများအား မြစ်ရေ ရုတ်တရက်တိုးလာနိုင်မှုကို သတိထားဂရုပြု၍ ကုန်းမြင့်ရာသို့ ရွှေ့ပြောင်းနေထိုင်သင့်ကြောင်း ကသာမြို့နယ်ရှိ တာဝန်ရှိသူများက လိုက်လံသတိပေးကြေညာလျက်ရှိကြောင်း သိရသည်။

**ဖိုးနိုင်(ကသာ)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော်နှင့် ဩစတြေးလျ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **(ယာပုံ)** အမျိုးသားလွှတ်တော်နှင့် ဩစတြေးလျ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်းကို အတည်ပြုဆောင်ရွက်ကြသည်။




အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **မြန်မာ-ဩစတြေးလျ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာတို့ဖြင့် လည်းကောင်း၊ **မြန်မာ-ကိုရီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်သီဟ၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းတို့ဖြင့်လည်းကောင်း၊ **မြန်မာ-မလေးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ သန်းဝင်း၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်တို့ဖြင့် လည်းကောင်း၊ **မြန်မာ-ဖိလစ်ပိုင် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ ဌေးကြွယ်၊ အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်တို့ဖြင့် လည်းကောင်း ၁၀ ဦးစီဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့အတူ **မြန်မာ-အင်ဒိုနီးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာ ဦးဝင်းမြတ်အေး၊ အတွင်းရေးမှူးအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်တို့ဖြင့် လည်းကောင်း၊ **မြန်မာ-တရုတ်လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာ မြသောင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀) မှ ဒေါ်နော်လှလှစိုးတို့ဖြင့် လည်းကောင်း ၁၁ ဦးစီဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၂ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

| စဉ် | ဌာန | အကြောင်းအရာ | ဆိုင်းငံ့သည့်ရက်စွဲ |
|---|---|---|---|
| ၄၆။ | ပုဂ္ဂလိကပိုင် | ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၅၂-က)၊ ကျောက်ဖျာဒိုးအရှေ့ကွင်း၊ ဦးပိုင်အမှတ်(N-၂၁)၊ မြေ(၃ ဒသမ ၅)ဧကအား ကျေးရွာပိုင်အဖြစ် ထားရှိရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၄၇။ | ပုဂ္ဂလိကပိုင် | ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လောက်ကိုင်မြို့ အမှတ် (၃) ရပ်ကွက်ရှိ အကွက်အမှတ် (၁၄)၊ အကွက်အမည် စွမ်းဖုန်ချိန် (၁)၊ ဦးပိုင်အမှတ် (၇၃)၊ မြေ (၁ ဒသမ ၆၈) ဧကရှိမြေနှင့်အဆောက်အအုံနေရာအား ဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲခွင့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၄၈။ | ပုဂ္ဂလိကပိုင် | ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်သို့ အပ်နှံထားသော ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းနှင့် ပြည်လမ်းထောင့်ရှိ မြေ ၁၈ ဧကအား ကျန်းမာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းခွင့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၄၉ ။ | ပုဂ္ဂလိကပိုင် | ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်သို့ အပ်နှံထားသော ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ပိတောက်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ (ငါးအရောင်းဆိုင်) မြေနှင့်အဆောက်အအုံအား စီးပွား/ကူးသန်းဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းခွင့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၀ ။ | ပုဂ္ဂလိကပိုင် | အကျိုးတူအိမ်ရာစီမံကိန်းများမှ ကုမ္ပဏီများသို့ ရောင်းချခဲ့သည်များအနက် မဝယ်ယူတော့ဘဲ ပြန်လည်အပ်နှံလာသည့် တိုက်ခန်းများကို ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရောင်းချရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၁။ | ပုဂ္ဂလိကပိုင် | ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူပိုင်သိမ်း အခန်း(၂)ခန်းဖြစ်သော အမှတ် (၁၆၃) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်ရှိ မြေညီထပ်တိုက်ခန်းနှင့် အမှတ်(၁၆၉) ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ မြေညီထပ်တိုက်ခန်းတို့အား အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချမည့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၂ ။ | ပုဂ္ဂလိကပိုင် | သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ မြေ (၁ ဒသမ ၄၇၅)ဧကရှိ ယခင်အမှတ် (၂) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၃)၊ ကုန်ထုတ်ဌာနခွဲ (၂)အား အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချမည့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၃။ | ပုဂ္ဂလိကပိုင် | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ ကုန်းပေါ်တန်းလမ်း၊ အမှတ် (၁၉၅)ရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနပိုင် အဆောက်အအုံနှင့် မြေနေရာအား လေလံတင်ရောင်းချနိုင်ရေး တန်ဖိုးတွက်ချက်ရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၄။ | ပုဂ္ဂလိကပိုင် | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၁၇)ခုတွင် အတိုင်းအတာ ကွဲလွဲမှုမရှိခြင်း၊ ပိုင်ဆိုင်မှုရှင်းလင်းခြင်းနှင့် ကျူးကျော်အဆောက်အအုံ နေထိုင်သူမရှိခြင်းတို့ကြောင့် ရှင်းလင်းမှုရှိသည့်လုပ်ငန်း(၁၃)ခုအား တန်ဖိုးတွက်ချက်ရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၅ ။ | ပုဂ္ဂလိကပိုင် | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၁၇)ခုတွင် ပိုင်ဆိုင်မှုမရှင်းလင်းခြင်း၊ ကျူးကျော်အဆောက်အအုံ၊ နေထိုင်သူများရှိခြင်းတို့ကြောင့် ရှင်းလင်းမှုမရှိသည့် လုပ်ငန်း(၃)ခုအား စီးပွား/ကူးသန်းဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၆ ။ | ပုဂ္ဂလိကပိုင် | ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှ ရောင်းချခဲ့သည့် စွမ်းအင်ဝန်ကြီးဌာနပိုင် စက်သုံးဆီအရောင်းဆိုင်များ (မြေအပါအဝင်)ကို လွှဲပြောင်းရောင်းချခွင့်၊ အခြားနည်းအသုံးပြုခွင့်၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်၊ ရှယ်ယာထည့်ဝင်ခွင့်၊ အပေါင်ထားခွင့်ဆောင်ရွက်လိုသည့်ကိစ္စရပ်များအပေါ် မူဝါဒချ သဘောထား ချမှတ်ရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၇။ | ပုဂ္ဂလိကပိုင် | ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ အမှတ် (၁၇)သစ်စက်မြေ (၃ ဒသမ ၇၇၃)ဧကအား ပတ်ဝန်းကျင်/သစ်တောဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းခွင့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၈ ။ | ပုဂ္ဂလိကပိုင် | ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် (၉၁/၉၃)ရှိ ပြည်သူပိုင်သိမ်းတိုက်ခန်းအား မူလပိုင်ရှင်ဖြစ်သည့် ငှားရမ်းနေထိုင်သူ ဒေါက်တာဒေါ်မြမြအေးသို့ ဆက်လက်ငှားရမ်းခွင့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၉ ။ | စစ်ကိုင်း | ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်၊ မြို့ပြလမ်းများဖြစ်သော အနော်ရထာလမ်း (၁ ဒသမ ၁၆၇) ဖာလုံ၊ တပင်ရွှေထီးလမ်း (၂ ဒသမ ၇၄)ဖာလုံနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း (၇ ဒသမ ၂၈၇) ဖာလုံတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၃-၂-၂၀၁၆ |
| ၆၀ ။ | စစ်ကိုင်း | အိုင်းယား-ထန်းတော ကုန်းလမ်း(၁)မိုင် (၆)ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၃-၂-၂၀၁၆ |
| ၆၁ ။ | စစ်ကိုင်း | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ရန် တင်ပြသည့်ကိစ္စ | ၃-၂-၂၀၁၆ |
| ၆၂ ။ | ပဲခူး | ပဲခူးမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း နယ်မြေ(၁)၊ ရပ်ကွက်(၉)ရှိ မြေဧက (၂၆၉ ဒသမ ၄၅)တွင် ဟံသာဝတီ အဆင့်မြင့်အိမ်ရာစီမံကိန်း လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၆၃ ။ | ပဲခူး | အင်းတကော်မြို့ရှိ မြေဧက(၂၅၀၀)တွင် ဟံသာဝတီ စက်မှုဥယျာဉ်စီမံကိန်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၆၄ ။ | မွန် | ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အတ္ထရံမြစ်မှ မြစ်ရေကိုသန့်စင်၍ ဖြန့်ဝေခြင်းလုပ်ငန်းကို BOT စနစ်ဖြင့်ဆောင်ရွက်မည့်အခြေအနေ တင်ပြသည့်ကိစ္စ | ၇-၁-၂၀၁၆ |
| ၆၅ ။ | မွန် | မုဒုံမြို့နယ် အဝေးပြေးဂိတ် ယာဉ်ရပ်နားစခန်း တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေတင်ပြခြင်းကိစ္စ | ၂၇-၁-၂၀၁၆ |
| ၆၆ ။ | ရန်ကုန် | အဆင့်မြင့်လက်ကားဈေး (တည်းကုန်း)ဖွင့်လှစ်ရန် မြေနေရာ လွှဲပြောင်းရယူနိုင်ရေး တင်ပြသည့်ကိစ္စ | ၂၇-၁-၂၀၁၆ |
| ၆၇ ။ | ရှမ်း | လွိုင်လင်မြို့ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် ပူးပေါင်းဖွင့်လှစ်မည့်ကိစ္စ | ၂၇-၁-၂၀၁၆ |
| ၆၈ ။ | ဧရာဝတီ | ဒန်ဆန်းအပြည်ပြည်ဆိုင်ရာ ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်း၊ ရန်ကုန်-ဒန်ဆန်း အဝေးပြေးလမ်းတည်ဆောက်ခြင်းစီမံကိန်းနှင့် ဒန်ဆန်း 1000 MW (LNG) Terminal Power Plant စီမံကိန်းများအတွက် Proposal တင်ပြသည့်ကိစ္စ | ၂၃-၂-၂၀၁၆ |

**(သတင်းစဉ်)**

# ဆေးရုံဆောက်မယ့်မြေကို နိုင်ငံခြားဖက်စပ်ကုမ္ပဏီအား အပြီးပေးလိုက်တာမဟုတ်ပါဘူး။ နှစ် ၅၀ ငှားရမ်းတာဖြစ်ပါတယ်

## ဦးအောင်နိုင်ဦး-ညွှန်ကြားရေးမှူးချုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

**ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးတည်ရှိရာ သိင်္ဂုတ္တရကုန်းတော် ရေရှည်တည်တံ့ရေးအတွက် ရပ်ဆိုင်းခဲ့သည့် ဒဂုံစီးတီးစီမံကိန်းမှ အစိတ်အပိုင်းအချို့အား ကမ္ဘာအေးဘုရားလမ်းရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပိုင်မြေကွက်၌ အစားထိုးပေးပြီး စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။**

ထို့အပြင် ရန်ကုန်မြို့တော်တွင် တိုးတက်များပြားလာသော လူဦးရေအပေါ် လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်နှင့် ထိုသို့စောင့်ရှောက်မှုပေးရာတွင် ခေတ်မီအစွမ်းထက်သော နည်းပညာအဆင့်အတန်းမြင့်ဆေးရုံကြီးများပေါ်ထွန်းလာစေရေးအတွက် ရန်ကုန်ဆေးရုံကြီးအနီးရှိ မြေနေရာအား ကျန်းမာရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကကဏ္ဍသို့ ငှားရမ်းပေးခဲ့သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးအား မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

**မေး။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ဘယ်လိုစိစစ်ဆောင်ရွက်မှုတွေ လုပ်ကိုင်ဆောင်ရွက်နေတယ်ဆိုတာဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ **MIC** ရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည့်စုံတဲ့အဆိုပြုလွှာကို တင်ပြလာရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၀/ခ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၁၈/ဂ အရ ရက်ပေါင်း ၉၀ အတွင်း လိုအပ်တဲ့စိစစ်မှုတွေပြုလုပ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးရပါတယ်။

**မေး။ ဒဂုံစီးတီးစီမံကိန်းနဲ့ပတ်သက်လို့ စိစစ်ဆောင်ရွက်ခဲ့မှု၊ စီမံကိန်းရပ်ဆိုင်းခဲ့မှု၊ အစားထိုးမြေနေရာ ချထားပေးမှုတွေကို သိချင်ပါတယ်။**

ဖြေ။ ဒဂုံစီးတီးစီမံကိန်းနဲ့ပတ်သက်ပြီး **Marga Land Mart** က ပြန်လည်တင်ပြထားတဲ့ အဆိုပြုလွှာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလဆန်းမှာတင်ပြခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက်မှာ တစ်လခွဲအချိန်ယူစိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါတယ်။

ခွင့်ပြုမိန့်ထုတ်ပေးတာနဲ့ပတ်သက်ပြီး ဒဂုံစီးတီးပရောဂျက်က ကုမ္ပဏီလေးခုလုပ်တဲ့ စီမံကိန်းဖြစ်တယ်။ အရင်ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းရယ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နေရာဟောင်းတွေမှာ ကာကွယ်ရေးဝန်ကြီးဌာနက အသုံးမလိုလို့ ပိုနေတဲ့မြေနေရာတွေကို ရန်ကုန်မြို့ပြရဲ့ စည်ပင် သာယာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာ အထောက်အကူပြုဖို့ ကာကွယ်ရေးဝန်ကြီးဌာနက ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို တင်ဒါခေါ်ယူပြီး ချထားပေးခဲ့တာဖြစ်ပါတယ်။

ချထားပေးပြီးမှ လုပ်ထုံးလုပ်နည်းနဲ့အညီ အဆိုပြုလွှာကို ကာကွယ်ရေးဝန်ကြီးဌာနကတစ်ဆင့် **MIC** ကို တင်ပြခဲ့ရာမှာ **MIC** က လိုအပ်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်ပြီး ၂၀၁၃ ခုနှစ် ဩဂုတ်လထဲမှာ ကုမ္ပဏီနှစ်ခုကိုစပြီး ခွင့်ပြုမိန့်ထုတ်ပေးတယ်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလနဲ့ မတ်လထဲမှာ ကျန်ကုမ္ပဏီနှစ်ခု စုစုပေါင်းကုမ္ပဏီလေးခုကို ခွင့်ပြုမိန့်ထုတ်ပေးခဲ့တယ်။ ဒီလိုထုတ်ပေးခဲ့ပြီး လုပ်ငန်းတွေစနေတဲ့အချိန်မှာ တချို့သော ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက ဒီတည်ဆောက်ရေးလုပ်ငန်းတွေကြောင့် ရွှေတိဂုံဘုရားမှာရှိတဲ့ အခြားသာသနိကအဆောက်အအုံတွေ ထိခိုက်စေနိုင်တယ်ဆိုတဲ့ စိုးရိမ်ပူပန်မှုတွေကို သမ္မတကြီးထံ စာရေးသတင်းပို့တာကြောင့် သမ္မတကြီးအနေနဲ့ အများပြည်သူရဲ့ဆန္ဒနဲ့အညီ ရွှေတိဂုံဘုရားကြီးရဲ့ သာသနိကအဆောက်အအုံတွေ မထိခိုက်စေလိုတာကြောင့် ပြန်လည်သုံးသပ်ပြီး ၂၀၁၅ ဇူလိုင်လ ၇ ရက်နေ့မှာ ဒီစီမံကိန်းကို ရပ်တန့်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်တွေထုတ်ပြန်ပြီး ရပ်တန့်ခဲ့တာဖြစ်ပါတယ်။

**မေး။ အခုလို စီမံကိန်းကို ရပ်တန့်လိုက်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေ အခက်အခဲဖြစ်ပေါ်တာနဲ့ပတ်သက်ပြီး ဘယ်လိုမနစ်နာအောင် ဆောင်ရွက်ပေးခဲ့သလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ဒီအထဲမှာ ရင်းနှီးမြှုပ်နှံမှုတွေတော်တော်များများ စထားတာကြောင့် သူတို့မှာ အခက်အခဲတွေပေါ်လာတယ်။ နိုင်ငံတော်အစိုးရကလည်း ရပ်တန့်တဲ့အကြောင်း အမိန့်ထုတ်ပြန်ကြေညာချက်မှာ ထည့်သွင်းဖော်ပြထားတာက စီမံကိန်းတွေ ရပ်ဆိုင်းလိုက်တာကြောင့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်တွေ မနစ်နာအောင် နိုင်ငံတော်အနေနဲ့လိုအပ်တဲ့ ဆောင်ရွက်မှုတွေ ဆက်လက်ဆောင်ရွက်ပေးမယ်ဆိုပြီး ကြေညာခဲ့ပါတယ်။ ဒါကလည်း အရေးကြီးပါတယ်။

တိုင်းပြည်က ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်နေတဲ့အချိန်မှာ ဒီလိုလုပ်ငန်းကြီး ခွင့်ပြုပြီးမှ ရပ်တန့်လိုက်တာကြောင့် တိုင်းပြည်ရဲ့ရင်းနှီးမြှုပ်နှံမှုပုံရိပ်ကို မထိခိုက်အောင် တကယ့်ရင်းနှီးမြှုပ်နှံသူတွေ နစ်နာမှုရှိလာတဲ့အခါ နောက်ဆက်တွဲဖြစ်စဉ်တွေ ရှိလာနိုင်တယ်။

ဒါတွေလည်းမဖြစ်အောင် ကော်မရှင်အနေနဲ့ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ကာကွယ်ရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေ၊ ရင်းနှီးမြှုပ်နှံသူတွေ ဥပဒေကြောင်းအရ အကြံပေးနိုင်တဲ့ ရှေ့နေချုပ်ရုံးက တာဝန်ရှိသူတွေကို ဖိတ်ကြားကာ အစည်းအဝေးတစ်ရပ်ထိုင်ပြီး “နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ဒီစီမံကိန်းကို ရပ်လိုက်တယ်။ ဆက်လုပ်ဖို့ မဖြစ်နိုင်တာကြောင့် မနစ်နာအောင် စဉ်းစားဆောင်ရွက်ပေးမယ်ဆိုပြီး” ညှိနှိုင်းခဲ့ပါတယ်။

ဒီအစည်းအဝေးမှာတွေ့တာက လုပ်ငန်းရှင်တော်တော်များများက သူတို့ရဲ့ အဆောက်အအုံနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာမယ့် ရုံးခန်း၊ ဆိုင်ခန်းတွေကို တချို့ မြန်မာနိုင်ငံသားတော်တော်များများက ဝယ်ပြီးနေပြီ။ စီမံကိန်းရပ်လိုက်ရင် လုပ်ငန်းရှင်တွေပဲ နစ်နာမှာမဟုတ်ဘဲ ကြိုဝယ်ထားတဲ့ နိုင်ငံသားတွေလည်း နစ်နာမှုတွေ ရှိလာနိုင်တာတွေ့ရတယ်။ ဒါကို ချင့်ချိန်ပြီးတဲ့အခါ သူတို့မနစ်နာအောင် နိုင်ငံတော်အစိုးရကလည်း သင့်တော်တဲ့မြေနေရာမှာ မြေအစားပြန်ရှာပေးပါဆိုပြီး မေတ္တာရပ်ခံခဲ့တာကြောင့် နေရာပြန်ချပေးနိုင်ဖို့ **MIC** ဥက္ကဋ္ဌဦးဆောင်ပြီး ရန်ကုန်မှာ မြေလွတ်၊ မြေရိုင်း ရှိသလား။ ဒီမြေလွတ်၊ မြေရိုင်းတွေက နိုင်ငံတော်က ဆက်လုပ်မယ့်

စီမံကိန်းတွေနဲ့လွတ်ရဲ့လား။ သက်ဆိုင်ရာမြေပိုင်ရှင်ဝန်ကြီးဌာနကရော ပေးနိုင်ရဲ့လားစသဖြင့် အချိန်ယူစိစစ်ခဲ့သလို တစ်ဖက်လုပ်ငန်းရှင်တွေ အဆိုပြုတဲ့နေရာတွေလည်း ရှိတယ်။ ဒါတွေကို ပေးနိုင်၊ မပေးနိုင် စိစစ်ပြီးတော့

> **“အဓိကအားဖြင့် တိုင်းပြည်မှာ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပြီး မြှင့်တင်တဲ့အခါ နိုင်ငံတကာအဆင့်မီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ရောက်ရှိလာဖို့ လိုအပ်တယ်”**

ခွင့်ပြု ပေးတာဖြစ်ပါတယ်။

အစိုးရအနေနဲ့ အများပြည်သူရဲ့လိုလားချက်ကို လိုက်နာသောအားဖြင့် စီမံကိန်းတွေကို ရပ်နားလိုက်တယ်။ ဖြစ်နိုင်မယ့် နောက်ဆက်တွဲတွေကို ပြီးပြတ်အောင် ရှင်းနိုင်ဖို့ အဆင့်ဆင့် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီလေးခုဖြစ်တဲ့ **Adventure Myanmar/ Marga Land Mart**၊ ရွှေတောင်အုပ်စု၊ သုခရတနာတို့ကို မြေနေရာပြန်ပေးဖို့ လျာထားခဲ့ပါတယ်။

လောလောဆယ် အစောဆုံး အဆိုပြုလွှာတင်တဲ့ **Marga Land Mart** ကို ကမ္ဘာအေးဘုရားလမ်းနဲ့ သစ္စာလမ်းထောင့်မှာရှိတဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြေနေရာကို စိစစ်ပြီး ခွင့်ပြုခဲ့ပါတယ်။

ကျန်တဲ့ကုမ္ပဏီသုံးခုကတော့ **MIC** ကို အဆိုပြုလွှာတင်ထားဆဲဖြစ်တယ်။ စိစစ်ဆဲ ခွင့်ပြုနိုင်တဲ့ အဆင့်မရောက်သေးပါဘူး။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ မြေဧက ၃၃ ဧက ကျော်ရှိတဲ့အထဲမှ ၁၇ ဒသမ ၇ ဧကကျော်ကျော်ကို ပြန်ပေးတယ်။ မြေပေးရုံသက်သက်မဟုတ်ဘူး။ ဝန်ကြီးဌာနရဲ့အဆောက်အအုံတွေ ရွှေ့ပေးလိုက်ရတာကြောင့် စတုရန်းမီတာ နှစ်သောင်းရှိတဲ့ အဆောက်အအုံကို စရိတ်ငြိမ်း ပြန်ဆောက်ပေးရမယ်။ လိုအပ်တဲ့ ဓာတ်ခွဲခန်းသုတေသနစင်တာတွေ ထည့်ပေးရမယ်။ ဒါတွေကို လုပ်ငန်းရှင်ဘက်က သဘောတူပြီးမှ ပေးလိုက်တာဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ သူတို့ပေးနိုင်တဲ့ ပမာဏကို ဖွဲ့ပြီး ပေးတာဖြစ်တယ်။ ဒီလိုပေးပြီးတဲ့ နောက်ပိုင်း ရန်ကုန်မြို့ပြရဲ့စီမံကိန်းမှာ လိုက်လျောညီထွေမှု ဖြစ်၊ မဖြစ် တိုင်းဒေသကြီးအစိုးရနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကိုသဘောထားတွေတောင်းခံပြီး မြို့ပြစီမံကိန်းနဲ့ ဖွံ့ဖြိုးမှုစီမံကိန်းကိုက်ညီတယ်။ ဆောက်မယ့်အဆောက်အအုံနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ပညာရပ်ပိုင်းဆိုင်ရာ ဆန်းစစ်မှုတွေပြုလုပ်ပြီး လုပ်ပေးတာဖြစ်တယ်။

ခြုံပြီးပြောရရင် ဒီပရောဂျက်ရပ်ဆိုင်းခဲ့တာ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၇ ရက်ဖြစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးတာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်ဖြစ်တာကြောင့် ခုနစ်လကျော်ကျော် အချိန်ယူဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စီမံကိန်းနဲ့ပတ်သက်ပြီး နိုင်ငံတော်ရဲ့စဉ်းစားချက်က လုပ်ငန်းရှင်မနစ်နာအောင်၊ ဝယ်ယူထားတဲ့ နိုင်ငံသားမနစ်နာအောင်၊ မလိုလားအပ်တဲ့ နောက်ဆက်တွဲဖြစ်ရပ်တွေမဖြစ်အောင် စဉ်းစား စီမံဆောင်ရွက်ခဲ့တာဖြစ်တယ်။

**မေး။ ဗိုလ်ချုပ်လမ်းထောင့်နဲ့ ဘုန်းကြီးလမ်းထောင့်မှာရှိတဲ့မြေနေရာကို နိုင်ငံတကာအဆင့်မီ ဆေးရုံတည်ဆောက်ဖို့ ခွင့်ပြုပေးတာနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ခဲ့သလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ဒီလုပ်ငန်းက စင်ကာပူနိုင်ငံမှာ အခြေစိုက်တဲ့ ပတ်ခ်ဝေးဆေးရုံအုပ်စုနဲ့ မြန်မာနိုင်ငံသားတွေပေါင်းပြီး ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်တယ်။ မြေဧက ၄ ဒသမ ၄ ဧကရှိပြီး နိုင်ငံခြားသားက ၆၇ ဒသမ ၅ ရာခိုင်နှုန်း၊ မြန်မာက ၃၂ဒသမ၅ ရာခိုင်နှုန်း ထည့်ဝင်ဖက်စပ်ထူထောင်ပြီး **MIC** ကို ရင်းနှီးမြှုပ်နှံမှုအတွက် အဆိုပြုတင်ပြတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်လောက်မှာတင်ခဲ့တာဖြစ်ပါတယ်။ **MIC** က စတင်စိစစ်မှုလုပ်ခဲ့တာက ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်မှာစပြီးတော့ အကြံပြုချက်ကိုစတင်ပြီး စိစစ်ခဲ့တယ်။

အကြံပြုလွှာတင်ဒါကတော့ ကျန်းမာရေးဝန်ကြီးဌာနကတစ်ဆင့် တင်ပြခဲ့တာဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းအရ အကြံပြုချက်တစ်ခုကို လက်ခံရရှိပြီဆိုရင် လိုအပ်တဲ့စိစစ်မှုတွေ ဆောင်ရွက်ရပါတယ်။ ဥပဒေအရ ကန့်သတ်သတ်မှတ်ထားတဲ့အချက်တွေ ပြည့်စုံမှု ရှိ မရှိ၊ နောက်တစ်ခုက သက်ဆိုင်ရာဝန်ကြီးဌာနရဲ့သဘောထား၊ နောက်သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့သဘောတူညီမှု၊ နောက်ဆောက်လုပ်မယ့်အဆောက်အအုံနဲ့ပတ်သက်ပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆန်းစစ်မှုကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ဆန်းစစ်တယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့စပ်လျဉ်းပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနကလည်း လိုအပ်တဲ့ ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ချက်တွေလုပ်ပြီးတော့ အားလုံးပြည့်စုံတဲ့အခါ **MIC** ကိုတင်ပြရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာပဲ ခွင့်ပြုမိန့်ထုတ်ပေးလိုက်ပါတယ်။ ဒါကတော့ စိစစ်ချက်နဲ့ဆောင်ရွက်ချက်အနေအထားဖြစ်တယ်။

နောက်တစ်ချက် ပိုပြီးပြည့်စုံအောင်တင်ပြချင်တာကတော့ အခုဆောက်လုပ်မယ့်နေရာမှာ ခွင့်ပြုမိန့်ထုတ်ပေးပြီးနောက်ပိုင်း မီဒီယာတချို့က ရေးသားဖော်ပြထားတာတွေ့ရတယ်။

ဒီမှာ အယူအဆလွဲနိုင်တာတစ်ခုက ဒီဆေးရုံဆောက်မယ့်မြေကို နိုင်ငံခြားဖက်စပ်ကုမ္ပဏီအား အပြီးပေးလိုက်တာမဟုတ်ပါဘူး။ နှစ် ၅၀ ငှားရမ်းတာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ မြေကို အသုံးချခွင့်အတွက် တစ်ဧကကို သူတို့ထံက အမေရိကန်ဒေါ်လာ နှစ်သန်းနှုန်းသွင်းရတဲ့အတွက် စုစုပေါင်း ၄ ဒသမ ၄ ဧက ဆိုတဲ့အတွက် ရှစ်သန်းကျော် သွင်းရပါတယ်။

နောက်နှစ်စဉ်လည်း နိုင်ငံတော်က ငှားရမ်းခတွေရတယ်။ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ငါးသိန်းလေးသောင်းလောက် အဆောက်အအုံရဲ့ကြမ်းခင်းဧရိယာကို မူတည်ပြီးတော့ တစ်စတုရန်းမီတာကို ၁၈ ဒေါ်လာနှုန်းနဲ့တွက်ယူတာဖြစ်ပါတယ်။ အကယ်၍ ဒီအဆောက်အအုံကို ထပ်ပြီး ချဲ့ခဲ့မယ်ဆိုရင်လည်း ထပ်ပြီးရမှာဖြစ်ပါတယ်။

နှစ် ၅၀ ပြည့်သွားရင် နိုင်ငံတော်လက်ထဲကို အဆောက်အအုံ ပြန်ရောက်လာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အပြီးပေးလိုက်တာမဟုတ်ပါဘူး။ ဒါကို အယူအဆလွဲမှာစိုးလို့ ရှင်းပြတာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ဘက်စုံထောင့်စုံကနေစဉ်းစားတဲ့အခါ အဓိကအားဖြင့် တိုင်းပြည်မှာ ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်ပြီး မြှင့်တင်တဲ့အခါ နိုင်ငံတကာအဆင့်မီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ရောက်ရှိလာဖို့ လိုအပ်တယ်။ ကျန်းမာရေးကဏ္ဍကိုအဆင့်မြှင့်ဖို့ **MIC** ကို အစိုးရကညွှန်ကြားထားတယ်။ ဒါ့ကြောင့် **MIC** အနေနဲ့ ဒါကိုအကြံပြုချက်တွေ တောက်လျှောက်ဆောင်ရွက်နေတာပါ။

ဥပမာအားဖြင့် ပန်းလှိုင်ဆေးရုံဆိုရင် အင်ဒိုနီးရှားနိုင်ငံက ၄၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံက ၆၀ ရာခိုင်နှုန်း ဆေးရုံဆောက်ခွင့်ပြုခဲ့တယ်။ နောက်ထိုင်းနိုင်ငံနဲ့ ပူးပေါင်းပြီး နိုင်ငံခြားက ၈၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံက ၂၀ ရာခိုင်နှုန်း ဆေးခန်းတစ်ခုဖွင့်ဖို့ ဆက်ပြီးခွင့်ပြုခဲ့ပါတယ်။

ဆက်ပြီးတော့လည်း ကျန်းမာရေးကဏ္ဍမှာ နိုင်ငံတကာအဆင့်မီ ကဏ္ဍဖြစ်အောင် စိစစ်ခွင့်ပြုသွားဖို့ရှိပါတယ်။ အဓိကကတော့ နိုင်ငံအတွင်းမှာ နိုင်ငံတကာအဆင့်မီကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ရောက်ရှိလာဖို့ပါ။

ဒုတိယအချက်ကတော့ တိုင်းပြည်က နိုင်ငံသားတော်တော်များများက ဆေးဝါးကုသခံယူဖို့၊ ဆေးစစ်ဖို့၊ ကျန်းမာရေးစစ်ဆေးဖို့တွေကို ပြုလုပ်ဖို့ ပြည်ပကိုသွားနေတဲ့ အရေအတွက်က တစ်နှစ်ထက်တစ်နှစ် များလာတယ်။ ပြည်တွင်းမှာ အလားတူစောင့်ရှောက်မှုပေးနိုင်တဲ့၊ ကုသမှု

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*



ဦးအောင်နိုင်ဦး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး

*✻ ကျော်ဖုံးမှ*

ဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီအစိုးရလက်ထက် တစ်လျှောက် အပြောင်းအလဲများစွာကို လျင်မြန်စွာ ဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသောင်းတင်အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**မေး။ ဆက်သွယ်ရေးကဏ္ဍမှာ မိုဘိုင်းဖုန်းတွေ ဈေးသက်သာစွာ သုံးစွဲလာနိုင်ပါပြီ။ ဒါပေမယ့် အင်တာနက်သုံးစွဲတဲ့နေရာမှာ နှေးကွေးတာ၊ ဈေးနှုန်းမြင့်တာနဲ့ လိုအပ်တဲ့ Band Width စတာတွေမှာ အဆင်မပြေတာတွေကို တွေ့ရပါတယ်။ ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ အင်တာနက်နဲ့ ဒေတာသုံးစွဲမှု အဆင်ပြေသွားအောင် ဆောင်ရွက်မှုတွေကို ပြောပြပေးပါ။**

ဖြေ။ ပြီးခဲ့တဲ့ ငါးနှစ်ကို ခြုံကြည့်မယ်ဆိုရင် လူတိုင်းနီးပါး တယ်လီဖုန်းသုံးစွဲလာနိုင်ပါပြီ။ သို့သော် သုံးစွဲသူတိုင်းမှာ အင်တာနက်သုံးစွဲမှုက ထင်သလောက် ခရီးမပေါက်နိုင်တာလည်း အသေအချာပါပဲ။ နိုင်ငံတကာမှာ ဆက်သွယ်ရေးကဏ္ဍ မြင့်မားလာတာကိုကြည့်ရင် တယ်လီဖုန်းပြောဆိုမှု၊ အဲဒီကနေ တူးဂျီ၊ သရီးဂျီ၊ ဖိုးဂျီ စသည်ဖြင့် တစ်ဆင့်ချင်းမြင့်လာတာပါ။ ကျွန်တော်တို့နိုင်ငံမှာတော့ ဖွံ့ဖြိုးမှုကို အမီလိုက်နေရတာကြောင့် ဖုန်းခေါ်ဆိုမှုနဲ့အတူ အင်တာနက်သုံးစွဲမှုကလည်း တွဲလျက်ပါလာပါတယ်။ အခုနောက်ပိုင်းမှာ ပြည်သူတွေရဲ့ တောင်းဆိုမှုအရ ဖိုးဂျီကွန်ရက်ကို ချပြဖို့ လိုအပ်နေပါပြီ။ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနက Broadband ဒေတာသုံးစွဲမှုကို ကမ္ဘာ့ဘဏ်ရဲ့ အကူအညီနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ မူဝါဒပိုင်းဆိုင်ရာတွေမှာ ကမ္ဘာ့ဘဏ်ရဲ့ အကူအညီကိုယူခဲ့ပြီး အင်တာနက်သုံးစွဲမှုအဆင့်မြင့်လာအောင် သရီးဂျီအတွက် ဖိုက်ဘာကုမ္ပဏီတွေဟာ ပြည်တွင်း ၆၀ ကျော်နဲ့ ပြည်ပ ၃၀ ကျော်အထိ ရင်းနှီးမြှုပ်နှံထားကြသလို လာမယ့်ကာလမှာလည်း Spectrum အတွက် တင်ဒါခေါ်ယူမှုတွေပြုလုပ်ပြီး နိုင်ငံတကာနည်းဥပဒေတွေအတိုင်း အဆင့်ဆင့်လုပ်ဆောင်သွားတော့မှာဖြစ်ပါတယ်။ ဒါဆိုရင် နောင်တစ်နှစ်အတွင်းမှာ ဖိုးဂျီသုံးစွဲမှု စတင်လာနိုင်တော့မှာ ဖြစ်ပါတယ်။

**မေး။ အင်တာနက်နဲ့ ဒေတာသုံးစွဲမှုတွေ အဆင်ပြေဖို့ နိုင်ငံပိုင် ရှားပါးသယံဇာတဖြစ်တဲ့ Spectrum ဟာ အတော်အရေးကြီးတာကို တွေ့ရပါတယ်။ လက်ရှိမှာ Spectrum ကို ဘယ်လိုပုံစံနဲ့ အသုံးပြုခွင့်ပေးနေလဲ။ အော်ပရေတာတွေကို Spectrum အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနေတဲ့အပိုင်းကို ရှင်းပြပေးပါရှင့်။**

ဖြေ။ Spectrum က နိုင်ငံရဲ့ ရှားပါးသယံဇာတ ဖြစ်ပါတယ်။ ဒါကိုလည်း ကုမ္ပဏီတစ်ခုတည်းကို အပြီးပေးထားလို့မရပါဘူး။ ကျွန်တော်တို့က ၁၅ နှစ် ငှားရမ်းမှုနဲ့ သွားမယ်လို့ မူဝါဒချမှတ်ထားတာရှိပါတယ်။ ၁၅ နှစ်ပြည့်သွားရင် တင်ဒါတစ်ခေါက်ပြန်ခေါ်ပြီး အောင်မြင်သူကိုသာ ငှားရမ်းသွားမှာဖြစ်ပါတယ်။ Spectrum တွေကနေ နိုင်ငံ့ဝင်ငွေကိုလည်း တိုးတက်လာတာ သာဓကတွေရှိပါတယ်။ အော်ပရေတာတွေ ချထားပေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကို ရရှိထားတာဖြစ်ပါတယ်။

သို့သော် Spectrum ငှားရမ်းမှု ပုံစံက အလွန်အရေးကြီးပါတယ်။ တင်ဒါဈေးနှုန်းမြင့်မယ်ဆိုရင် သုံးစွဲသူပြည်သူတွေအတွက် အသုံးပြုခက များမှာဖြစ်သလို ဈေးသက်သာမယ်ဆိုရင်လည်း နိုင်ငံ့ဝင်ငွေကျဆင်းစေနိုင်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ကလည်း အတွေ့အကြုံအားနည်းသလို၊ HR ကဏ္ဍမှာလည်း အားနည်းချက်တွေရှိတာကြောင့် ကမ္ဘာ့ဘဏ်ရဲ့ အကူအညီနဲ့ အကြံပေးအဖွဲ့တွေ ရွေးချယ်ငှားရမ်းပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

အခုလက်ရှိမှာ နည်းဥပဒေပိုင်း၊ Spectrum Roadmap ရေးဆွဲမှုအပိုင်းနဲ့ ဆောင်ရွက်မှုအပိုင်းဆိုပြီး ခွဲခြားထားပါတယ်။ ပထမဆုံးကတော့ တစ်ဦးတစ်ယောက်ကို ရွေးချယ်တာမျိုးမဟုတ်ဘဲ ပွင့်လင်းမြင်သာစွာနဲ့ ရွေးချယ်သွားမယ်ဆိုတာ ပြောပြချင်ပါတယ်။

၂၀၁၄ ခုနှစ် အော်ပရေတာကုမ္ပဏီတွေ ချထားပြီးချိန်ကနေစပြီး ကမ္ဘာ့ဘဏ်ရဲ့အကူအညီနဲ့ Nordi city လုပ်ငန်းစုကို အကြံပေးအနေနဲ့ Spectrum လုပ်ကိုင်မှုဆိုင်ရာတွေအတွက် ငှားရမ်းထားပြီဖြစ်ပါတယ်။ အကြံပေးတွေရဲ့ ညွှန်ကြားမှုအတိုင်း ဥပဒေ၊ နည်းဥပဒေတွေကို အကောင်အထည်ဖော်ခဲ့ပြီး ယခုအခါ နည်းဥပဒေနဲ့ ဥပဒေတွေထွက်ရှိဖို့ ရှိပါတယ်။ ဒ့ါအပြင် Spectrum Roadmap ရေးဆွဲမှုမှာလည်း ဖေဖော်ဝါရီ ၂ရက်မှာ ဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှာတင်ထားပြီး အများပြည်သူသိရှိဝေဖန်အကြံပြုနိုင်ဖို့ တင်ပြထားပါတယ်။ လာမယ့် ဖေဖော်ဝါရီ ၂၉ ရက် နောက်ဆုံးထားပြီး အကြံပြုဝေဖန်ချက်တွေ လက်ခံပေးသွားမှာဖြစ်ပါတယ်။

Spectrum option အတွက် စိတ်ဝင်စားတဲ့ ကုမ္ပဏီတွေကိုခေါ်ပြီး ရှင်းပြပါတယ်။ ဖေဖော်ဝါရီ ၃ ရက်မှာ လိုအပ်တဲ့ မူကြမ်းတွေကို ဝန်ကြီးဌာနဝက်ဘ်ဆိုက်မှာ တင်ထားပေးပြီး သတင်းစာတွေမှာလည်း ထည့်သွင်းကြေညာထားပါတယ်။

**မေး။ ဖိုးဂျီဒေတာသုံးစွဲနိုင်ဖို့ Spectrum ဘယ်နှမျိုးရှိသလဲရှင့်။ လက်ရှိတင်ဒါခေါ်တာက 2600 MHz ကို တင်ဒါခေါ်တယ်လို့ သိရပါတယ်။ ဘာကြောင့် ၂၆၀၀ မဂ္ဂါဟက်ဇ်ကို ရွေးချယ်ရတာလဲ။**

ဖြေ။ ဖိုးဂျီမိဖို့ Spectrum သုံးနိုင်တဲ့ နိုင်ငံတကာစံနှုန်းက သုံးမျိုးရှိပါတယ်။ ၂၆၀၀၊ ၁၈၀၀ နဲ့ ၇၀၀ မဂ္ဂါဟက်ဇ်တို့ ဖြစ်ပါတယ်။ 700 MHz ဟာ Broadcasting နည်းနဲ့ ပြည်တွင်း ပြည်ပ ချိတ်ဆက်တာဖြစ်လို့ ခွင့်ပြုညှိနှိုင်းမှုတွေကို အများကြီးလုပ်ဖို့ လိုအပ်တာကြောင့် ကြာမြင့်နိုင်ပါတယ်။ 1800 MHz တွေကိုလည်း လက်ရှိချထားပေးတဲ့ မိုဘိုင်းအော်ပရေတာတွေကို အဆင့်ဆင့်တိုးမြှင့်လုပ်ဆောင်ဖို့အတွက် လျာထားတာမို့ လုပ်ဆောင်ဖို့ အဆင်မပြေတာကြောင့် 2600 MHz ကို ရွေးချယ်တာဖြစ်ပါတယ်။ **ကျွန်တော်တို့ဆီမှာ 2600 MHz ကို ၂၀၀၉ ခုနှစ်ကတည်းက ရတနာပုံနဲ့ Red Link ကုမ္ပဏီတို့ကို ချထားပေးခဲ့တာရှိပါတယ်။ သို့သော် Spectrum သုံးစွဲမှု အပိုင်းမှာ အခကြေးငွေကောက်ခံခဲ့တာ လုံးဝမရှိပါဘူး။** အခုတော့ ပွင့်လင်းမြင်သာပြီး နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ ဆောင်ရွက်တဲ့အချိန်ဖြစ်လာလို့ သုံးနေတဲ့ကုမ္ပဏီတွေကိုလည်း အများသူငါနည်းတူ တင်ဒါဝင်ရောက်ရွေးချယ်ဖို့ တိုက်တွန်းထားပါတယ်။ အဲဒီနေရာမှာ လက်ရှိသုံးနေတဲ့ သုံးစွဲသူတွေအတွက်လည်း ထည့်ပြီး စဉ်းစားထားတဲ့အပြင် တကယ်လို့သာ **Spectrum သုံးစွဲမှု လေလံကနေ သုံးစွဲခွင့် ဈေးနှုန်းတွေ ထွက်တာနဲ့ လက်ရှိ Spectrum သုံးစွဲခွင့်ရတဲ့ လုပ်ငန်းတွေဟာ ၂၀၀၉ ခုနှစ်ကတည်းက သုံးစွဲခဲ့တဲ့ သုံးစွဲခနှုန်းကို ပေးဆောင်ရမှာဖြစ်ပါတယ်။** ဒါကိုလည်း ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ညှိနှိုင်းပေးသွားမှာဖြစ်ပါတယ်။

**မေး။ လက်ရှိသုံးစွဲနေတဲ့ ကုမ္ပဏီအနေနဲ့ရော ဝင်ရောက်ယှဉ်ပြိုင်သွားမှာလား။ ပြည်သူတွေကြားမှာ အစိုးရသစ်အကူးအပြောင်းမရောက်မီ အလျင်အမြန် တင်ဒါကိစ္စ ဆောင်ရွက်နေတယ်လို့ ဝေဖန်မှုတွေထွက်ပေါ်နေတာကိုရော ဒုတိယဝန်ကြီးအနေနဲ့ ရှင်းပြပေးပါဦး။**

ဖြေ။ Spectrum လေလံတင်ဖို့ကိစ္စက အရေးတကြီးလိုအပ်နေတာအမှန်ပါပဲ။ နိုင်ငံတော်အနေနဲ့ ဝင်ငွေရမယ်။ ပြည်သူတွေလည်း ဖိုးဂျီသုံးစွဲနိုင်မယ်ဆိုရင် အကောင်းဆုံးပါ။ သို့သော် လက်ရှိအသုံးပြုနေတဲ့အတိုင်းတော့ မဟုတ်တော့ဘူး။ ပွင့်လင်းပြီး စနစ်ကျတဲ့ တင်ဒါခေါ်ယူမှုတွေ လုပ်နေပါတယ်။ ကျွန်တော်တို့ သွားနေတဲ့ လမ်းစဉ်က လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်တာပါ။ အစိုးရအကူးအပြောင်းကာလနဲ့ မသက်ဆိုင်သလို လူတစ်ဦးချင်း၊ ကုမ္ပဏီတစ်ခုချင်းရဲ့ ကိစ္စလည်းမဟုတ်ပါဘူး။ လက်ရှိ Spectrum သုံးစွဲရရှိထားသူတွေကိုလည်း ဝင်ရောက်တင်ဒါရယူနိုင်သလို သူတို့အောင်မြင်ခဲ့ရင် သူတို့ရဲ့ သုံးစွဲသူတွေအတွက် ပိုပြီးအကျိုးရှိစေမှာဖြစ်ပါတယ်။ မတ်လအတွင်းမှာပဲ Spectrum Roadmap ထွက်ရှိနိုင်သလို ၂၀၂၀ ပြည့်နှစ်မှာ National Broadcasting မဟာဗျူဟာအနေနဲ့ မိသားစုအားလုံးရဲ့ ၆၀ ရာခိုင်နှုန်းသုံးစွဲနိုင်ရေး ကုလသမဂ္ဂရည်မှန်းချက်အတိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်ကတည်းက လုပ်ဆောင်ခဲ့တာဖြစ်ပြီး Timing အရပြောရရင် ပုံမှန်အတိုင်းဖြစ်ပါတယ်။ ဖုန်းခေါ်ဆိုမှုအားလုံးနီးပါး အောင်မြင်လာတဲ့အတွက် ဒေတာအသုံးပြုမှုကို မြှင့်တင်နေတာဖြစ်ပါတယ်။ ပြောရရင် Road Map က အခုအစိုးရလက်ထက်မှာ ထွက်ပေါ်လာမှာဖြစ်ပြီး တင်ဒါခေါ်ယူမှုတွေ၊ အောင်မြင်မှုတွေနဲ့ လုပ်ဆောင်ချက်တွေက နောက်အစိုးရလက်ထက်မှာ ဖြစ်သွားမှာပါ။ ဒါကြောင့် အစိုးရအပြောင်းအလဲမတိုင်မီ အရေးတကြီးလုပ်နေတာ မဟုတ်ဘဲ လုပ်ငန်းစဉ်အတိုင်း လုပ်နေတာဖြစ်ပါတယ်။

**မေး။ ဖိုးဂျီအတွက် 2600 MHz ကို လေလံဘယ်အချိန်လောက် ပြီးစီးမလဲရှင့်။**

ဖြေ။ လုပ်ငန်းစဉ်တွေအားလုံးက ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှာ ပြီးစီးပြီး စတင်လေလံရယူနိုင်မယ်လို့ ခန့်မှန်းပါတယ်။ Spectrum ရရှိသွားပြီဆိုရင်တော့ လူတိုင်းအသုံးပြုနိုင်တဲ့ ဖိုးဂျီအင်တာနက်ကွန်ရက် ရရှိလာတော့မှာပါ။

လက်ရှိအချိန်သည် ဆက်သွယ်ရေးကဏ္ဍ၏ အောင်မြင်မှုရရှိနေသည့်အချိန်ဖြစ်ပြီး အော်ပရေတာလိုင်စင်များ ချထားပေးခဲ့ရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိစွာ ရွေးချယ်ပေးနိုင်ခဲ့သည်။ ဥပဒေ၊ နည်းဥပဒေများ ချမှတ်ခြင်းမပြုမီကပင် အများပြည်သူများ အင်တာနက်မြန်နှုန်းမြင့် ဖိုးဂျီနည်းပညာကို အသုံးပြုနိုင်ရန်အတွက် ပြည်တွင်းကုမ္ပဏီအချို့ကိုလည်း Spectrum သုံးစွဲမှု အခမဲ့ချထားကာ ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။ လာမည့်လအနည်းငယ်အတွင်းမှာပင် ပိုမိုစနစ်ကျနသည့် ဖိုးဂျီဝန်ဆောင်မှုကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်နိုင်ရန် နိုင်ငံတကာ ဆက်သွယ်ရေး ဥပဒေ၊ နည်းဥပဒေများနှင့် ပြည်တွင်းဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာကာ မူလက အခမဲ့အသုံးပြုခွင့်ပေးအပ်သည်ကို ပယ်ဖျက်ကာ Road Map များအတိုင်း အကောင်အထည်ဖော်ပြီး တင်ဒါခေါ်ဆိုခြင်းမှသည် ပွင့်လင်းမြင်သာသော ဆက်သွယ်ရေးကဏ္ဍသစ်ကို ဖွင့်လှစ်၍ ဝန်ဆောင်မှုကောင်းများ ပေးအပ်နိုင်တော့မည်ဖြစ်ပါကြောင်း။

---

*စာမျက်နှာ ၉ မှ*

ပေးနိုင်တဲ့ ဆေးရုံရောက်လာရင် နိုင်ငံခြားကိုရောက်သွားတဲ့ ငွေကြေးပေါင်းများစွာ မလိုအပ်တော့ဘူးပေ့ါ။

အိုးမကွာအိမ်မကွာနဲ့ ကိုယ့်နိုင်ငံထဲမှာ ဆေးဝါးကုသမှုတွေကို ခံယူနိုင်မယ်။ နောက်ပြီး အရေးကြီးတာတစ်ခုက နိုင်ငံတကာဆေးရုံတွေလာတဲ့အခါ ကုသရေးတင်မဟုတ်ဘဲ တိုင်းပြည်မှာရှိတဲ့ ဆရာဝန်၊ သူနာပြုနဲ့ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတွေကို သင်တန်းတွေ ပို့ချပေးသွားမယ့် အစီအစဉ်တွေ ပါဝင်ပါတယ်။ ဒါဆို သူတို့အနေနဲ့ ကျွမ်းကျင်မှုတွေ ပိုရှိလာမယ်၊ ဒီလိုမျိုးတွေရှိတဲ့အတွက် နိုင်ငံခြားဆေးရုံတွေကို ခွင့်ပြုပေးတာဖြစ်ပါတယ်။

**မေး။ ပတ်ခ်ဝေးနဲ့ဆက်စပ်တဲ့ ဆေးရုံမြေနေရာကို ဘယ်လိုအဆင့်ဆင့် ရွေးချယ်ဆောင်ရွက်ခဲ့တယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ပတ်ခ်ဝေးနဲ့ ဆက်စပ်တဲ့ဆေးရုံမြေနေရာ စဉ်းစားတဲ့အခါမှာ မြေနေရာကို နိုင်ငံတော်က စီမံရွေးချယ်ခဲ့ပါတယ်။ တကယ်တမ်းတော့ ဒီမြေက မူလက ကျန်းမာရေးဝန်ကြီးဌာနက ပိုင်တဲ့မြေမဟုတ်ပါဘူး။

ပြည်ထဲရေးဝန်ကြီးဌာနကပိုင်တဲ့ မြေနေရာဖြစ်တာကြောင့် နည်းလမ်းတကျ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တွေနဲ့ ဝန်ကြီးဌာနအချင်းချင်း လွှဲပြောင်းခွင့်ပြုပေးခဲ့ပါတယ်၊ ဒီနေရာကို ရွေးချယ်တာကလည်း အနီးအနားမှာ ဂျပန်ဆေးရုံ၊ သူနာပြုတက္ကသိုလ်၊ ပုဂ္ဂလိကဆေးရုံ ဆေးခန်းတွေလည်း အနီးအနားမှာရှိတဲ့အတွက် ဆေးရုံတစ်ခုနဲ့တစ်ခု အပြန်အလှန်အထောက်အကူပေးနိုင်အောင်၊ လိုအပ်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေပေးနိုင်အောင်၊ တည်နေရာအရလည်း ကျန်းမာရေးစောင့်ရှောက်မှုကိုပေးနိုင်ပြီး သွားရလာရလွယ်ကူတာကြောင့် ရွေးချယ်ခဲ့တာပါ။

နောက်တစ်ခုက ကျန်းမာရေးဆိုင်ရာလေ့ကျင့်သင်ကြားမှုတွေ ပြုလုပ်တဲ့အခါမှာလည်း အလွယ်တကူ လာနိုင်အောင်ဆိုပြီး ဘက်စုံထောင့်စုံက အဆင်ပြေမယ့်နေရာကို အကြီးအကဲတွေက ရွေးချယ်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

ဒီအဆိုပြုမှုက ၂၀၁၅ ခု နှစ်ဦးပိုင်းလောက်ကတည်းက အဆိုပြုခဲ့တာဖြစ်ပေမယ့် မြေကိစ္စတွေဖြတ်ရတာရှိပြီး ဝန်ကြီးဌာနအချင်းချင်းလွှဲပေးရတာ၊ လွှဲပြီးနောက်ပိုင်းမှာလည်း ကျန်းမာရေးဝန်ကြီးဌာနနဲ့ ရင်းနှီးမြှုပ်နှံသူနဲ့ အသေးစိတ်ညှိနှိုင်းရတာတွေရှိတယ်။ စာချုပ်စာတမ်းတွေ ပြင်ဆင်ပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဥပဒေဆိုင်ရာ အကြံပြုချက်တွေ တောင်းခံရတယ်။ အကြံပြုချက်တွေနဲ့အညီ စာချုပ်တွေကို ပြန်ပြင်ဆင်တာ လုပ်ရတယ်။ ပြီးမှ အကြံပြုပြီးတဲ့အခါ MIC ကို တင်ပြခဲ့တယ်။

ဒီလိုမျိုးအဆင့်ဆင့်လုပ်ရတဲ့ အနေအထားဖြစ်ပါတယ်။ သူတို့တင်တာက အောက်တိုဘာလကုန် နောက်ဆုံးပတ်လောက်ဖြစ်ပါတယ်။ နှစ်လခွဲလောက် အဆင့်ဆင့်စိစစ်လိုက်ပါတယ်။ ဖေဖော်ဝါရီလမှာ ခွင့်ပြုခဲ့ပါတယ်။

အဓိကပြောရရင်တော့ MIC အနေနဲ့က ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အညီ ဘာပဲလုပ်လုပ် ဥပဒေကိုအခြေခံပြီးတော့ပဲလုပ်ပါတယ်။ MIC က ခွင့်ပြုတဲ့လုပ်ငန်းတစ်ခုဟာ ဥပဒေနဲ့ညီရမယ်၊ လုပ်ထုံးလုပ်နည်းနဲ့ ညီရမယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ သဘောထား၊ သဘောတူညီချက်၊ ကိုက်ညီချက်တွေရှိရမယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့ သဘောတူညီချက်ရှိရမယ်၊ ဒါတွေအားလုံးကို ခြုံငုံစဉ်းစားပြီးတော့မှ ဥပဒေနဲ့အညီ စိစစ် ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

စိစစ်တဲ့အပိုင်းမှာလည်း တတ်နိုင်သမျှလုပ်ငန်းတွေမြန်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ရက် ၉၀ အတွင်း ခွင့်ပြုမိန့်တစ်စောင်ကို ထုတ်ပေးရမယ်ဆိုတဲ့ ကန့်သတ်ချက်တစ်ခု ဥပဒေပြဌာန်းချက်တစ်ခု ရှိပါတယ်။ တစ်ဖက်ကလည်း လုပ်ငန်းတစ်ခုက မြန်မြန်ခွင့်ပြုပေးနိုင်လေလေ၊ တိုင်းပြည်မှာ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုမြန်မြန်ရောက်ရှိလာလေဖြစ်တယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်း ငွေကုန်သက်သာစေဖို့ MIC က ခွင့်ပြုပေးတာဖြစ်ပါတယ်။

နောက်တစ်ချက်က MIC က ဘာလုပ်လုပ် ပွင့်လင်းမြင်သာမှု အမြဲတမ်းဦးစားပေးပြီးတော့ ဆောင်ရွက်ပါတယ်။ လုပ်သမျှလုပ်ငန်းတွေကို အများပြည်သူသိရအောင် ထုတ်ပြန်တဲ့အမိန့်တွေကိုလည်း ပြည်သူတွေသိစေဖို့ ကျယ်ကျယ်ပြန့်ပြန့် အသိပေးလျက်ရှိပါတယ်။ ဥပဒေကို အခြေခံပြီး သွေဖည်မသွားအောင်ဆောင်ရွက်တယ်။ ပွင့်လင်းမြင်သာမှုရှိအောင်ဆောင်ရွက်တယ်။ ဒီနှစ်ချက်ကို တင်ပြချင်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

■ **ဝင်းဝင်းမော်၊ မြတ်စန္ဒီသင်းဇော်**

---

## ဧရာဝတီမြစ်ရေ မြင့်တက်လာနိုင်မှုကြောင့် မြစ်ကြောင်းအတွင်းသွား ရေယာဉ်၊ သဘောများ၊ သဲသောင်ခုံစိုက်ပျိုးနေထိုင်သူများ ဂရုပြုနိုင်ရန်အကြံပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် သုံးရက်အတွင်း ခုနစ်ပေခွဲခန့်နှင့် ဗန်းမော်မြို့တွင် တစ်ရက်အတွင်း နှစ်ပေခန့် ပြန်လည်ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါ မြစ်ရေသည် ကသာမြို့တွင် နှစ်ရက်အတွင်း ကိုးပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်နှင့် နောက်လေးရက်မှ ကိုးရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

---

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သီပေါမြို့၌ ၁ ဒသမ ၄၂ လက်မ၊ ကျောက်မဲမြို့၌ ၀ ဒသမ ၉၄ လက်မ၊ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့၌ ၀ ဒသမ ၄၃ လက်မစီနှင့် မိုင်းဆတ်မြို့တွင် ၀ ဒသမ ၃၂ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ဖွဲ့စည်း



**မြိတ် ဖေဖော်ဝါရီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ တနင်္သာရီ တိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ဖွဲ့စည်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၁) ဗိုလ်ချုပ်စောအိုက်ဇက်ဖိုး (KNU) နှင့် ဒုတိယဥက္ကဋ္ဌ (၂) ဦးပြည့်စုံတို့က အဖွင့်အမှာစကား ပြောကြားကြပြီး တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာကော်မတီကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်စိုးပါ အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်း၍ ကော်မတီ၏ လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကာ တာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်စိုးနှင့် (KNU) ကိုယ်စားလှယ်တစ်ဦးတို့က ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆက်လက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ (JMC-U) မှ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်အပါအဝင် အဖွဲ့ဝင် ၁၃ ဦး၊ စစ်ဘက်မှ တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အဖွဲ့ဝင်သုံးဦး၊ ဖိတ်ကြားထားသော အရပ်ဘက်အဖွဲ့အစည်းများမှ ခုနစ်ဦး၊ KNU မြိတ်/ထားဝယ်ခရိုင် တပ်မဟာ(၄)မှ အဖွဲ့ဝင် ၁၁ ဦးနှင့် EAO JMC ခေါင်းဆောင် ၁၂ ဦး စုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ ကုဏ္ဍာစာရ ပျံလွန်တော်မူ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် မြို့ဦးကျောင်းတိုက် ပဓာနနာယက ဆရာတော်နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ဂဏဝါစကပဓာနနာယက မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍာစာရသည် သက်တော်(၉၇)နှစ်၊ သိက္ခာတော် (၇၇)ဝါအရ ၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် (၂၂-၂-၂၀၁၆)တနင်္လာနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်အားလျှော့ချဓာတ်အားပေးမည့်အစီအစဉ် အများပြည်သူသို့ အသိပေးပန်ကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရတနာကမ်းလွန် Platform နှင့် ပတ္တမြားကမ်းလွန် Platform ပိုက်ဆက်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်ကြာ သဘာဝဓာတ်ငွေ့ ပို့လွှတ်မှုရပ်ဆိုင်းမည့်ကိစ္စ ရက်ရွှေ့ဆိုင်းထားခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ပိုက်ဆက်ခြင်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ ထပ်မံအကြောင်းကြားလာသဖြင့် ရန်ကုန်မြို့ ဝန်အားလျှော့ချဓာတ်အားပေးမည့် အစီအစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ပြင်ဆင်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်အားလျှော့ချမည့် အစီအစဉ်များကို သက်ဆိုင်ရာ ခရိုင်/မြို့နယ်များအလိုက် ညွှန်ကြားထားပြီးဖြစ်သဖြင့် ယင်းအစီအစဉ်ကို သက်ဆိုင်ရာခရိုင်/ မြို့နယ်ရုံးများ၌ မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးပန်ကြားထားသည်။

ယင်းသို့ ဝန်အားလျှော့ချဓာတ်အားပေးမည့် လုပ်ငန်းအစီအစဉ် ဆောင်ရွက်ရခြင်းသည် မဖြစ်မနေဆောင်ရွက်ရသော လုပ်ငန်းစဉ်ဖြစ်သဖြင့် ဓာတ်အားပြတ်တောက်မှုကြောင့် မီးသုံးစွဲသူပြည်သူများအနေဖြင့် အခက်အခဲများစွာ ဖြစ်ပေါ်လာနိုင်မှုအပေါ် စာနာနားလည် ခွင့်လွှတ်ပေးနိုင်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

# တရားဝင်သတ်မှတ်ထားခြင်းမရှိသည့် အက္ခရာဂဏန်းများရေးသားတပ်ဆင်၍ သွားလာနေသော ယာဉ်များအားစစ်ဆေးအရေးယူမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ယနေ့အချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ မော်တော်ယာဉ်များကို ဝယ်ယူအသုံးပြုမှု တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာနေသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ တရားဝင်မှတ်ပုံတင်ထားသော မော်တော်ကားစီးရေ ၇၇၂၇၈၈ စီး၊ မော်တော်ဆိုင်ကယ် အစီး ၄၅၃၆၅၇၀၊ သုံးဘီးဆိုင်ကယ် ၇၃၆၁၁ စီးအထိ ရှိနေပြီ ဖြစ်သည်။ ယခင်ကထက် မော်တော်ယာဉ် ပိုင်ဆိုင်အသုံးပြုခြင်း များပြားလာလျက်ရှိနေကြောင်း တွေ့ရှိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိပြီးမှသာ အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်ခွင့်ရှိသည်။ မော်တော်ယာဉ်များ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကသာ ဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်အမျိုးအစားအလိုက်၊ လုပ်ငန်းအလိုက်တပ်ဆင်ရမည့် ယာဉ်နံပါတ်ပြားအရောင်၊ အက္ခရာဂဏန်းအရွယ်အစား၊ နံပါတ်ပြားအသုံးပြုသည့်ပစ္စည်းများ သတ်မှတ်၍ မူသေအမှတ်များကို ထုတ်ပေးလျက်ရှိသည်။ အခြားမည်သည့်ဌာန၊ အဖွဲ့အစည်းများကိုမှ မူသေနံပါတ်ပြားများ တပ်ဆင်ထုတ်ပေးခြင်းကို ဆောင်ရွက်ရန် ခွင့်ပြုထားခြင်းမရှိပေ။

မော်တော်ယာဉ်ဥပဒေအရ မော်တော်ယာဉ်တွင် တပ်ဆင်ရမည့် မော်တော်ယာဉ် နံပါတ်များနှင့်ပတ်သက်၍ ယာဉ်နံပါတ်ပြားကို မထင်ရှားအောင် ပြုလုပ်ခြင်း၊ ယာဉ်နံပါတ်ပြားကို ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ မမှန်ကန်သော မော်တော်ယာဉ်နံပါတ်ပြားကို တင်ဆင်အသုံးပြုခြင်းများကို မည်သူမျှ မပြုလုပ်ရဟု တားမြစ်ပြဋ္ဌာန်းထားသည်။

တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်ဟု သတ်မှတ်ထားသည်။

ပြည်သူအများစုမှာ တရားဝင်မှတ်ပုံတင်ထားသော ယာဉ်များသာ စီးနင်းအသုံးပြုလျက် ရှိနေကြပါသည်။ သို့သော်လည်း ပြည်သူအချို့မှာ သတ်မှတ်ချက်များအနှင့်အညီ မှတ်ပုံတင်ပေးထားခြင်းမရှိသည့်ယာဉ်များ၊ မှတ်ပုံတင်ပေး၍မရသည့် ယာဉ်များကို စီးနင်းအသုံးပြုခြင်း၊ တရားဝင်မှတ်ပုံတင်ပေးမည်ဟု မမှန်မကန်ပြောဆို၍ အရောင်းအဝယ်ပြုလုပ်နေခြင်းများလည်း ရှိနေသည်။

ယခုအခါ လမ်းများပေါ်၌ မော်တော်ယာဉ်အချို့သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထုတ်ပေးထားသော ဖောင်းကြွအက္ခရာဂဏန်းများ မဟုတ်သည့် နံပါတ်များ၊ ယာယီနံပါတ်များ၊ ကိုယ်ထည်နံပါတ်များ (ဥပမာ-ယာယီ- ANH10/-------, ZE-2/ -------, စသည်ဖြင့်) ရေးသား၍ တပ်ဆင်သွားလာနေသည်ကို ပုံတွင်ဖော်ပြထားသည့်အတိုင်း တွေ့ရှိနေရသည်။




**တရားဝင်သတ်မှတ်ထားခြင်းမရှိသည့် အက္ခရာဂဏန်းများ ရေးသားတပ်ဆင်၍ သွားလာနေသော ယာဉ်တစ်စီးကိုတွေ့ရစဉ်။**

မော်တော်ယာဉ်ဥပဒေတွင် "မည်သူမျှ မော်တော်ယာဉ်ကို မှတ်ပုံတင်ထားမှုမရှိလျှင် အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း၊ ရပ်နားထားခြင်းကို မပြုလုပ်ရဟု ပြဋ္ဌာန်းထားသည်။ မှတ်ပုံတင်မထားသော ယာဉ်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှလည်းကောင်း စစ်ဆေးတွေ့ရှိလျှင် ထိန်းသိမ်းပြီး အနီးဆုံး ရဲစခန်းတွင် အပ်နှံရမည်"ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ မော်တော်ယာဉ်ဥပဒေအရ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိဘဲ မမှန်ကန်သော မော်တော်ယာဉ်နံပါတ်ပြားကိုတပ်ဆင်၍ အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ ရပ်နားထားခြင်းများကို စိစစ်သွားမည်ဖြစ်ပြီး အဆိုပါယာဉ်များကို မောင်းနှင်သူများ၊ မောင်းနှင်ခွင့်ပြုသူများအား မော်တော်ယာဉ်ဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်သည့်ပြင် မော်တော်ယာဉ်ကိုလည်း သိမ်းဆည်းသွားမည်ဖြစ်၍ မှတ်ပုံတင်ထားခြင်းမရှိသည့် ယာဉ်များ၊ မမှန်မကန်သည့် ယာဉ်နံပါတ်များ တပ်ဆင်၍ မောင်းနှင်စီးနင်းခြင်း မပြုလုပ်ကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်ထားကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# စဉ်ဆက်မပြတ်ထုတ်ဖော်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရန် စဉ်ဆက်မပြတ်ထုတ်ဖော်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာတွင် စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများ၊ ကောင်တာဈေးကွက်တွင် ၎င်း၏ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်သည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၊ ကော်မရှင်၏အတည်ပြုချက်ကိုရယူထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများနှင့် အစုရှယ်ယာ ပိုင်ရှင်အရေအတွက် ၁၀၀ ထက်ပိုသော အများနှင့်သက်ဆိုင်သောကုမ္ပဏီများသည် နှစ်ပတ်လည်အစီရင်ခံစာ၊ နှစ်ဝက်အစီရင်ခံစာနှင့် အထူးအစီရင်ခံစာများကို သတ်မှတ်ထားသည့် ကာလအတွင်း ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ တင်သွင်းကြရမည်ဖြစ်ပြီး ကုမ္ပဏီကိုဖျက်သိမ်းခြင်း၊ ကုမ္ပဏီသည် ၎င်း၏လုပ်ငန်းများဆောင်ရွက်မှုကို အချိန်ကာလတစ်ခုအတွက် ရပ်ဆိုင်းခြင်းနှင့် ကုမ္ပဏီ၏အစုရှယ်ယာပိုင်ရှင် စုစုပေါင်း ၁၀၀ အောက်လျော့နည်းခြင်းရှိသည့် ကုမ္ပဏီများသည် အဆိုပါအစီရင်ခံစာများအား တင်သွင်းခြင်းမှ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း ပါရှိသည်။

အသေးစိတ်အချက်အလက်များကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးနှင့် ကော်မရှင် ရုံးဝက်ဘ်ဆိုက် www.secm.gov.mm နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန www.mof.gov.mm ဝက်ဘ်ဆိုက်တို့၌ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# အောင်မြေသာစံ၌ မီးလောင်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ် အကွက် (၁၁၅) ၂၁ လမ်းနှင့် ၈၇ လမ်းထောင့်ရှိ စီယာတိုင်ကဖေး၌ ယနေ့နံနက် ၀၀း၁၄ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုမှာ ဆိုင်အတွင်း သွယ်တန်းထားသော ဝိုင်ယာကြိုးများ ဝန်အားမမျှ၍ လောင်ကျွမ်းခြင်းဖြစ်ပြီး ရပ်ကွက်မီးသတ်ယာဉ် နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ၀၀း၂၀ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာအသုံးပြုသူအား သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# မင်းတပ်မြို့၌ ယာယီဈေးတည်ဆောက်နိုင်ရေးဆောင်ရွက်

**မင်းတပ် ဖေဖော်ဝါရီ ၂၅**

မင်းတပ်မြို့ စည်ပင်သာယာဈေး မီးလောင်မှုကြောင့် ဆိုင်ခန်းပိုင်ရှင်များနှင့် မြို့နယ်ပြည်သူများအတွက် ဈေးရောင်းဝယ်ပြုလုပ်မှုအဆင်ပြေစေရန် မင်းတပ်မြို့ ကုမ်သီခန်းမရှေ့၌ ယာယီဈေးတည်ဆောက်ပေးနိုင်ရေး မင်းတပ်မြို့ရှိ ဌာနဆိုင်ရာများနှင့် ပြည်သူများက ဖေဖော်ဝါရီ ၂၄ ရက်တွင် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။

မီးလောင်ပြင်အား စည်ပင်ကားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ၏ လုပ်အားဖြင့် ရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

# အယ်နီညိုဖြစ်စဉ်အကြောင်း အသိပညာပေးဆွေးနွေးပွဲများကျင်းပ

**ပခုက္ကူ**

အယ်နီညိုဖြစ်စဉ်အကြောင်း အသိပညာပေး ဟောပြောပွဲကို ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးဇော်ဌေးအောင်က မြန်မာနိုင်ငံတွင် အယ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာသွန်းမှု၊ နေပူရှိန်မြင့်မားမှု၊ ကျန်းမာရေးဆိုင်ရာပြဿနာများ၊ စိုက်ပျိုးရေး၊ အစားအစာဖူလုံရေး၊ သောက်ရေသုံးရေ ဖူလုံရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားသင့်သည်များကို ဆွေးနွေးဟောပြောသည်။

ပခုက္ကူခရိုင်နှင့်မြို့နယ်များတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေရှားပါးမှုရှိနိုင်သဖြင့် သောက်ရေသုံးရေ ထောက်ပံ့ဆောင်ရွက်မှု စီမံခန့်ခွဲရေးကော်မတီများဖွဲ့စည်းထားကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ဖြူး**

ယခုနှစ် နွေရာသီတွင် အယ်နီညိုရာသီဥတုကျရောက်နိုင်မှုအပေါ် လိုက်နာဆောင်ရွက်နိုင်ရန် ပညာပေးဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ဟောပြောဆွေးနွေးမှုများအပေါ် တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ အယ်နီညိုရာသီဥတုကျရောက်နိုင်သည့် လများတွင် လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေရှားပါးမှုပြဿနာများ မကြုံတွေ့နိုင်ရေးနှင့် လာမည့် မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံများအထွက်နှုန်း မကျဆင်းစေရေးတို့ကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

# မင်းတပ်မြို့ မီးဘေးသင့်ဈေးဆိုင်ခန်းများအတွက် အလှူငွေလှူဒါန်း

**မင်းတပ် ဖေဖော်ဝါရီ ၂၅**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းနှင့် ကမ္ဘောဇဘဏ်လီမိတက် ပခုက္ကူဘဏ်ခွဲမှ ဝန်ထမ်းများသည် ချင်းပြည်နယ် မင်းတပ်မြို့နယ် မြို့မစည်ပင်ဈေးတွင် ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဈေးဆိုင်ခန်း ၄၁ ခန်းအတွက် ဆိုင်ခန်းတစ်ခန်းလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ဆိုင်ခန်း ၄၁ ခန်းအတွက် စုစုပေါင်း ငွေကျပ် ၈၂ သိန်းကို သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာတပ်ဆင်

**သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ တောင်ကြားရပ်ကွက် စော်ကဲစုကျေးရွာ၌ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် သုဝဏ္ဏဝတီမြို့ လျှပ်စစ်ဓာတ်အားခွဲရုံမှ လျှပ်စစ်ဝန်ထမ်းများနှင့် ကျေးရွာမီးလင်းရေးကော်မတီတို့ပူးပေါင်း၍ ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့သော ၂၀၀ ကေဗွီအေထရန်စဖော်မာသည် ပြီးစီးတော့မည်ဖြစ်၍ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိတော့မည်။

အဆိုပါကျေးရွာသည် ၂၀၁၁ ခုနှစ်တွင် အိမ်ခြေ ၉၀ ခန့် လျှပ်စစ်မီးရရှိခဲ့ပြီး ဒေသခံပြည်သူများက မိမိတို့ ကျေးရွာအစီအစဉ်ဖြင့် လျှပ်စစ်မီး ရရှိသည့်အချိန်အထိ ငွေကျပ်သိန်း ၇၀၀ ခန့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း ကျေးရွာမီးလင်းရေး ကော်မတီဝင်တစ်ဦးဖြစ်သူ စောရန်အေးက ပြောသည်။

ယခုကဲ့သို့ ထရန်စဖော်မာ တစ်လုံး တိုးချဲ့တည်ဆောက်လိုက်သည့်အတွက် နောက်ထပ် ကျေးရွာမှ လျှပ်စစ်မီး ရရှိလိုသူများအတွက်လည်း လျှပ်စစ်လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်း နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

# အကြိမ်(၂၀)မြောက် သစ်ရောင်းချမှု ဈေးပြိုင်လေလံပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအနောက် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနက အကြိမ်(၂၀)မြောက် ပြည်တွင်းသစ်ဈေးပြိုင်လေလံပွဲကို မြန်မာ့သစ်လုပ်ငန်း တော်ဝင်ခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သစ်လုပ်ငန်းရှင် ၁၂၇ဦး တက်ရောက်လေလံဆွဲကြကြောင်း သိရသည်။

မြန်မာ့သစ်လုပ်ငန်းအထွေထွေမန်နေဂျာ ဦးခွန်အောင်စိုးက "ကျွန်တော်တို့ဌာနဟာ ပြည်တွင်းရောင်းဝယ်ရေးနဲ့ သစ်စက်ဌာနပါ။ နိုင်ငံပိုင်သစ်ဆိပ်၊ သစ်ကွင်း၊ သစ်စက်မှာရှိတဲ့ သစ်လုံး၊ သစ်ခွဲသား၊ ဖမ်းဆီးသစ်တွေကိုတစ်နေရာထဲ ပရိုဂျက်တာ ပြစက်သုံးပြီး ဈေးပြိုင်လေလံရောင်းချတာပါ။ တစ်လကို နှစ်ကြိမ်၊ တစ်နှစ်ကို ၂၂ ကြိမ် လေလံပေးပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရဲ့ အကြိမ်(၂၀)မြောက် လေလံပွဲပါ။ ကျန်မတ်လအတွက် နှစ်ကြိမ်ကျန်ပါတယ်။ ဧပြီလဆို လေလံနားပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုတော့ မြန်မာပြည်အထက်အောက် နှစ်ပိုင်းခွဲရောင်းချရတယ်။ အောက်မြန်မာပြည်က ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်ရှိသစ်ကို လတစ်လပထမပတ်မှာ ရောင်းပါတယ်။

အထက်မြန်မာပြည် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်ရှိသစ်ကို လတစ်လ တတိယပတ်မှာ ရောင်းပါတယ်။ နိုင်ငံသားကတ်ရှိသူတိုင်း လေလံဆွဲလို့ရပါတယ်။ သစ်တန် ၂၀၀၀နဲ့ အောက်ကို (Deposit Money) ငွေကျပ်သိန်း ၅၀၊ သစ်တန် ၂၀၀၀ အထက်ကို ငွေကျပ်သိန်း ၁၀၀ ကြိုတင်ငွေပေးထားရပါမယ်။ အမျိုးအစားအလိုက် ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာ၊ အင်ကြင်း၊ ပိတောက်၊ အင်၊ ကညင်၊ တမလန်း၊ သပြေ၊ စကားဝါ၊ တောင်သရက်၊ နွေ၊ ထောက်ကြံ့လမ်းပုံအမှတ် ပြသထားပါတယ်။ သစ်လုပ်ငန်း လုပ်ကိုင်တဲ့ လုပ်ငန်းရှင်အားလုံး ကုန်ကြမ်းမပြတ်လပ်ဘဲ ကုန်ကြမ်းမှ ကုန်ချောထုတ် ပြည်တွင်းပြည်ပ ရောင်းချခွင့်ရှိတာမို့ အလုပ်ရှင် အလုပ်သမားအလုပ်အကိုင် အခွင့်အလမ်းရရှိမှာပါ။ ကျွန်တော်တို့ သစ်လုပ်ငန်းဦးစီးဌာနက သစ်အလုံးလိုက် တင်ပို့ရောင်းချခွင့် ရပ်ဆိုင်းထားတာဖြစ်တဲ့အတွက် အကျိုးအမြတ်ရရှိကြမယ်လို့ ယုံကြည်ပါတယ်"ဟု မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးခွန်အောင်စိုးက ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**


**တစ်ဦးတည်း ဖြစ်ပါကြောင်း**

လှိုင်းဘွဲ့မြို့နယ်၊ ဒိုင်းပြကျေးရွာနေ ဦးဘခွေး၏သမီး နန်းခင်ညိုညို ၁၂/ဗဟန(နိုင်)၀၄၇၄၀၆နှင့် ဒေါ်ခင်ညိုညိုမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **နန်းခင်ညိုညို(ခ)ဒေါ်ခင်ညိုညို**

## ရောင်းမည်

၁။ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉)ရပ်ကွက်၊ အမှတ်(၅၄၀)ရှိ ပေ၄၀×၆၀မြေကွက်
၂။ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉)ရပ်ကွက်၊ အမှတ်(၇၈)ရှိ ပေ ၄၀×၆၀မြေကွက်
၃။ မြောက်ဒဂုံမြို့နယ်၊ (၄၀)ရပ်ကွက်၊ စိန်ချယ်ရီလမ်း၊ အမှတ်(၄၈၆)ရှိ ပေ၄၀×၆၀ မြေကွက်
၄။ ဒဂုံအရှေ့၊ (၁၃၅)ရပ်ကွက်၊ အမှတ်(၇၀၁)ရှိ ပေ ၄၀×၆၀မြေကွက်တို့အား ပေါက်ဈေးထက်ချိုသာစွာဖြင့် လျှော့ရောင်းမည်။(တစ်ပတ်အတွင်းသာ ဖြစ်ပါသည်။) **ဆက်သွယ်ရန်- ဖုန်း-၀၁-၇၀၆၉၂၁၊ ၀၉-၂၅၀၆၄၈၃၂၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၈/C၊ မြေကွက်အမှတ် ၆၄၂၊ အလျားပေ ၄၀×အနံပေ၆၀ရှိ ပါမစ်မြေအမျိုးအစားသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ ဦးတင်မိုး ISN-544658 အမည်ပေါက်ဖြစ်ပြီး ၄င်းအမည်ပေါက်ထံမှ စာချုပ်စာတမ်း အဆက်ဆက်များဖြင့် အလျားပေ ၂၀× အနံပေ ၆၀ရှိခြေရင်းခြမ်းမြေအား ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးအောင်ဇော်လင်း ၇/ကဝန(နိုင်)၁၉၂၂၆၂ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်မည့်သူ မရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်-၂၆၊ နတ်မောက်(၇)လမ်း၊ (၁၈/E)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

## ၁၁-၂-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၁၈-၂-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာပါ ဒေါ်မြင့်မြင့် ၁၂/ဥကတ(နိုင်)၀၉၇၉၅၀၏ အများသိစေရန် ကြေညာခြင်းအား ပြန်လည်ရှင်းလင်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊(၁၄/၃)ရပ်ကွက်၊ယင်းမာလမ်း၊ အမှတ်(၁၉၀/က)နေ ဦးအောင်ခွန်ဆွေ(ကျားကမ္ဘာဆောက်လုပ်ရေး)မှ အောက်ပါအတိုင်း ပြန်လည်ရှင်းပါမည်။

၁။ ဦးအောင်ခွန်ဆွေ(ကျားကမ္ဘာဆောက်လုပ်ရေး)နှင့် ဒေါ်မြင့်မြင့်(မြေပိုင်ရှင်)တို့သည် အမှတ် ၁၇၇၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် ၂၈-၁-၂၀၁၄ရက်၌ အဆောက်အအုံဆောက်လုပ်ရန် ကတိစာချုပ်ချုပ်ဆိုခဲ့သည့်အလျောက် ကန်ထရိုက်တာ ဦးအောင်ခွန်ဆွေက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စည်းမျဉ်းစည်းကမ်း သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စီစဉ်ဆောင်ရွက်နေသည့်အပြင် ကန်ထရိုက်တိုက်ကို ဆက်လက်တည်ဆောက်ရန် စီစဉ်နေပါသည်။

၂။ ဦးဆောင်ခွန်ဆွေနှင့် ဒေါ်မြင့်မြင့်တို့ချုပ်ဆိုခဲ့သော အထက်ဖော်ပြပါ ကတိစာချုပ်သည် ပျက်ပြယ်ခြင်း မရှိသည့်အပြင် ဒေါ်မြင့်မြင့်မှ ဦးအောင်ခွန်ဆွေသို့ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၂-၈-၂၀၁၃ရက်တွင် လွှဲအပ်ထားရှိသည့် အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်-(၁၄၀၁၈/၂၀၁၃)သည် ဆက်လက်အသုံးပြုခွင့်ရှိပါသည်။

၃။ ထို့ကြောင့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ကြေညာထားရှိခဲ့သည့် ဒေါ်မြင့်မြင့်၏ အများသိစေရန်ကြေညာခြင်းကို အလျင်အမြန်ပြန်လည်ရုပ်သိမ်းပေးပါရန် အသိပေးအကြောင်းကြား ပြန်လည်ရှင်းလင်းအပ်ပါသည်။

**ဦးအောင်ခွန်ဆွေ**
**(ကျားကမ္ဘာဆောက်လုပ်ရေး)**
**၁၂/ဗဟန(နိုင်)၀၄၂၇၁၅**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## မြောင်းမြခရိုင်တရားရုံး
## ၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ်- ၂

ကွယ်လွန်သူ ဦးထွန်းစိန်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်ခွဲ၊ သိပ္ပံကုန်းကြီးကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထွန်းစိန်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဦးစောသောလယ်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၆ခုနှစ် မတ် ၁၈ ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၀ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းစိန်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင်၄င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော၂၀၁၆ခုနှစ် မတ်၁၈ရက်(၁၃၇၇ခုနှစ် တပေါင်းလဆန်း၁၀ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်းလာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။လာရောက်မရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးစောသောလယ်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ညွှန့်လင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မြောင်းမြခရိုင်တရားရုံး**

# ကော့ကရိတ်မြို့နယ် ရေလယ်ကုန်းရွာအနီး အင်းထဲ၌ငါးဖမ်းနေသူ ကျားကိုက်ခံရပြီးနောက် ကျားကိုအသေဖမ်းမိခဲ့

**ကော့ကရိတ် ဖေဖော်ဝါရီ ၂၅**

ကော့ကရိတ်မြို့နယ် ရေလယ်ကုန်းကျေးရွာနေ ဦးချက်ပြူး(ခ)ထိပ်ဖြူ (၄၇ နှစ်)သည် ယနေ့နံနက် ၄ နာရီခွဲခန့်က ရွာ၏အရှေ့ဘက် သုံးဖာလုံခန့် အကွာရှိ အရှေ့လှိုင်ဟုခေါ်သော အင်းရေကန်၌ တစ်ဦးတည်း ငါးဖမ်းပိုက်များ သိမ်းနေစဉ် ရေကူးလာသည့်အသံကြားရသဖြင့် လှည့်ကြည့်ရာ ရေပေါ်တွင် ခေါင်းတစ်လုံးသာပေါ်၍ ၎င်းထံ ရေကူးလာပြီး လှေပေါ်သို့ကုတ်ဖွဲ့တက်ကာ ကိုက်သဖြင့် ဦးချက်ပြူး(ခ)ထိပ်ဖြူတွင် ကုတ်ခြစ်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

ထို့နောက် နံနက် ၇ နာရီခွဲခန့်က ဦးချက်ပြူး(ခ)ထိပ်ဖြူကို ကျားဟု ယူဆရသော အကောင်တစ်ကောင် တိုက်ခိုက်ခံရကြောင်း ကြားသိရသူ ရေလယ်ကုန်းရွာနေ သန်းထွန်းလေး(၁၈ နှစ်)၊ ဦးမြင့်စိုး(၅၀ နှစ်)နှင့် ဘဒင် (၁၉ နှစ်)တို့က သွားရောက်ကာ အရှေ့လှိုင်ဟုခေါ်သော အင်းစပ်ရှိ ကိုင်းတောအတွင်းရှာဖွေရာ ၎င်းတို့၏ အရှေ့ဘက် ဝါးတစ်ပြန်ခန့်အကွာ ကိုင်းတောအတွင်းမှ ကျားဟုယူဆရသောအကောင်က ၎င်းတို့သုံးဦးထံ အတင်း ပြေးလာနေသည်ကိုတွေ့ရ၍ နောက်ပြန်လှည့်ပြေးစဉ် သန်းထွန်းလေး၏နောက်ကျောကို လက်သည်းဖြင့်ကုတ်ပြီး ပါးစပ်ဖြင့်ကိုက်ခဲ့သဖြင့် သန်းထွန်းလေးတွင် ဒဏ်ရာများရရှိခဲ့သည်။

ဒဏ်ရာရရှိသူနှစ်ဦးသည် ကော့ကရိတ်ပြည်သူ့ဆေးရုံ၌ (မစိုးရိမ်ရ)အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိပြီး မြို့မရဲစခန်းကော့ကရိတ်မှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ခင်မောင်ဆန်းနှင့် ပူးပေါင်းအဖွဲ့သည် အဆိုပါတိရစ္ဆာန် ရှိနိုင်သည့်နေရာများကို လိုက်လံရှာဖွေရာ နံနက် ၁၁ နာရီခွဲခန့်တွင် အသေဖမ်းဆီးရမိခဲ့သည်။ အဆိုပါကျားသည် အလျား ၁၁ ပေ၊ လုံးပတ်လေးပေ၊ အမြင့်သုံးပေခွဲရှိပြီး အထီးဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



# သိန်း ၁၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**ဝမ်ပုံ ဖေဖော်ဝါရီ ၂၅**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀)မှ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)အုပ်စု စံဖူးကျေးရွာ အမှတ်(၆၈)ရှိ အိုက်ဆီကျော်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၁၅၀၊ အလေးချိန် ၄၁၅ ဂရမ်ခန့် ကာလတန်ဖိုးကျပ်သိန်းပေါင်း ၁၀၃ ဒသမ ၇၄ သိန်းခန့်နှင့် တူမီး သေနတ်အရှည် သုံးလက်၊ အတိုတစ်လက်၊ လေသေနတ်တစ်လက်၊ ခြံဝင်းအတွင်းမှ ၉ဂ/--- မော်တော်ယာဉ်တစ်စီးတို့ကို တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

၎င်းကို စစ်ဆေးရာ အဆိုပါ မူးယစ်ဆေးဝါးများသည် ဖန်မင်အုပ်စု မယ်ယန်းကျေးရွာနေ အိုက်ဆောင်အပ်နှံထားသော ပစ္စည်းများဖြစ်ကြောင်းနှင့် အိုက်ဆောင်မှာ လာအိုနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

အမှုမှ အိုက်ဆီကျော် (၄၇နှစ်) စံဖူးကျေးရွာ မိုင်းဖုန်း(က)အုပ်စု တာချီလိတ်မြို့နယ်နေသူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ အပ်နှံထားသူ အိုက်ဆောင် (၃၀နှစ်) မယ်ယန်းကျေးရွာ ဖန်မင်အုပ်စု တာချီလိတ်မြို့နယ်နေသူတို့အား ဝမ်ပုံနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

# သစ်တင်ကား ၁၀ ဘီးယာဉ် တိမ်းမှောက်၍ယာဉ်မောင်းတစ်ဦးသေဆုံး

**ပင်လည်ဘူး ဖေဖော်ဝါရီ ၂၅**

ပင်လည်ဘူးမြို့နယ် ရဲစခန်းအနောက်မြောက်ဘက် ငါးမိုင်ခန့်အကွာ တောပုန်းရွာနှင့်လေသာရွာအကြားတွင် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၃ နာရီခွဲက သစ်တင်ကားတစ်စီးတိမ်းမှောက်နေကြောင်းသိရှိရ၍ ဒုရဲမှူး စိုးမြင့်နှင့် အဖွဲ့သွားရောက်စစ်ဆေးရာ ကညင်သစ် ခြောက်လုံးတင်ဆောင်ပြီး မဲကြီး(ခ)တင့်ဇော်ဦး မောင်းနှင်လာသည့် ကားမှာ တောပုန်းရွာ အနောက်မြောက်ဘက် အင်ကြင်းတောင်အဆင်းလမ်းခွဲတွင် တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်မောင်းမှာ ရှေ့လေကာမှန်တိုင်နှင့်ညပ်ပြီး ကားနှင့်ပိကာသေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပင်လည်ဘူးမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

# ကျောက်ဆည်မြို့တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၉၂) ကျောက်ဆည်မှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၁ ရက်က ကျောက်ဆည်မြို့ မင်းရပ် ရပ်ကွက် ကြက်မင်းတွန်လမ်းခွဲ မီးပွိုင့်တွင် ယာဉ်၊ လမ်းစည်းကမ်း ဆောင်ရွက်စဉ် နေဝင်းကျော် နှင့် နိုင်ဦးတို့ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကိုရှာဖွေရာ နေဝင်းကျော် မောင်းနှင်လာသည့် ဆိုင်ကယ်မှ ဘိန်းစိမ်း ၉ ဒသမ ၂၅ ကီလို၊ လက်ကိုင်ဖုန်း တစ်လုံး၊ ငွေကျပ် ၈၅၀၀၀နှင့် နိုင်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်မှ ဘိန်းစိမ်း ၆ ဒသမ ၃၅ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်၄၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

# မန်းရွှေစက်တော် ဘုရားပွဲတော်အတွင်း လိုင်စင်မဲ့အရက်ရောင်းသူကို အမှုဖွင့်အရေးယူ

**မင်းဘူး ဖေဖော်ဝါရီ ၂၅**

မင်းဘူးခရိုင် စကုမြို့နယ် မန်းရွှေစက်တော်ဘုရားဝင်းအတွင်း လိုင်စင်မဲ့ အရက်ရောင်းချသူ အမျိုးသမီးတစ်ဦးကို ဖေဖော်ဝါရီ ၂၁ ရက်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။ စလင်းမြို့နယ် ဆင်ဖြူကျွန်းနယ်မြေ ရဲစခန်းမှအဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၃ ရက် ရွှေစက်တော်ဘုရားပွဲခင်းအတွင်း လုံခြုံရေးတာဝန်ဆောင်ရွက်နေစဉ် သတင်းအရ သက်သေများနှင့်အတူ ရွှေစက်တော်ဘုရားပွဲခင်းအတွင်းရှိ မညိုမီလှိုင် အသက်( ၃၉ နှစ်) မင်းဘူး(စကု)မြို့နယ်နေသူ၏ ကွမ်းယာဆိုင်ကို ဝင်ရောက်ရှာဖွေရာ လိုင်စင်မဲ့အရက်နှင့် ဘီယာတန်ဖိုး ငွေကျပ် ၃၀၃၀၀၀ ခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသိမ်းဆည်းရမိခဲ့မှုနှင့်ပတ်သက်၍ မင်းဘူးမြို့နယ် စကုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ


မဟာမြန်မာ ဗုဒ္ဓဂယာ၊ထိုင်း၊ကမ္ဘောဒီးယား၊ဗီယက်နမ်၊သီရိလင်္ကာ

ဗုဒ္ဓဂယာ ဖွား၊ပွင့်၊ဟော၊စံ (၇) ရက်ခရီး အာဂရာ၊ သက်သာ၊ နယူးဒေလီ (၁၄) ရက်ခရီး (Apr 6,8,9 သင်္ကြန်ခရီးစဉ်များ)
ဘန်ကောက်မြဘုရားဖူး ဈေးဝယ် (၃) ရက်ခရီး ၃.၅ သိန်း (သင်္ကြန် - ၃ရက်၊ ၅ရက်၊ ၇ရက် ခရီး စီစဉ်ပေးပါသည်။)
ထားဝယ် - မောင်းမကန်၊ ကန်ချနာပူရီ၊ ဘန်ကောက်၊ အယုဒ္ဓယ (၅) ရက်ခရီး ၄.၅ သိန်း
ဗီယက်နမ် ဟိုချီမင်း ၊ကမ္ဘောဒီးယား - ဖနွမ်ပင်၊ အန်ကောဝပ် (၇) ရက်ခရီး ၁၂.၅ သိန်း
သီရိလင်္ကာ စွယ်တော်ဘုရားဖူး၊ ဘန်ကောက် မြဘုရားဈေးဝယ် (၇) ရက်ခရီး ၁၅.၅ သိန်း
အပတ်စဉ် - သောကြာ၊ စနေ သင်္ကြန်အထူးခရီးစဉ်များ Apr 8, 9,10,11
မြန်မာဇိုး ပြည်တွင်းအထင်ကရနေရာများ - မန္တလေး - ပြင်ဦးလွင် - မုံရွာ - ရွှေစက်တော် - ပုဂံ - ညောင်ဦး - ပုပ္ပါး - တောင်ကြီး - အင်းလေး - ပင်းတယ - ကလော
ရန်ကုန် - (၁၈)၊ ၉လမ်း/ ၈၁၅မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၂၂၇၃၂၂၊ ၀၉ ၄၉၂၉၇၁၇၆၊ ၀၉ ၇၃ ၂၅၅၈၉၀
မန္တလေး - ၄၁၄၊ ၈၂ လမ်း၊ ၃၂ × ၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း - ၀၉ ၉၁၀၁၉၅၁၆၊ ၀၂ ၃၄၆၇၄
မော်လမြိုင် - အမှတ် (၄၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာရပ်၊ ဖုန်း - ၀၉ ၄၉၈၀၀၂၈၆၊ ၀၉၈၇၀၄၀၈၈
မန္တလေးမှဘန်ကောက်၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ တိုက်ရိုက်ပို့ပေးပါသည်။



တိုက်ခန်း ငှား/ရောင်းမည်

(၁၂½×၅၀)ပေ ရတနာလမ်း၊ ဒုတိယထပ်၊ စမ်းချောင်းမြို့နယ်၊ ကြွေပြားကပ်၊ အဲယားကွန်းပါ။ ငှား ၃ သိန်း၊ ရောင်း သိန်း ၄၅၀

ဖုန်း-၀၉-၄၄၈၀၁၂၇၁၀



တိုက်ခန်းအမြန်ရောင်းမည်

တာမွေ၊ မေတ္တာညွန့်ရပ်ကွက် (၁၅×၅၀)ပေ ပထမထပ်၊ ပြင်ဆင်ပြီး သိန်း ၅၉၀၊ ဖုန်း-၀၉-၄၃၀၂၀၈၂၉



ကွန်ဒိုအမြန်ရောင်းမည်

Star City, B-2, 946 Sqft, 2 Bedroom **သိန်း ၁၀၀၀၊**

**ဖုန်း-၀၉-၂၅၄၃၇၄၂၄၄**



မြိုး ဂုဏ်ထူးဝင်ခွင့်သင်တန်း

ပြည်တွင်းအခွန်ဦးစီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန

အင်္ဂလိပ်စာ တန်းစာရေး/ရုံးအကူ

Assignment ဝယ်ယူနိုင်သည်။

၁၅/F ၊မဟာဗောဓိလမ်း၊မြေနီကုန်း၊ရန်ကုန်။ ဖုန်း-၀၉၅၁ ၃၇၂၄၉



ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂က/၉၈၃၃ ISUZU JOURNEY BL 36 BUS (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝေသူ ၁၃/မယတ(နိုင်) ၀၀၃၀၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/1204, MITSUBISHI LANDCER,SALOON ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းတင့် ၁၂/ဒဂန(နိုင်)၀၁၁၁၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ အထက (၁၁)နေပြည်တော် တက္ကသိုလ်ဝင်တန်း(B) မှ မောင်မျိုးမင်းထွန်းနှင့် သတ္တမတန်း(B)မှ မောင်မျိုးမင်းသန်းတို့၏ဖခင် ဦးမောင်ထော်(ခ) ဦးမြင့်သန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ထော်(ခ)ဦးမြင့်သန်း**



အမည်ပြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်နေ ဦးထွန်းဟန်၏သား ကိုမိုးဆွေ ၈/ပခက(နိုင်)၁၇၅၀၉၂အား ကိုသိန်းဝဏ္ဏ ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**ကိုသိန်းဝဏ္ဏထွန်း**



WISE College

Group Certificate in Logistics & Supply Chain Management

Logistics & Supply Chain Management အား စိတ်ဝင်စားသူများနှင့် နိုင်ငံတကာကုမ္ပဏီကြီးများတွင် တာဝန်ထမ်းဆောင်နေသော Middle Management Level, Head of Department, Top Management Level များအတွက် ရည်ရွယ်ဖွင့်လှစ်ပြီး အဆိုပါသင်တန်းကို Logistics & Supply Chain Management လုပ်ငန်းခွင်အတွေ့အကြုံနှစ်ပေါင်း(၄၀)ကျော်ရှိသောဆရာ Dean Than Aung (Chairman - Dean Consultancy Services Co.,Ltd) မှ အောက်ပါဘာသာရပ်များကို သင်ကြားပို့ချပါမည်။



- Certificate in Purchasing Management
- Certificate in Warehousing Management
- Certificate in Distribution Management
- Certificate in Top Management for Logistics, Supply Chain Management

သင်တန်းပြီးဆုံးပါက သက်ဆိုင်ရာ Certificate (၄)ခုနှင့်အတူ Group Certificate (၁)ခု ထပ်မံရရှိပါမည်။

Duration : 2 & Half Months Date : Sat & Sun Time : 5:30 pm to 7:30 pm

Starting Date : 19.3.2016 **Early Birds 20% Discount**

Shwegonedine Campus

Room 1009, 10th Floor, Yuzana Tower, Corner of Gabaraye Pagoda Road & Shwe Gone Dine Road, Banhan Township, Yangon, Myanmar. Tel : 01-556183, 09-255723388, 09-421154862

Wise International School for Executive

# ဦးခေါင်းဒဏ်ရာရရှိသူများအတွက် ခွဲစိတ်ကုသရန်မလိုဘဲ ဆေးထိုးပြီးကုသရန် နိုင်ငံတကာနှင့် ပူးပေါင်းသုတေသနပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံရှိ ပြည်သူများအတွက် ဦးခေါင်းပိုင်းထိခိုက်ဒဏ်ရာရရှိသူများကို ပိုမိုကောင်းမွန်သော ဆေးကုသမှုများပေးနိုင်ရန် နိုင်ငံတကာပူးပေါင်းလေ့လာ စမ်းသပ်မှု (International Trial) တစ်ခုတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးအရေးပေါ်ဆေးကုသမှုဌာနမှ သိရသည်။

အဆိုပါ လေ့လာစမ်းသပ်မှုကို အရေးပေါ်ဆေးပညာဌာနပါမောက္ခ၊ ဌာနမှူး ဒေါက်တာဇော်ဝေစိုးနှင့် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာမြတ်သူတို့၏ထောက်ခံမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် မတ်လတွင် ခွင့်ပြုခဲ့ပြီးဖြစ်သည်။ ထိုလေ့လာစမ်းသပ်မှုကို အရေးပေါ်ဆေးပညာဌာန နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ခံဆရာဝန် ဒေါက်တာသန်းလတ်အောင်နှင့်အဖွဲ့က ၂၀၁၅ ခုနှစ် ဧပြီလမှ စတင်လုပ်ဆောင်နေကြောင်း သိရသည်။

ယင်းလေ့လာစမ်းသပ်မှု၏အမည်မှာ (CRASH-3 TRIAL) Clinical Ramdonisation of an Antifibrinolytic in Significant Head Injury ဖြစ်ပြီး ဆေးအမည်မှာ Tranexamic Acid ဖြစ်သည်။ ယင်းဆေးမှာ ဦးနှောက်အတွင်း သွေးယိုစိမ့်မှု လျှော့ချခြင်းကို တားဆီးပေးနိုင်မည့်ဆေးဖြစ်ကြောင်း သိရသည်။ အဆိုပါ (CRASH-3 TRIAL) ဦးနှောက်ပိုင်းထိခိုက်ခြင်းအတွက် သုတေသနပြုဆေးစမ်းသပ်မှုကို နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးအရေးပေါ်ဆေးကုဌာနသည် မြန်မာပြည်အတွက် တစ်ခုတည်းသော နေရှင်နယ်စင်တာဆေးရုံကြီးဖြစ်ပြီး ယင်းလေ့လာစမ်းသပ်မှုကို နိုင်ငံပေါင်း ၄၀ ကျော်ရှိ ဦးခေါင်းပိုင်းဒဏ်ရာရရှိသူ လူနာပေါင်း ၁၀၀၀၀ ကျော် စမ်းသပ်မည်ဖြစ်ရာ ယုံကြည်မှုအပြည့်အဝဖြင့် ပါဝင်ရန်လိုအပ်ကြောင်း တိုက်တွန်းထားသည်။

ယခုအခါတွင် အဆိုပါ စမ်းသပ်ကုသမှုကို နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတွင် လူနာပေါင်း ၉၀ ကျော်ကို စမ်းသပ်ကုသခဲ့ပြီး သုတေသနပြုလုပ်ရာဌာန စင်တာအမှတ်စဉ်မှာ ၁၉၈ ဖြစ်သည်။ Tranexamic Acid ဟုခေါ်သည့် ဆေးတစ်မျိုးထိုးသွင်း၍ ဦးခေါင်းပိုင်းဒဏ်ရာရရှိထားသော လူနာ၏အခြေအနေကို တိုးတက်စေခြင်း ရှိ မရှိ စောင့်ကြည့်လေ့လာရန် ယင်းစမ်းသပ်မှုကို လုပ်ဆောင်လျက်ရှိကြောင်း၊ ကုသမှုတွင် ပါဝင်နိုင်သောလူနာသည် ဦးခေါင်းပိုင်းထိခိုက်ဒဏ်ရာရရှိခြင်းဖြစ်ပြီး အသက် (၁၈) နှစ်အထက်နှင့် ဦးခေါင်းဒဏ်ရာရရှိသည့်အချိန်မှ သုံးနာရီအတွင်း ဆေးကုသမှုစင်တာအတွင်းသို့ ရောက်ရှိနိုင်ရမည်ဖြစ်ကြောင်း၊ ယင်းကုထုံးသစ်အတွက် စမ်းသပ်မှုကုန်ကျစရိတ်အားလုံးကို ဆေးထုတ်လုပ်သည့်ကုမ္ပဏီမှ ထောက်ပံ့ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတကာအဖွဲ့အစည်းများက ထောက်ပံ့ပေးခြင်း ဖြစ်ကြောင်း၊ အဆိုပါစမ်းသပ်မှုကို လန်ဒန်တက္ကသိုလ်ရှိ လန်ဒန်တစ်ကိုယ်ရေကျန်းမာရေးနှင့် အပူပိုင်းဒေသဆေးပညာဆိုင်ရာကျောင်း (LSHTM) မှ ဆရာဝန်များနှင့်စမ်းသပ်လေ့လာရေးအဖွဲ့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူနာအနေဖြင့် စမ်းသပ်မှုတွင် ပါဝင်ခြင်းအကျိုးဆက်ကြောင့် ဆေးရုံတွင်အချိန်ပိုနေရခြင်း၊ လေ့လာစူးစမ်းဆေးကုသမှုအတွက် အခကြေးငွေပေးရန် မလိုအပ်ကြောင်း၊ နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဆေးကုသမှုဌာန ဒေါက်တာသန်းလတ်အောင်ထံမှ သိရသည်။

Tranexamic Acid သည် ဆေးအသစ်တစ်မျိုးမဟုတ်ဘဲ ခွဲစိတ်မှုပြုလုပ်ပြီးနောက် သွေးထွက်ခြင်းကို လျှော့ချပေးရန် နှစ်များစွာကြာအောင် သုံးစွဲလာခဲ့ပြီး မကြာသေးမီကလည်း အခြားသော ပြင်းထန်သည့်ဒဏ်ရာများကိုကုသရန်အသုံးပြုခဲ့ရာ အဆိုပါဆေးသည် သွေးထွက်လွန်မှုကို ထိန်းချုပ်ပေးသည့် သွေးထုံးလေးများ ပျက်စီးခြင်းကို ရပ်တန့်အောင် လုပ်ဆောင်ပေးနိုင်ကြောင်း သိရသည်။ စမ်းသပ်မှုများအရ ယင်းဆေးသည် မလိုသည့်သွေးခဲမှုကို မဖြစ်စေဘဲ ခဏတာသုံးစွဲခြင်းဖြင့် ပြင်းထန်သော ဆိုးကျိုးမရှိနိုင်ကြောင်း၊ သို့သော် ဆရာဝန်သည် လူနာအား နီးနီးကပ်ကပ်စစ်ဆေးအကဲဖြတ်ပြီး မျှော်လင့်မထားသောပြဿနာများ ဖြစ်ပေါ်လာပါက လေ့လာရေးအဖွဲ့များထံ သတင်းပို့ရမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့မျှော်လင့်တဲ့အတိုင်း သုတေသနအောင်မြင်ခဲ့ရင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ရော၊ မြန်မာနိုင်ငံအနေနဲ့ပါ ဦးခေါင်းဒဏ်ရာရတဲ့သူတိုင်း ဦးနှောက်နဲ့အာရုံကြောခွဲစိတ်ဌာနကို သွားစရာမလိုတော့ဘူး။ တချို့လူနာတွေဆိုလို့ရှိရင် နယ်မှာတင်ဆေးထိုးပြီး ကုသလို့ရမှာဖြစ်ပါတယ်။ ဝေးလံခေါင်ဖျားတဲ့ဒေသတွေမှာ ဦးနှောက်ဒဏ်ရာရတဲ့ လူနာတွေ မြို့ပေါ်ကို လာစရာမလိုတော့ပါဘူး။ နယ်မှာတင်ဆေးထိုးပြီး ကုသလို့ရနိုင်ပါတယ်။ လေဖြတ်တဲ့လူနာအတွက် တော့မရပါဘူး။ ထိခိုက်ဒဏ်ရာအတွက်ပါပဲ"ဟု ဒေါက်တာသန်းလတ်အောင်က ပြောသည်။



ဆက်လက်၍ နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတွင် နေ့စဉ်ဦးခေါင်းဒဏ်ရာရရှိပြီး ကုသမှုခံယူရန် ရောက်ရှိလာသည့် လူနာသည် ၁၀ ဦးခန့်ရှိပြီး သုတေသနစမ်းသပ်မှုအတွက် ပါဝင်လူနာမှာ တစ်လလျှင် ငါးဦးမှ ၁၀ ဦးအထိရှိကာ ဒီဇင်ဘာလတွင် ယင်းသုတေသနစမ်းသပ်မှုကို အပြီးသတ်ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ကိုပေါက်(ဥက္ကာမြေ)**

# တံခွန်တိုင်ကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန် ငွေလှူဒါန်း

**သာပေါင်း ဖေဖော်ဝါရီ ၂၅**

သံဃဒါန ပဒေသာအသင်း (ကြည့်မြင်တိုင်အခြေစိုက်) မှ ဖေဖော်ဝါရီ ၂၃ ရက်က ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ကျေးရွာရှိ စိတ္တသုခရတနာပုံကျောင်းတိုက် ဆရာတော် ဉူးပညာဇောတထံသို့ လှူဒါန်းငွေကျပ် ၁၄၇၇၇၅၀နှင့် ဆရာတော်အား နဝကမ္မလှူဒါန်းငွေကျပ် တစ်သိန်း၊ ကျောင်းသား ကျောင်းသူများအတွက် အဖြူအစိမ်းနှင့် အခြားအဝတ်အထည်များ တန်ဖိုးငွေကျပ် ၁၅၀၀၀၀ခန့်ကို အကျိုးတော်ဆောင်များနှင့် အလှူရှင်များက သွားရောက်လှူဒါန်းခဲ့ကြသည်။



ထိုကဲ့သို့ ပညာရေးအထောက်အကူပြုပစ္စည်းများနှင့်တကွ သင်ကြားရေး ဆရာ ဆရာမ လုံလောက်မှုမရှိသော အစိုးရအသိအမှတ်ပြုကျောင်းများနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်းများ နိုင်ငံတစ်ဝန်းတွင် များစွာရှိနေကြောင်း၊ ပရဟိတအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများအားလုံးမှ မိမိတို့နှင့် နီးစပ်ရာဒေသတိုင်းသို့ ဝိုင်းဝန်းကူညီထောက်ပံ့ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း သံဃဒါနပဒေသာအသင်းမှ အကျိုးတော်ဆောင် ဦးဇော်ထက်ကကို ပြောသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

သတင်းတိုများ

## ဝန်ထမ်းများစွမ်းရည်မြှင့်သင်တန်းဆင်းပွဲ

ဗန်းမော်မြို့၌ ဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီလတတိယပတ်ကကျင်းပရာ ခရိုင်ဦးစီးမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ခရိုင်အတွင်းရှိ မြို့နယ်/မြို့နယ်ခွဲရုံးများမှ ဝန်ထမ်းပေါင်း ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်ကြီးမြို့၌ ပြည်နယ်ကညနဦးစီးမှူး ဦးမျိုးကျော်အောင်၊ ဒုဦးစီးမှူး ဦးစောကျော်လွင်ဦးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သော အကြောင်းအရာများကို ဖေဖော်ဝါရီလတတိယပတ်က စူပါဝမ်းကုန်တိုက်ခန်းမအတွင်း၌ ရှင်းလင်းဟောပြောခဲ့ပြီး သံတောင်မြို့ပေါ်ရှိ ဆိုင်ကယ်လိုင်စင်မပြုလုပ်ရသေးသူများအား ဆိုင်ကယ်လိုင်စင်ထုတ်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## ငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံ

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်ထောင်စုငြိမ်းချမ်းရေးကြိုဆိုထောက်ခံပွဲအခမ်းအနား ပေါင်မြို့နယ် ဇင်းကျိုက်မြို့ အထကဝင်းအတွင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ မြို့နယ်ဖွံ့ဖြိုးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်က အမှာစကားပြောကြားပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံသည့်အဆိုကို မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောတင်ထွန်းကတင်သွင်းသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံသည့် ကြွေးကြော်သံများဖြင့် ကြိုဆိုထောက်ခံခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## လွယ်ဂျယ်-မန်ကောင်း ကျောက်ချောလမ်းခင်း

ကချင်ပြည်နယ် မိုးမောက်မြို့၌ လွယ်ဂျယ်-မန်ကောင်း နယ်စပ်ပတ်လမ်းအရှည်တစ်မိုင် ကျောက်ချောလမ်းခင်းကျင်းလုပ်ငန်းသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ရာနှုန်းပြည့် ပြီးစီးသွားပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းသည် ယခင်က မြေသားလမ်းဖြစ်၍ သွားလာရအလွန်ခက်ခဲသော လမ်းဖြစ်၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မီးဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(ရန်ကုန်) Myanmar-Japan Socio Economic Development Association (Yangon) (Myanmar -Japan SEDA)က အလှူငွေကျပ် ၁၁၀၀၀၀၀နှင့် ဉာဏ်တော် ၁၁ လက်မ ရွှေအဆင်းရှိ ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူကို ဖေဖော်ဝါရီလတတိယပတ်က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရန်ကုန်)ရုံး၌ ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူး ဦးကြည်သာက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## နိုင်ငံခြားသားထိန်းသိမ်းရေးဆိုင်ရာ ဥပဒေရှင်းလင်း

မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကကြီးမှူး၍ နိုင်ငံခြားသားထိန်းသိမ်းရေးဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ ရှင်းလင်းပွဲကို ဖေဖော်ဝါရီလတတိယပတ်က မော်လမြိုင်မြို့နယ် ဘိုကုန်းရပ်ကွက်ရှိ သံလွင်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် တည်းခိုခန်းများသို့ နိုင်ငံခြားသားတည်းခိုခွင့် သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရ အထောက်အထားပြည့်စုံမှသာ လက်ခံ၍ လက်ခံသည့်အမည်စာရင်းများကို အချိန်မီ မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ဒုတိယအကြိမ် မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူးဖလား(၂၀ နှစ်) အောက် ရပ်ကွက်ကျေးရွာ ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဖေဖော်ဝါရီလတတိယပတ်က မြို့နယ်အားကစားကွင်း၌ကျင်းပရာ အမှတ်(၁)ရပ်ကွက်အသင်းက စင်ရော်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမရ အမှတ်(၁)ရပ်ကွက်အသင်းနှင့် ဆုရအသင်းများအား မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဆေးပညာသတင်းဆန်းများ (၁၂၆)

ဒေါက်တာကံညွန့်

**အဆိပ်ခါတ်သည် ကင်ဆာရောဂါတချို့အတွက်ထိရောက်**

ယခုစတင်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ပိုးကောင်တစ်ကောင်ရဲ့ အဆိပ်ခါတ်ဟာ လူတွေမှာဖြစ်တတ်တဲ့ ကင်ဆာရောဂါတချို့အတွက် အလွန်ထိရောက်တဲ့ ဆေးတစ်ခုအဖြစ် တွေ့ရတယ်ဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ ဘရာဇီးနိုင်ငံ Sao Paulo State University နှင့် အင်္ဂလန်နိုင်ငံ Leeds University က ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အဆိုအရ နကျယ်ကောင် (wasp) ခေါ်တဲ့ ပျားလိုအကောင်တစ်မျိုးရဲ့ အဆိပ်ဟာ သွေးကင်ဆာ၊ ဆီးကျိတ် (Prostate) နှင့် ဆီးအိမ် (Bladder) ကင်ဆာတို့မှာ ထိရောက်တဲ့ဆေးဖြစ်နေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအဆိပ်မှာပါတဲ့ MP1 လို့အမည်ပေးထားတဲ့ Peptide ခါတ်ဟာ ကင်ဆာဆဲလ်ရဲ့ မျက်နှာပြင်မှာရှိနေတဲ့ Fatty Molecule (Lipid) နှင့် ပေါင်းစပ်ပြီး ကင်ဆာဆဲလ်တွေရဲ့ မျက်နှာပြင်မှာ အပေါက်ဖြစ်သွားစေတယ်လို့ ဆိုပါတယ်။ ဒီအပေါက်ကြောင့် ကင်ဆာဆဲလ်ရဲ့ အထဲက အဓိကအရေးပါတဲ့ Molecule ဟာ ဆက်လက်မရှင်သန်နိုင်ဘဲ သေဆုံးသွားရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကင်ဆာကျိတ်ဟာလည်း ပိန်ချုံးသေးငယ်သွားရတာဖြစ်တယ်လို့ သူတို့တွေ့ရှိချက်ကို ဖော်ပြထားပါတယ်။ ဒီပိုးကောင်ရဲ့အဆိပ်ဟာ ကျန်တဲ့နေရာတွေမှာ စိတ်ချစွာ အသုံးပြုနိုင် မပြုနိုင်ကို ထပ်ပြီး



ပိုလီယိုအကြောသေရောဂါ ခံစားနေရသော ကလေးများ။

လေ့လာစရာရှိပေမယ့် အသုံးဝင်တဲ့ကင်ဆာဆေးအဖြစ် သေချာပေါက်ဖော်ထုတ်နိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**ကလေးများတွင် ဖြစ်တတ်သည့် ကင်ဆာရောဂါကြိုတင်သိနိုင်သည့် စမ်းသပ်မှုတွေ့ရှိ**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်က ကလေးတွေမှာ ဖြစ်တတ်တဲ့ ကင်ဆာရောဂါတချို့ကို ကြိုတင်သိနိုင်တဲ့ လွယ်ကူတဲ့ စမ်းသပ်မှုတစ်ခုကို ရှာတွေ့ခဲ့ပြီဆိုတဲ့ သတင်းပါ။ ဒီလိုတွေ့ခဲ့သူတွေကတော့ လန်ဒန် ကင်းဘရစ်ချ်တက္ကသိုလ် Alden Broke's Hospital က ဆေးပညာရှင်တွေပဲဖြစ်ပါတယ်။ သူတို့တွေ့ရှိခဲ့တဲ့ ကင်ဆာအမျိုးအစားကတော့ Germ Cell Tumor ခေါ်တဲ့ ကင်ဆာမျိုးဖြစ်ပါတယ်။ Germ Cell ဆိုတာ သာမန်အားဖြင့် ယောကျ်ားလေးဆိုရင် Testis (ဝှေးစေ့)၊ မိန်းကလေးဆိုရင် Ovary (မျိုးဥ) တို့ ပုံမှန်ရှိတတ်ကြတာပါ။ ဒါပေမယ့် ဆဲလ်တွေဟာ ကလေးသန္ဓေတည်စဉ်မှာ တခြားကိုယ်ခန္ဓာအစိတ်အပိုင်းမှာရောက်သွားပြီး ကြီးထွားလာရင် Germ ဆဲလ် Tumor ဆိုတဲ့ ကင်ဆာကျိတ်ဖြစ်လာတာဖြစ်ပါတယ်။ ဒီကင်ဆာ ရှိမရှိ သံသယရှိတဲ့ကလေးတွေကို သွေးဖောက်ပြီးဖြစ်စေ၊ ကျောရိုးဆီရည် (Cerebero-Spinal fluid-(CSF) ကို ဖောက်ပြီးဖြစ်စေ စစ်ဆေးနိုင်ပြီလို့ဆိုပါတယ်။ ဒီအရည်တွေမှာ အနည်းဆုံး Micro RNA ခေါ်တဲ့ Protein အစ အနည်းဆုံး လေးခုထက်မနည်းပါဝင်နေပြီဆိုရင် ကင်ဆာရှိနေပြီလို့ ယူဆနိုင်ကြောင်း ဖော်ပြထားပါတယ်။ သူတို့အဆိုအရ တခြား Malignant Cancer တချို့ကိုလည်း ဒီနည်းနဲ့ ခန့်မှန်းနိုင်လိမ့်မယ်လို့ ဆိုကြောင်း တင်ပြလိုက်ရပါတယ်။

**ပိုလီယိုရောဂါဆေးအခမဲ့တိုက်ကျွေးနေသည့် မြေအဘွားနှစ်ယောက်ကို အာဖဂန်စစ်သွေးကြွများတိုက်ခိုက်**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အာဖဂန်နစ္စတန်နိုင်ငံက ပိုလီယိုရောဂါဆေး အခမဲ့ဖြန့်ဝေတိုက်ကျွေးနေတဲ့ မြေးအဘွားနှစ်ယောက်အကြောင်းပါ။ ဒီမြေးအဘွားဟာ ကာကွယ်ဆေးတိုက်ကျွေးဖို့ သွားနေစဉ်မှာ အာဖဂန်စစ်သွေးကြွနှစ်ဦးရဲ့ လက်ချက်နဲ့ အဘွားက နေရာတွင်မှာပဲ ပွဲချင်းပြီးသေဆုံးရပြီး မြေးမလေးကတော့ ပြင်းထန်တဲ့ ဒဏ်ရာတွေနဲ့ ဆေးရုံတင် ကုသမှုခံယူနေရတယ်ဆိုတဲ့ သတင်းပါ။ ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန်နှစ်နိုင်ငံမှာ ဒီသတင်းမျိုးတွေ ယခင်ကလည်း ထွက်ပေါ်ခဲ့ပါတယ်။ အဲဒီနိုင်ငံတွေက စစ်သွေးကြွတွေဟာ အခုလိုကာကွယ်ဆေးပေးနေတဲ့ လုပ်သားတွေကို သူတို့ရဲ့သတင်းတွေ ထောက်လှမ်းဖို့ လာတဲ့လူတွေဆိုပြီး ပစ်ခတ်ခဲ့ကြတာပါလို့ဆိုပါတယ်။ အခုဆိုရင် ကမ္ဘာမှာ ပိုလီယိုရောဂါရှိတဲ့နိုင်ငံလေးနိုင်ငံလောက်ပဲရှိတော့တာမှာ အာဖဂန် နိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံတို့ ပါဝင်နေပါတယ်။ ဒီ Campaign ကြီးရဲ့ အကျိုးကျေးဇူးကြောင့် အာဖဂန်နိုင်ငံမှာ ၁၉၉၉ ခုနှစ်က ပိုလီယိုဖြစ်သူ ၆၃ ဦးရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်မှာ ၁၄ ဦးသာရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ ဒီရောဂါဖြစ်သူ ရှစ်ဦးသာရှိပြီး ပါကစ္စတန်နိုင်ငံမှာတော့ ၁၀၈ ဦးထိရှိနေပါသေးတယ်။ ဒီပိုလီယိုရောဂါဟာ Picona Virus ကြောင့်ဖြစ်ရပြီး ဒီရောဂါဖြစ်တဲ့ ကလေးတွေဟာ နာရီပိုင်းအတွင်း ပြန်ကုသမရနိုင်တဲ့ အကြောသေရောဂါကို ခံစားကြရတာဖြစ်ပါတယ်။ ဒီရောဂါကြောင့် ယခုရာစုနှစ်တွင် နိုင်ငံပေါင်း ၁၂၅ နိုင်ငံ မှာ နှစ်စဉ်ကလေး ၃၅၀၀၀၀ ခန့်အကြောသေရောဂါခံစားခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၈၈ ခုနှစ်ကပဲ ဒီရောဂါအမြစ်ပြတ် တိုက်ဖျက်ရေးကို စတင်ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။



ပဋိသန္ဓေ တားဆေးတစ်မျိုးဖြစ်သည့်
SAYANA PRESS





American Cancer Society အဆောက်အအုံကို တွေ့ရစဉ်။

**ကိုယ်ဝန်မဆောင်လိုသည့် အမျိုးသမီးများ ကိုယ်တိုင်ထိုးနိုင်သည့် ပဋိသန္ဓေတားဆေးတစ်မျိုးခွင့်ပြု**

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ အမျိုးသမီးတွေအတွက်ပါ။ ကိုယ်ဝန်မဆောင်လိုတဲ့ အမျိုးသမီးတွေဟာ ကိုယ်တိုင်ထိုးလို့ရတဲ့ ပဋိသန္ဓေတားဆေးတစ်မျိုးကို အင်္ဂလန်နိုင်ငံမှာ အသုံးပြုဖို့ ခွင့်ပြုလိုက်ပြီလို့ဆိုပါတယ်။ ဒီဆေးကတော့ နာမည်ကြီး Pfizer ကုမ္ပဏီက ထုတ်လုပ်လိုက်တဲ့ဆေးဖြစ်ပြီး ဒီဆေးနာမည်ကတော့ SAYANA PRESS လို့ခေါ်ပါတယ်။ ဒီဆေးဟာ တစ်ခါထိုးထားရင် ရက်သတ္တ ၁၃ ပတ်ကြာခံတယ်လို့ ဆိုပါတယ်။ ဒီဆေးဟာ USD ၁ ဒေါ်လာသာပေးရပြီး ဈေးသက်သာတာကြောင့် ယခင်က အာဖရိကနိုင်ငံတွေဖြစ်တဲ့ ဆီနီဂေါနဲ့ ယူဂန်ဒါနိုင်ငံတွေမှာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့တယ်လို့ဆိုပါတယ်။ ယခုအခါ အင်္ဂလန်နိုင်ငံကပါ သုံးစွဲခွင့်ပြုလိုက်ပြီး EU အဖွဲ့ဝင်နိုင်ငံ တချို့ဖြစ်တဲ့ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ဟန်ဂေရီ၊ နယ်သာလန်၊ နိုင်ငံတွေကတော့ စောင့်ကြည့်လေ့လာဆဲလို့ ဆိုပါတယ်။ ဒီဆေးဟာ ဘေးထွက်ဆိုးကျိုးနည်းခြင်း၊ ဈေးသက်သာခြင်း၊ တခြားပဋိသန္ဓေတားဆေးတွေလို နေ့စဉ်စားသုံးရခြင်း၊ မရှိခြင်း၊ ဆေးခန်းတွေမှာ သွားပြရမှုနည်းခြင်းလို့ အချိန်ကုန်သက်သာခြင်းကြောင့် သုံးစွဲသူများကြောင်း တင်ပြလိုက်ရပါတယ်။

**အမေရိကန်နိုင်ငံမှာ ကင်ဆာရောဂါကြောင့် သေဆုံးရမှု တစ်နှစ်ထက်တစ်နှစ်ကျဆင်းလာ**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အမေရိကန်နိုင်ငံက ကင်ဆာရောဂါအခြေအနေ သတင်းတစ်ခုပါ။ အမေရိကန်နိုင်ငံဟာ ကင်ဆာရောဂါနဲ့ပတ်သက်ပြီး ပညာပေးခြင်း၊ ရောဂါရှာဖွေခြင်း၊ ကုသခြင်းဆောင်ရွက်ရာမှာ ထိပ်တန်းနိုင်ငံတစ်ခုပါ။ ယခုအခါ အမေရိကန်နိုင်ငံမှာ ကင်ဆာရောဂါကြောင့် သေဆုံးရမှုဟာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာနေတယ်လို့ ဆိုပါတယ်။ ၂၀၁၅ ခုနှစ် စာရင်းများအရ ကင်ဆာရောဂါရှင်ပေါင်း ၁ ဒသမ ၇ သန်းခန့်ရှိခဲ့ပြီး ကင်ဆာရောဂါကြောင့် သေဆုံးရသူ ခြောက်သိန်းကျော်ရှိခဲ့တယ်လို့ ဆိုပါတယ်။ American Cancer Society က ထုတ်ပြန်တဲ့ဒီသတင်းကို Cancer Journal For Clinician ဂျာနယ်မှာ ဖော်ပြထားပါတယ်။ သူတို့အဆိုအရ ကင်ဆာဖြစ်ပွားနှုန်းတိုးလာသော်လည်း ကင်ဆာကြောင့် သေဆုံးရမှုနှုန်းဟာ ကျဆင်းလာတယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ ဆယ်စုနှစ်တစ်ခုအတွင်းမှာ ၂၃ ရာခိုင်နှုန်း ကျဆင်းခဲ့တယ်လို့ဆိုပါတယ်။ ကိန်းဂဏန်းအရ ၁၉၉၁ ခုနှစ်က ကင်ဆာကြောင့် သေဆုံးနှုန်းများခဲ့ဖူးပေမယ့်ယင်းအချိန်ကစပြီး ရေတွက်ရင် သေဆုံးမှု ၁ ဒသမ ၇ သန်းနည်းပါးသွားခဲ့တယ်လို့ ဆိုပါတယ်။ ကင်ဆာရောဂါဖြစ်ပွားနှုန်းဟာလည်း ၂၀၀၉ ခုနှစ်ကစပြီး နှစ်စဉ် ၃ ရာခိုင်နှုန်းကျဆင်းခဲ့တယ်လို့ဆိုပါတယ်။ အမျိုးသမီးတွေမှာ ရင်သားကင်ဆာဟာ အဖြစ်အများဆုံးဖြစ်ပြီး အမျိုးသားတွေမှာတော့ ဆီးကျိတ်ကင်ဆာ၊ အဆုတ်ကင်ဆာတို့အဖြစ်များဆုံးဖြစ်တယ်။ တခြား အဖြစ်များတဲ့ ကင်ဆာတွေကတော့ အစာအိမ်၊ အူမကြီးနဲ့ မစင်အိမ်၊ သွေးကင်ဆာ၊ သားအိမ်ကင်ဆာတို့ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**အမေရိကန်တွင် ဆရာဝန်ညွှန်ကြားသည့်ဆေးဝါးဝယ်ယူမှု ယခင်နှစ်ကထက် ဈေးနှုန်းမြင့်တက်**

အမေရိကန်သမ္မတရွေးကောက်ပွဲဟာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပမှာပါ။ ဒီမိုကရက်တစ်နှင့် ရီပါပလစ်ကန်ပါတီကြီးနှစ်ခု ယှဉ်ပြိုင်ကြမှာပါ။ ဘယ်သူဟာ ဘယ်ပါတီရဲ့ သမ္မတလောင်းဖြစ်လာမယ်ဆိုတာ အတိအကျမသိရသေးပေမယ့် ဒီမိုကရက်တစ်ပါတီဘက်ကတော့ ဟီလာရီကလင်တန်နဲ့ Senator Bernie Sanders တို့ဟာ အခြေအနေကောင်းနေပြီး ရီပါပလစ်ကန်ပါတီဘက်မှာတော့ Ted Cruz နဲ့ Donal Trump တို့ဟာ အခြေအနေကောင်းနေကြပါတယ်။

ဒီမဲဆွယ်ပွဲတွေလုပ်နေစဉ် ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ အမေရိကန်လူထုကို ရိုက်တာသတင်းဌာနက ဦးဆောင်ပြီး စစ်တမ်းတစ်ခု ကောက်ယူခဲ့ပါတယ်။ အမေရိကန်လူထု စိတ်အဝင်စားဆုံးပြဿနာတွေဖော်ပြခိုင်းခဲ့ရာမှာ အမေရိကန်လူထု အလိုချင်ဆုံးအကြောင်းတစ်ခုက ဆေးဝါးအသုံးစရိတ်မြင့်တက်နေတာကို လျှော့ချရေးပဲဖြစ်ပြီး ဒုတိယကတော့ တိုင်းပြည်ကို အကြမ်းဖက်မှုအန္တရာယ်က လုံခြုံအောင် ဘယ်လိုတားမလဲဆိုတာပဲဖြစ်ပါတယ်။ နောက်အကြောင်းတွေကတော့ အလုပ်အကိုင်များများ ဖန်တီးပေးဖို့ ပညာရေးပြုပြင်ပြောင်းလဲမှု၊ အသုံးစရိတ်လျှော့ချဖို့နဲ့ ရာသီဉတုပြောင်းလဲလာမှုကို ကာကွယ်ဖို့ပဲဖြစ်ပါတယ်။ အမေရိကန်နိုင်ငံသားတွေရဲ့ အဆိုအရ ဆေးဝါးစရိတ်မြင့်တက်လာမှု၊ ဆရာဝန်တွေ ညွှန်ကြားတဲ့ ဆေးဝါးတွေမှာ ဈေးကြီးလာမှု၊ အသက်အာမခံစရိတ်မြင့်တက်လာမှုတွေပါတယ်လို့ဆိုပါတယ်။ လူနာတစ်ဦးကို ဆရာဝန်တွေညွှန်ကြားတဲ့ ဆေးဝါးဝယ်ယူရမှုဟာ ယခင်နှစ်တွေကထက် ယခုနှစ်ပိုင်းမှာ ၃၀ ရာခိုင်နှုန်းမြင့်တက်လာတယ်လို့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။ အမေရိကန်လူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးဝါးအသုံးစရိတ်အပေါ် ခံစားနေရချက်ကို အလျဉ်းသင့်လို့ ဖော်ပြလိုက်ရတာဖြစ်ပါတယ်။

## ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ကြိုတင်ဆောင်ရွက်

**ကျွန်းလှ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း ကျေးရွာများ၌ အယ်နီညို ရာသီဥတု ကျရောက်လျှင် သောက်သုံးရေပြတ်လပ်မှုမရှိအောင် ဆောင်ရွက်ရန် အတွက် ရေစနစ်တကျသုံးစွဲရေးနှင့် လက်ရှိရေသုံးစွဲမှုအခြေအနေများကို ရွှေဘို ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ ၂၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ သံဘို၊ ဘိုကုန်း၊ ဆားကျင်း၊ သဖန်းဆိပ်၊ ရွှေတောင် ကျေးရွာများရှိ ရေတွင်း၊ ရေကန်၊ လက်နှိပ်ရေတွင်းများ အခြေအနေကို ကြည့်ရှု ခဲ့ခြင်းဖြစ်ပြီး လတ်တလောတွင် ရေပြတ်လပ်မှုမရှိသေးသော်လည်း အကယ်၍ ရေပြတ်လပ်မှုရှိလာပါက ကျေးရွာနေပြည်သူများအနေဖြင့် သက်ဆိုင်ရာဌာန များသို့ အချိန်မီအကြောင်းကြားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## အာမခံလုပ်ငန်း အသိပညာပြန့်ပွားရေး ဟောပြော

**တောင်ကြီး ဖေဖော်ဝါရီ ၂၅**

မြန်မာ့အာမခံလုပ်ငန်းမှဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပြန့်ပွားရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃နာရီက ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ပညာရေးဝန်ကြီးဌာန ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ်ရုံး(တောင်ကြီး) ပြည်နယ်တာဝန်ခံ ဒေါ်ရီရီမြင့်က မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက် ရှိသော ပြည်သူ့ဝန်ထမ်းအသက်အာမခံ၊ ကျန်းမာရေးအာမခံ၊ ခရီးသွား အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အာမခံလုပ်ငန်း အသိပညာပြန့်ပွားရေးဟောပြောပွဲသို့ မြန်မာ့အာမခံ လုပ်ငန်းမှ တာဝန်ရှိသူများ၊ ပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ် (၂၀/၁၅) ပထမနှစ်နှင့် အမှတ်စဉ် (၁၉/၁၄) ဒုတိယနှစ်မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၀၀ တက်ရောက် ခဲ့ကြသည်။ တက်ရောက်သူများကလည်း သိရှိလိုသည့်အချက်အလက်များကို မေးမြန်းရာ တာဝန်ရှိသူက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**



## လူမှုကူညီရေးအသင်းသို့ စတီးရွက်ဖျင်မိုးကာတဲလှူဒါန်း

**သပိတ်ကျင်း ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့ပေါ်ရှိ ကဘဲ့ရပ်ကွက် လူမှုကူညီရေးကရုဏာရှင်လေးများ အသင်း၏ လူမှုကူညီရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် စတီးရွက်ဖျင်မိုးကာတဲကို အလှူရှင်မိသားစုက ဖေဖော် ဝါရီ ၂၄ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲသို့ ကဘဲ့ရပ်ကွက် ကရုဏာရှင်လေးများအသင်းနာယက ဦးစိုးဆင့်၊ အသင်းဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် အသင်းသူအသင်းသားများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်မိသားစုများတက်ရောက်ကြပြီး တန်ဖိုးကျပ် သုံးသိန်းရှစ်သောင်းရှိ အလျား ၁၈ ပေ၊ အနံ ၁၂ ပေရှိ မိုးကာရွက်ဖျင်တဲကို အလှူရှင်မိသားစုက အသင်းတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကာ အသင်းနာယက ဦးစိုးဆင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်း လွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

## (၆၉)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပ

**ကော့ကရိတ် ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ (၆၉)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်း အနားကို ဖေဖော်ဝါရီ ၂၄ရက်က အမှတ်(၂)ရပ်ကွက်ရှိ သုခကာရီဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကော့ကရိတ်မြို့နယ် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ချစ်သောင်းက မွန်လူမျိုးများ ဆင်းသက်လာပုံအကြောင်းကို မွန်ဘာသာဖြင့်ပြောကြားခဲ့ပြီး မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ နိုင်ချစ် လှိုင်က မြန်မာဘာသာဖြင့် ပြောကြားခဲ့သည်။ အခမ်းအနားသို့ ကော့ကရိတ်မြို့ ရှိ မွန်တိုင်းရင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**



## ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ကသာမြို့အနီး၌ သဲသောင်တူးဖော်

**ကသာ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အနီး အရှေ့ဘက်ရှိ ဧရာဝတီမြစ်အတွင်း မြစ်ရေစီး ရေလမ်းကြောင်းများ ကောင်းမွန်ရေးနှင့် ရေယာဉ် များ ပိုမိုဝင်ရောက်နိုင်ကာ ကုန်စည်စီးဆင်းမှု ကောင်း မွန်လာရေးအတွက် မြစ်အတွင်းရှိ သဲသောင်များကို ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ် ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖေဖော် ဝါရီ ၂၃ ရက်မှ စတင်တူးဖော်လျက်ရှိကြောင်း သိရသည်။

သောင်တူးဖော်ခြင်းလုပ်ငန်းကို ပို့ဆောင်ရေး ဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ဦးဆောင် မှုဖြင့် အထက်မြန်မာပြည် သောင်တူးဌာနခွဲက ကြီးကြပ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရ သည်။ လုပ်ငန်းများကို ဗ(၆၀၁) ရေယာဉ်နှင့် အထောက်ကူပြု မက(၉)ရေယာဉ်များဖြင့် ဆောင် ရွက်နေခြင်းဖြစ်ပြီး တူးဖော်မည့်ပမာဏမှာ အကျယ် ၃၅ မီတာ၊ အနက် ရေစစ်မျဉ်းအောက် ၃ မီတာ၊ အလျား ၁၁၄၃ မီတာဖြစ်၍ စုစုပေါင်းတူးဖော်မည့် ပမာဏ ၉၅၈၁၁ ကုဗမီတာ ဖြစ်ကြောင်း၊ လက်ရှိ တူးဖော်ရာတွင် အင်ဂျင်ပါဝါ ၆၀၀ အားရှိ ဒီဇယ် အင်ဂျင်ကိုအသုံးပြု၍ စက်စွမ်းအား ၁ နာရီလျှင် ၂၂၀ ကုဗမီတာ ၇၇ ကျင်းခန့်နှုန်းဖြင့် တူးဖော်နေ ကြောင်း၊ လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ ကျပ် သိန်း ၇၀၀ ဖြင့် ဆောင်ရွက်ပြီး မတ်လကုန်တွင် ပြီးစီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကသာခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကုန်တင်ကုန်ချ အလုပ်သမားဦးစီးဌာန တာဝန် ရှိသူတစ်ဦးက ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် သောင်တူးဖော်မှုများ လာ ရောက်ဆောင်ရွက်ပေးခြင်းကြောင့် ရေယာဉ်များ ကုန်သယ်ဆောင်နိုင်မှု ပို၍တိုးလာမည်ဖြစ်ကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဝင်ရောက်ကုန်တင်ချ တန်ချိန် ၇၂၅၈၆၈ တန်၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဇန်နဝါရီလကုန်အထိ ဝင်ရောက်ကုန်တင်ချ တန် ချိန် ၉၁၁၁၆၈ တန်ရှိကြောင်း၊ သောင်တူးဖော်မှုများ ပြီးစီး၍ ရေလမ်းကြောင်းပိုမိုကောင်းမွန်လာပါက ကုန်တင်ကုန်ချလုပ်ငန်းလည်း ပိုကောင်းလာပြီး မြို့နယ်နှင့် ကျေးလက်ဒေသများကို တိုက်ရိုက်အကျိုး ပြုလာနိုင်မည်ဖြစ်ကြောင်း ပြောသည်။

ကသာမြို့မှ ရေယာဉ်မောင်းသူများကလည်း မြစ် ကြောင်းတူးဖော်နေမှုနှင့် ပတ်သက်၍ မြစ်အတွင်း သောင်များရှိနေခြင်းကြောင့် ကသာမြို့ဆိပ်ကမ်း နှင့် အလှမ်းဝေးသည့်နေရာတွင် ကုန်သယ်နေရပြီး ကုန်သယ်ခ ဈေးအနည်းငယ်ပိုကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်က ရေလမ်းကြောင်းသွားလာမှု ချောမွေ့ စေရန်ဆောင်ရွက်ပေးသဖြင့် ကသာမြို့တွင် ကုန်စည် စီးဆင်းမှု မြန်ဆန်လာနိုင်ပြီး ကုန်ပစ္စည်းသယ်ယူခ ဈေးနှုန်းများလည်း သက်သာလာမည်ဖြစ်ကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုကောင်းမွန် လာမည်ဖြစ်ကြောင်း ခန့်မှန်းပြောကြားလျက်ရှိ သည်။

**ငွေအိုး(ကသာ)**

## မြန်မာ့လက်မှုထည်များ ပြည်ပကြိုက်ဖန်တီးနိုင်ပါက ဈေးကွက်ပိုမိုရရှိနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

လက်မှုလုပ်ငန်းကို ပြည်တွင်း ထက် ပြည်ပမှ နိုင်ငံခြားဧည့်သည်များ က ပိုမိုစိတ်ဝင်စားလျက်ရှိရာ မြန်မာ့ လက်မှုထည်များကို နိုင်ငံခြားဧည့်သည် များအကြိုက် ဖန်တီးနိုင်ပါက ဈေး ကွက် ပိုမိုရရှိနိုင်ကြောင်း သိရသည်။

သမဝါယမဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အမရ ပူရမြို့ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှ ကျောင်းအုပ် ကြီး ဒေါ်မေသန်းချစ်က "ပြည်ပနိုင်ငံ တွေက စိတ်ဝင်စားမှုရှိတယ်။ အထူး သဖြင့် ဂျပန်၊ ဩစတြေးလျ၊ ဂျာမနီ နိုင်ငံတွေက စိတ်ဝင်တစားလာရောက် တာများတယ်၊ ဒီအထဲမှာမှ ဂျပန်နိုင်ငံ ကလာတာ အများဆုံးပဲ။ သူတို့က သူတို့ရဲ့နည်းပညာနဲ့ ဒီကနည်းပညာ ဖလှယ်ပြီး တတ်ကျွမ်းမှုလိုချင်တယ်" ဟုဆိုသည်။

မြန်မာ့လက်မှု အနုပညာအသင်း အတွင်းရေးမှူး(၂) ဒေါ်စန္ဒာထွန်းက လည်း မြန်မာ့လက်မှုများကို ပြည်ပမှ စိတ်ဝင်စားနှစ်သက်ကြောင်း၊ နိုင်ငံ တော်တော်များများက သဘောကျ ကြပြီး ကြိမ်၊ ဝါး၊ ကျောက်စိမ်း၊ ကနု ကမာ၊ သစ်လက်ရာ ၊ ကြေးဖောင်းကြွ ပန်းချီ၊ စောင်း စသည့်လက်ရာများကို လည်းနှစ်သက်ကြောင်း ပြောသည်။

လက်မှုထည်များကို အနုပညာ အမြင်ဖြင့် မွမ်းမံခြင်း၊ ထုပ်ပိုးမှု ကောင်းမွန်အောင် ကြံဆခြင်းတို့ဖြင့် ဝယ်သူအား ဆွဲဆောင်နိုင်ရန် ကြိုး ပမ်းရမည်ဖြစ်ကြောင်း၊ ယခုအခါ အထင်ကရ ခရီးသွားနယ်မြေများ တွင် သန့်ရှင်းသော စားသောက်ဆိုင် များ၊ ခရီးသွားများကို ဆွဲဆောင်နိုင် သော အမှတ်တရပစ္စည်းဆိုင်များကို ဖန်တီး၍ အရည်အသွေးကောင်းသော လက်မှုပစ္စည်းများ ရောင်းချခြင်းကို စီစဉ်နိုင်ကြောင်း၊ ထို့အပြင် ဒေသခံ လက်မှုလုပ်ငန်းရှင်များ၏ အနုပညာ မြောက် ပစ္စည်းများ ထွက်ပေါ်နိုင်စေ ရန် ပံ့ပိုးမှုများလည်း ဆောင်ရွက်သင့် ကြောင်း သိရသည်။

"လုပ်ငန်းရှင်တွေမှာ ခက်ခဲနေတာ ဈေးကွက်မရှိလို့ပါ။ အဲဒီလုပ်ငန်းလေး တွေက သင်တာနဲ့ ရပ်သွားတာများ တယ်၊ ဒီဈေးကွက်ရရှိအောင် ထိုး ဖောက်နိုင်ဖို့ ကြိုးစားရမယ်၊ ကျွန်မ တို့ဘက်က နည်းပညာပိုင်းကို မျှဝေ ပေးနိုင်ပါတယ်၊ ဈေးကွက် အလား အလာကောင်းအောင်လုပ်နိုင်တဲ့ အဖွဲ့ အစည်းတွေနဲ့ ပူးပေါင်းပြီးလုပ်ဆောင် ရင် အောင်မြင်မှုတွေရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။ အခုကကတော့ အခြေခံကျတဲ့လူတန်းစားတွေကို လူမှု စီးပွားဘဝဖွံ့ဖြိုးဖို့ဆိုတဲ့ ရည်ရွယ်ချက် နဲ့ လုပ်ဆောင်နေပါတယ်။ လိုအပ်လို့ ဖိတ်ခေါ်ရင် နယ်စပ်ဒေသအထိသွား ပြီး သူတို့မှာရှိတဲ့ လက်မှုပညာထပ်မံ မြှင့်တင်ပေးဖို့ သင်တန်းတွေပေးနေပါ တယ်"ဟု ဒေါ်မေသန်းချစ်က ပြော သည်။



အခြေခံလူတန်းစားများ ထုတ်လုပ် သော လက်မှုပစ္စည်းများကို ပညာရှင် များပါဝင်သော NGO/INGO များ ၏ နည်းပညာများ ပေါင်းစပ်ခြင်း၊ ဈေးကွက်ရရှိရေး လုပ်ငန်းအောင်မြင် ရေးအတွက် အတွေးအခေါ်၊ ဗဟု သုတများပေးခြင်း စသည့်ပံ့ပိုးမှုများ ဖြင့် ဈေးကွက်မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

**သတင်း – မွန်းဦးနဒီ**

# မိသားစု ဆရာဝန်

**ပါမောက္ခခင်မောင်ဝင်း(အသည်း)**

**အပိုင်း (၁)**

မိသားစုဆရာဝန်ကို အင်္ဂလိပ်လိုတော့ Family Doctor လို့ ခေါ်ရပါမယ်။ မိသားစုဆရာဝန်ဆိုတာကတော့ လူတစ်ဦးတစ်ယောက် ဒါမှမဟုတ် မိသားတစ်စုရဲ့ ကျန်းမာရေးကို ပြည့်ပြည့်စုံစုံနဲ့ စဉ်ဆက်မပြတ် စောင့်ရှောက်မှုကိုပေးနိုင်တဲ့ ဆရာဝန်ကို ခေါ်တာပါ။

ကမ္ဘာ့နိုင်ငံ တော်တော်များများမှာ မိသားစုဆရာဝန်စောင့်ရှောက်မှုဆေးပညာ (Family Medicine)ဆိုတာဟာ အထွေထွေကုတာ General Practice ဆိုတာနဲ့ အတူတူပဲလို့ သတ်မှတ်ကြပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် Family Doctor ဆိုတာ General Practitioner နဲ့ အတူတူပါပဲ။

မြန်မာနိုင်ငံမှာတော့ အထွေထွေကုတာကို General Practice လို့ ခေါ်ပါတယ်။ Family Medicine လို့ မခေါ်ပါဘူး။ ဒီလိုပဲ မိသားစုကုတဲ့ဆရာဝန် Family Doctor ကိုလည်း မြန်မာနိုင်ငံမှာ General Practitioner လို့ ခေါ်ပါတယ်။ အများစုက ဂျီပီ (G.P)လို့ပဲ ခေါ်လေ့ရှိပါတယ်။

**ဂျီပီ**

ဂျီပီဆိုတာ လာသမျှလူနာကို ကုပေးရတာဆိုတော့ အထွေထွေကု Generalist လို့ပဲ ခေါ်ရမှာပေါ့။ ကမ္ဘာ့မိသားစုဆရာဝန်များအဖွဲ့ကနေပြီး ဂျီပီ(ဒါမှမဟုတ်)မိသားစုဆရာဝန်ဆိုတာ ဘယ်လိုအဓိပ္ပာယ်ဖွင့်ထားသလဲဆိုတော့ ဆေးကုဖို့လာတဲ့ ဘယ်သူ့ကိုမဆို ထိထိရောက်ရောက်ကုသမှုပေးပြီး လိုအပ်သလို အခြားအထူးကုဆရာဝန်တွေနဲ့ ညှိနှိုင်းပေးနိုင်တဲ့သူလို့ ဆိုပါတယ်။

ယူကေနိုင်ငံမှာဆိုရင် Member of Royal College of General Practitioners (MRCGP) တော်ဝင်ဘုရင့်သမားတော်ကြီးများရဲ့ အထွေထွေကုဆရာဝန်များအဖွဲ့ ဒီပလိုမာဆိုပြီး သီးသန့်ဘွဲ့တစ်ခုပေးပြီး အထွေထွေကု ဂျီပီပညာရပ်ကို အသားပေး တလေးတစားအသိအမှတ်ပြုပါတယ်။

ဩစတြေးလျနိုင်ငံမှာဆိုရင်လည်း ဂျီပီကို သိပ်အသားပေးပါတယ်။ လူနာတွေအတွက် အရင်ဆုံး ပထမဆုံးရင်ဆိုင်ရမှာက ဂျီပီလို့ခေါ်တဲ့ အထွေထွေဆရာဝန်တွေပါပဲ။ ဒါကြောင့်မို့လို့ နိုင်ငံတကာမှာ ပဏာမကျန်းမာရေးစောင့်ရှောက်မှုမှာ ဂျီပီတွေဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါပါတယ်။

မြန်မာနိုင်ငံမှာလည်း ဂျီပီတွေဟာ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာ အရေးပါတဲ့နေရာမှာပါပါတယ်။ နိုင်ငံတော်အစိုးရကလည်း Family Medicine ဆိုပြီး ဒီပလိုမာတွေ ပေးလေ့ရှိပါတယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံမှာ ဂျီပီသို့မဟုတ် မိသားစုဆရာဝန် ဘာသာရပ်ကို ဒီထက်ပိုမိုပြီး အားပေးဆောင်ရွက်သင့်တယ်လို့ ယူဆမိပါတယ်။

**ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု (Primary Care)**

ပဏာမကျန်းမာရေးစောင့်ရှောက်မှုဆိုတာ အထူးတလည်လေ့ကျင့်ထားတဲ့ ဆရာဝန်တစ်ယောက်ကနေပြီး လူနာတွေကို အရင်ဆုံးတွေ့၊ စမ်းသပ်စစ်ဆေးပြီး လိုအပ်သလို ကုသပေးတာကို ပြောတာပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ၂၁ ရာစုမှာ အရေးအကြီးဆုံးဟာ ပဏာမကျန်းမာရေးစောင့်ရှောက်မှုဖြစ်တယ်လို့ ၂၀၀၈ ခုနှစ်မှာ ပြောခဲ့ပါတယ်။

၂၀၀၉ ခုနှစ် (၆၂)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံမှာလည်း ပဏာမကျန်းမာရေးစောင့်ရှောက်မှုလို့ခေါ်တဲ့ ဂျီပီတွေ လူနာနဲ့ထိပ်တိုက်ရင်ဆိုင်ကုသတာဟာ ကျန်းမာရေးစောင့်ရှောက်မှုမှာ အထူးအရေးကြီးတယ်ဆိုတာကို အရေးပေးဖော်ပြ ဆုံးဖြတ်သွားပါတယ်။

**ဂျီပီဆရာဝန်(သို့) မိသားစုဆရာဝန်ရဲ့ တာဝန်ဝတ္တရားတွေ**

တကယ့်ကို သတ်မှတ်ချက်တွေနဲ့ပြည့်နေတဲ့ မိသားစုဆရာဝန်တစ်ယောက်ရဲ့ ရှိသင့်တဲ့အရည်အချင်းတွေကို ပြောပြချင်ပါတယ်။

**ဆက်လက်စောင့်ရှောက်မှုတာဝန်**

မိသားစုဆရာဝန်တစ်ယောက်ရဲ့ တာဝန်ကတော့ လူနာတစ်ယောက်ကို ကြည့်ပြီးကုလိုက်ရုံနဲ့ မပြီးသေးပါဘူး။ အဲဒီလူနာကို ဘယ်လိုဆက်လက်စောင့်ရှောက်ရမယ်ဆိုတဲ့တာဝန် ရှိပါသေးတယ်။ အဲဒီလို ဆက်လက်စောင့်ရှောက်ကုသမှုပေးမှသာ လူနာဟာ ဆေးရုံမတက်ရဘဲ ကုသမှုအပြည့်ခံယူပြီး ပျောက်ကင်းသွားမှာပေါ့။

**နာတာရှည်လူနာတွေ**

မိသားစုဆရာဝန်ဟာ လူနာကို တစ်ခါကြည့်ပြီး နာတာရှည်ရောဂါတွေဆိုရင်လည်း ဆက်လက်စောင့်ရှောက်သွားရမှာပါ။

**အဆင့်မြင့်တဲ့ ဆေးကုသမှုတွေ**

မိသားစုဆရာဝန်ဟာ လူနာတွေကို ကြည့်ရှုတဲ့အခါမှာ အဆင့်မြင့်တဲ့ ခေတ်မီစောင့်ရှောက်မှုတွေနဲ့ ကုသပေးရမှာပါ။ အမေရိကန်ပြည်ထောင်စုမှာ မိသားစုဆရာဝန်ရဲ့ ဆေးပညာအဆင့်အတန်းဟာ မြင့်နေတဲ့အတွက် လူနာတွေသေဆုံးမှုတွေ လျော့ကျသွားတယ်ဆိုတာကို တွေ့ရပါတယ်။

ဒါကြောင့် ဂျီပီ ခေါ် မိသားစုဆရာဝန်တွေရဲ့ ကုသမှုအဆင့်အတန်းမြင့်နေအောင် ဆောင်ရွက်စီမံပေးဖို့ အထူးလိုအပ်ပါတယ်။ ဆိုလိုတာက မိသားစုဆရာဝန်တွေရဲ့ ဆေးပညာအဆင့်မြင့်နေဖို့ရာအတွက် ဆေးပညာအဆင့်အတန်းမြင့်နေအောင် အမြဲတမ်းဆောင်ရွက်နေဖို့ လိုပါမယ်။

**မလိုအပ်တာတွေ မကုန်အောင်**

မိသားစုဆရာဝန်တစ်ယောက်ဟာ ကိုယ့်ရဲ့လူနာတစ်ယောက်ကို အမြဲတမ်းကြည့်ရှုနေတဲ့အတွက် လိုအပ်တဲ့စစ်ဆေးမှုတွေပဲ လုပ်မယ်၊ မလိုတာတွေ မစစ်၊ မလိုတာတွေ မလုပ်ဘူး၊ ငွေကုန်ကျမှုကို လိုတာအတွက်ပဲသုံးပြီး ထိရောက်တဲ့ကုသမှုကိုပေးနိုင်တဲ့ အရည်အချင်းရှိရပါမယ်။

> **မိသားစု ဆရာဝန်တစ်ယောက်ဟာ ကိုယ့်ရဲ့လူနာတစ်ယောက်ကို အမြဲတမ်းကြည့်ရှုနေတဲ့အတွက် လိုအပ်တဲ့စစ်ဆေးမှုတွေပဲ လုပ်မယ်၊ မလိုတာတွေ မစစ်၊ မလိုတာတွေ မလုပ်ဘူး၊ ငွေကုန်ကျမှုကို လိုတာအတွက်ပဲသုံးပြီး ထိရောက်တဲ့ ကုသမှုကိုပေးနိုင်တဲ့ အရည်အချင်းရှိရပါမယ်။**

**လိုအပ်တဲ့ ပြည့်စုံတဲ့ကုသမှု**

မိသားစုဆရာဝန်တစ်ယောက်ဟာ လူနာတစ်ယောက်ကိုကြည့်ပြီး ကုသမှုပေးတဲ့အခါမှာ လူနာသက်သာအောင် ကုပေးတာတစ်ခုတည်းနဲ့ မပြီးသေးပါဘူး။ လူနာအတွက် ပြည့်စုံတဲ့ကုသမှုကို ပေးနိုင်မှုရှိရမှာပါ။

**လူနာနဲ့ ဆက်ဆံရေး**

မိသားစုဆရာဝန်ဟာ လူနာကို ဆေးကုရာမှာ လူနာနဲ့ဆက်ဆံတဲ့နေရာမှာ ပြည့်စုံတဲ့၊ အပြည့်အဝနားလည်တဲ့ဆက်ဆံရေးကို လုပ်နိုင်တဲ့သူတစ်ယောက် ဖြစ်ရမှာပါ။ ဒီလို လူနာနဲ့ အပြန်အလှန် အပြည့်အစုံနားလည်တဲ့ ဆက်ဆံမှုရှိမှသာ လူနာကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာမှာ ထိရောက်တဲ့ကုသမှုဖြစ်မှာပါ။

**လူနာနဲ့ အချိန်မရွေးဆက်သွယ်နိုင်ရမှာပါ**

မိသားစုဆရာဝန်တစ်ယောက်ဟာ ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ် ကိုယ့်ရဲ့လူနာတွေက အမြဲတမ်းဆက်သွယ်လို့ရတဲ့ ဆရာဝန်တစ်ယောက် ဖြစ်ရမှာပါ။ ဒါမှသာ လူနာဟာ ကိုယ့်ကို အားကိုးနိုင်တဲ့ ဆရာဝန်တစ်ယောက်အနေနဲ့ သတ်မှတ်အားကိုးနိုင်မှာပါ။

(မိသားစုဆရာဝန်အကြောင်းကို ဆက်လက်ပြီး ရေးသွားပါဦးမယ်)



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာ ဆရာတော် ဦးပညာဝံသနှင့် တောင်ခင်ကျေးရွာနှင့် ဘုရားငုတ်တိုကျေးရွာမှ ပြည်သူများ စုပေါင်းတည်ထားခဲ့သည့် ညဏ်တော် ၄၅ တောင်ရှိ မဟာဇောဓိစေတီတော်ကြီး ထီးတော်တင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပစဉ်။

ခင်ကို(ကျောက်တံခါး)

# နွေစပါး ၁၀ ဧက စံပြစမ်းသပ်စိုက်ပျိုး

**ကနီ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ကနဲကျေးရွာအုပ်စု၌ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်(၁၄)ချက်ဖြင့် ပုလဲသွယ် GW1 နွေစပါး ၁၀ ဧက စံပြကွက်ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကနီမြို့နယ်တွင် နွေစပါးကို ချင်းတွင်းမြစ်ဘေးရှိ ကျေးရွာအများစုတွင် စိုက်ပျိုးကြရာ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် နွေစပါး ၁၀ ဧက စံပြကွက်ကို စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။ စံပြစိုက်ကွက်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒေါ်စန္ဒာမိုးက မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုများအကြောင်း ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်က သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်(၁၄)ချက်အကြောင်းကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားသည်။

ကနီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ ခုတွင် ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ပျိုးရာသီအတွင်း နွေစပါး ဧက ၇၅၀ စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သန်းဌေးအောင်(ကနီ)**

# မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုလွှာပေးအပ်

**သံတွဲ ဖေဖော်ဝါရီ ၂၅**

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က သံတွဲမြို့ ဒွါရာဝတီ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲအရာရှိ ဦးသိန်းဦးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်က ဂုဏ်ပြုစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲအရာရှိ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ရာ မြို့နယ်အတွင်းရှိ မဲရုံပေါင်း ၁၈၅ ရုံမှ မဲရုံမှူးနှင့်အဖွဲ့ဝင်များက လက်ခံယူကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အများပိုင်ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် တောင်သူများအဆင်ပြေ

**မြဝတီ ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ် မြဝတီမြို့ မင်းလက်ပံကျေးရွာ၌ နွေစပါးစိုက် တောင်သူများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့ပေးထားသည့် အများပိုင်ကောက်စိုက်စက်ဖြင့် စိုက်ပျိုး၍ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကောက်စိုက်စက်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့ပေးထားသည့် အများပိုင်စက်ဖြစ်ပြီး လက်တွန်းကူဘိုတာ လေးတန်းသွားဖြစ်ကြောင်း၊ တစ်နေ့တာအတွက် စိုက်ပျိုးနိုင်သော ပမာဏမှာ ၃ ဒသမ ၆ ဧက မှ ၄ ဒသမ ၈ ဧက အထိဖြစ်ပြီး တစ်ဧကအတွက် ဆီစားနှုန်းမှာ ၀ ဒသမ ၈ လီတာခန့်သာရှိသည့်အတွက် တောင်သူတွေအတွက် များစွာအဆင်ပြေကြောင်း မင်းလက်ပံကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

အဆိုပါကောက်စိုက်စက် ထောက်ပံ့ပေးပြီးနောက် ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးနည်းများကိုလည်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သန်းရီ၊ မြို့နယ်ဦးစီးမှူး ဦးသန်းရွှေနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၁၄ ရက်က လက်တွေ့အသုံးပြု ပြသခဲ့သည်။ ကောက်စိုက်စက် ရရှိလာခြင်းကြောင့် တောင်သူများအတွက် လုပ်ငန်း တွင်ကျယ်စေကာ ကုန်ကျစရိတ်လည်း သက်သာပြီး အလုပ်သမားရှားပါးနေသည့် အခက်အခဲကိုလည်း အဆင်ပြေစေကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**




# မီးဘေးကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး ၁၂၀ လှူဒါန်း

**မလှိုင် ဖေဖော်ဝါရီ ၂၅**

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စုမှ အိမ်ထောင်စုများသို့ 3Kg မီးသတ်ဆေးဘူး ၁၂၀ ကို မလှိုင်မြို့နေ ဦးဇော်ဦးက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ပြီး မီးငြိမ်းသတ်နည်းများကိုလည်း သဘွတ်ကုန်းကျေးရွာ အလကကျောင်း၌ လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

သဘွတ်ကုန်းရွာရှိ အိမ်ခြေ ၂၁၀ အတွက် နှစ်အိမ်လျှင် မီးသတ်ဆေးဘူး တစ်ဘူးနှုန်းနှင့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် မီးသတ်ဆေးဘူး ၁၂၀ တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ လှူဒါန်းပွဲတွင် မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ပညာပေးဟောပြောပြီး အလှူရှင်မိတ္ထီလာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင် ဦးဇော်ဦးက ယခုနှစ်တွင် အယ်နီညိုရာသီဥတုကြောင့် အပူရှိန်မြင့်မားပြီး မီးဘေးစိုးရိမ်ရသည့်အတွက် မိမိတို့ကျေးရွာတွင် မီးဘေးအန္တရာယ်မဖြစ်ရအောင် မီးသတ်ဆေးဘူးများ လှူဒါန်းခြင်းဖြစ်ကြောင်း၊ ဆေးကုန်သွားပါကလည်း ထပ်မံဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း၊ မီးသတ်ဆေးဘူးများကို ကလေး၊ လူကြီး ကျား/မ မရွေး သုံးစွဲတတ်အောင်လည်း လက်တွေ့သင်ကြားပြသသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်မိသားစုက မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနအတွက် အလှူငွေ ကျပ်တစ်သိန်းနှင့် သဘွတ်ကုန်းကျေးရွာမှ အိမ်ထောင်စုများအတွက် မီးသတ်ဆေးဘူးများကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် မီးသတ်ဆေးဘူး အသုံးပြုနည်းကို ခရိုင်မီးသတ်ဦးစီးမှူးက ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့သည်။

**အောင်ဌေး(မလှိုင်)**

# အပြန်အလှန်ထိုးဖောက်မှုတွေနဲ့ ပြိုင်ဆိုင်ဦးမယ့် လီဂူး-၁ ပွဲစဉ်(၂၇)

မိုးမြင့်လင်းလက်

**ပြင်သစ်လီဂူး-၁ ပွဲစဉ်(၂၇)ကို ဖေဖော်ဝါရီ ၂၇ ရက်ညနဲ့ ၂၈ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ကနဦး ပွဲစဉ်တွေမှာ အသင်းကြီးတွေ မပါဝင်ပေမယ့် ဥရောပဝင်ခွင့်တစ်နေရာအတွက် ကြိုးစားမယ့် ရန်းနက်စ်၊ အန်ဂါးစ်တို့အတွက် အဝေးကွင်းမှာကစားရမှာဖြစ်တာကြောင့် ဖိအားများနေမှာတော့ အမှန်ပါပဲ။ ဒါ့အပြင် တန်းဆင်းဇုန်အတွင်း မကျဆင်းအောင် အားထည့်ရမယ့် ရမ်းစ်၊ ခြေရည်တူနှစ်သင်း ထိပ်တိုက်ဆုံတွေ့မယ့် မောင့်ပယ်လီယာနဲ့ လိုင်လီတို့ပွဲတွေက စိတ်ဝင်စားစရာကောင်းမယ့်ပွဲတွေအဖြစ် မြင်တွေ့ အားပေးကြရဦးမှာဖြစ်ပါတယ်။**



### တူးလော့နှင့် ရန်းနက်စ်

တန်းဆင်းဇုန်အတွင်းက တူးလော့အတွက် အိမ်ကွင်းမှာ ကစားရမှာကြောင့် အနိမ့်ဆုံးတစ်မှတ်ရအောင် အားထုတ်မယ့်ပွဲပါပဲ။ ရန်းနက်စ်တို့ကတော့ ဒီနှစ်မှာ ဥရောပဝင်ခွင့် မျှော်မှန်းချက်ထားရှိတာမို့ အဝေးကွင်းဖြစ်ပေမယ့် တူးလော့ကို အမှတ်ခွဲပေးဖို့စိတ်ကူးရှိမှာ မဟုတ်ပါဘူး။ ရန်းနက်စ်ရဲ့ ထူးခြားမှုက အဝေးကွင်းမှာ ခြေစွမ်းပြနိုင်တဲ့အပြင် တိုက်စစ်မှူးတွေကလည်း ဂိုးတွေသွင်းယူနိုင်တာမို့ အခုပွဲဟာ ရန်းနက်စ်တို့ အမှတ်ပြည့်ရယူဖို့ ရာနှုန်းများနေပြီး တူးလော့တို့ကတော့ တစ်မှတ်ရရင်ပဲ ရလဒ်ကောင်းလို့သတ်မှတ်ရမှာပါ။

### မောင့်ပယ်လီယာနှင့် လိုင်လီ

လောလောဆယ်မှာ နှစ်သင်းစလုံးခြေစွမ်းတူညီနေတာမို့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ လိုင်လီနဲ့ မောင့်ပယ်လီယာတို့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်ကို ကြည့်ရင် လိုင်လီက နှစ်ပွဲနိုင်ပြီး မောင့်ပယ်လီယာက တစ်ပွဲသာနိုင်ထားပါတယ်။ ဒါ့အပြင် ပြင်သစ်လီဂူး-၁ ပြိုင်ပွဲသမိုင်းမှာ ဒီနှစ်သင်းဆုံတွေ့ခဲ့မှုကိုကြည့်ရင် လိုင်လီက ၂၆ ပွဲနိုင်ပြီး မောင့်ပယ်လီယာတို့က ၁၄ ပွဲနိုင်ကာ သရေပွဲ ၁၁ပွဲ ကျထားခဲ့တာတွေ့ရပါတယ်။ လက်ရှိခြေစွမ်းအရတော့ အဝေးကွင်းမှာ သရေပွဲတွေချည်းများနေတဲ့ လိုင်လီအတွက် ဒီပွဲမှာလည်း သရေရလဒ်ထွက်ပေါ်ဖို့ များနေတာတော့ အမှန်ပါပဲ။

### ရမ်းစ်နှင့် ဘော်ဒိုး

တန်းဆင်းဇုန်အတွင်း မကျဆင်းအောင် ရမ်းစ်တို့ ဒီပွဲမှာ ခြေကုန်ထုတ်ရတော့မှာဖြစ်ပါတယ်။ ဘော်ဒိုးတို့ကလည်း ဒီနှစ်မှာ ဥရောပဝင်ခွင့်တစ်နေရာ မျှော်မှန်းချက်ထားရှိတာမို့ ရမ်းစ်ကို သေသေချာချာပြင်ဆင်ကစားမှာ ဖြစ်ပါတယ်။ ရမ်းစ်တို့က အိမ်ကွင်းမှာဆိုရင် ရလဒ်ကောင်းအောင် အားထုတ်နိုင်ပြီး အမှတ်ဆုံးရှုံးမှုမရှိအောင်လည်း ကြိုးစားနိုင်ပါတယ်။ ဘော်ဒိုးတို့က အဝေးကွင်းဆိုရင် ခြေစွမ်းကျဆင်းတတ်တဲ့အပြင် ခံစစ်ပိုင်းကလည်း အမှားအယွင်းများတတ်တာကြောင့် အခုပွဲမှာ ရမ်းစ်တို့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

### ဂူရင်ဂမ့်နှင့် အန်ဂါးစ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုကိုကြည့်ရင်တော့ ဂူရင်ဂမ့်တို့ရှုံးပွဲ မရှိခဲ့ပါဘူး။ အန်ဂါးစ်ရဲ့ အဝေးကွင်းရလဒ်က ဆိုးရွားနေပြီး တိုက်စစ်၊ ခံစစ်တွေလည်း စွမ်းဆောင်ရည်ကျဆင်းလေ့ရှိပါတယ်။ ဂူရင်ဂမ့်တို့ကတော့ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် အားထုတ်နိုင်ပြီး ရမှတ်မဆုံးရှုံးအောင် ကြိုးစားနိုင်ပါတယ်။ အန်ဂါးစ်တို့ကတော့ နောက်ဆုံးခုနစ်ပွဲကစားခဲ့ရာမှာ တစ်ပွဲသာ အနိုင်ရထားတာမို့ အခုပွဲ အဝေးကွင်းမှာ ပြန်လည်ရုန်းထနိုင်မလား ကြည့်ရမှာပါ။ အန်ဂါးစ်တိုက်စစ်မှူးတွေက အဆုံးသတ်အားနည်းတတ်ပြီး အထူးသဖြင့် ကွင်းလယ်ပိုင်းက ပံ့ပိုးကူညီမှု လိုအပ်ချက်ရှိနေတာမို့ ပြင်ဆင်ရမှာပါ။ ဂူရင်ဂမ့်တို့ကတော့ တန်းဆင်းဇုန်ကကင်းဝေးအောင် ခြေကုန်ဖွင့်ကစားဖို့ရှိနေပြီး အိမ်ကွင်းမှာ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်က မြင့်မားနေတတ်ပါတယ်။ ဂူရင်ဂမ့်ရဲ့အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး အိမ်ကွင်းမှာလည်း နားလည်မှုလွဲမှားတတ်တာမို့ သတိပြုရမှာဖြစ်ပါတယ်။ ဒီပွဲမှာ ဂူရင်ဂမ့်ရဲ့အားထုတ်မှုကို ပိုပြီးနှစ်သက်ပေမယ့် အန်ဂါးစ်ရဲ့ နိုင်ပွဲပြန်လည်ရှာဖွေမှုကလည်း အလေးထားစရာရှိနေတာမို့ အဖြစ်နိုင်ဆုံးရလဒ်က အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။ ။



# စာချုပ်သစ်အတွက် ဆုံးဖြတ်ချက်မချနိုင်သေးတဲ့ ဂျွန်တယ်ရီ

ချယ်လ်ဆီးနဲ့ ရာသီအကုန်မှာ စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဂျွန်တယ်ရီဟာ သူ့ရဲ့အနာဂတ်နဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်ချဖို့ ခက်ခဲနေတယ်လို့ ဆိုပါတယ်။ အသက် ၃၅ နှစ်ရှိပြီဖြစ်တဲ့ ဂျွန်တယ်ရီကို တရုတ်ကလပ်တွေအပြင် ယူအေအီးနဲ့ အမေရိကန်ကလပ်တွေကပါ ခေါ်ယူဖို့စိတ်ဝင်စားနေတဲ့အတွက် ချယ်လ်ဆီးအနေနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ အခက်တွေ့နေတယ်လို့ ဆိုပါတယ်။ ဒီအထဲမှာ ထူးခြားတာကတော့ တရုတ်ကလပ်တွေက ငွေပုံအောပြီး ကမ်းလှမ်းလာတဲ့အတွက်ကြောင့် စာချုပ်သစ်အတွက် စဉ်းစားရခက်နေတယ်လို့ဆိုပါတယ်။ ဒီနှစ်ရာသီအကုန်မှာ နောက်တန်းကစားသမား ဂျွန်တယ်ရီဟာ ချယ်လ်ဆီးနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်ပါတယ်။ ချန်ပီယံလိဂ်နဲ့ အက်ဖ်အေဖလားပြိုင်ပွဲတွေမှာ ခြေစွမ်းပြနေတဲ့ ဂျွန်တယ်ရီကို စတမ်းဖို့ဘရစ်ကလည်း လက်လွှတ်ဖို့ အတော်စဉ်းစားနေရတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ချယ်လ်ဆီးက စာချုပ်သစ်တော့ ကမ်းလှမ်းတာမရှိသေးပါဘူး။ သို့သော်လည်း နောက်ထပ်တစ်နှစ်တော့ ထပ်မံခေါ်ယူဖို့ အလားအလာရှိနေသေးတယ်လို့ ဆိုပါတယ်။



# ချန်ပီယံလိဂ် ဒုတိယအကျော့မှာ ဘိုင်ယန်ကို အနိုင်ကစားမယ်ဆိုတဲ့ ပေါ့ဂ်ဘာ

ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲ ပထမအကျော့ပြိုင်ပွဲအပြီး ဘိုင်ယန်မြူးနစ်ကို ဒုတိယအကျော့မှာ အနိုင်ကစားမယ်လို့ ဂျူဗင်တပ်စ် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာက ပြောဆိုလိုက်ပါတယ်။ ဂျူဗင်တပ်စ်အိမ်ကွင်း တူရင်မြို့မှာ ကစားတဲ့ ဒီပြိုင်ပွဲမှာ ဧည့်အသင်း ဘိုင်ယန်မြူးနစ်က ဦးဆောင်ဂိုးနှစ်ဂိုးသွင်းယူပြီးမှ ဂျူဗင်တပ်စ်က နောက်မှလိုက်ကာ ချေပဂိုးတွေသွင်းယူခဲ့လို့ တစ်ဖက် နှစ်ဂိုးစီနဲ့ သရေပွဲဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ ဘိုင်ယန်မြူးနစ်ကို အနိုင်ကစားဖို့ ဘယ်လိုကစားရမယ်ဆိုတာ သိထားပြီဖြစ်တဲ့အတွက် ဒုတိယအကျော့မှာ အနိုင်ကစားနိုင်မှာဖြစ်တယ်လို့ ပေါ့ဂ်ဘာက ဆိုပါတယ်။ ဂျူဗင်တပ်စ်အသင်းအတွက် ပွဲချိန် ၆၃ မိနစ်မှာ ဒိုင်ဘာလာရဲ့ဂိုးနဲ့ ၇၆ မိနစ်မှာ စတူရာဒိုတို့ရဲ့ ချေပဂိုးတွေရရှိခဲ့ပါတယ်။ မတ် ၁၆ ရက်မှာကစားမယ့် ဒုတိယအကျော့မှာ အကောင်းဆုံးကစားနိုင်မယ်လို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဘိုင်ယန်မြူးနစ်တို့ အဝေးဂိုးနှစ်ဂိုးရထားသော်လည်း ဒုတိယအကျော့မှာ အနိုင်ကစားနိုင်ဖို့ မျှော်လင့်ထားတယ်။ ဒုတိယအကျော့ပြိုင်ပွဲကတော့ အကောင်းဆုံးအခွင့်အလမ်းလို့ ပေါ့ဂ်ဘာက ဆိုပါတယ်။



# ၄၈ နာရီအတွင်း အဓိကပွဲကြီးနှစ်ပွဲ ကစားရမယ့် အာဆင်နယ်

ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပြိုင်ပွဲ ပထမအကျော့မှာ ဘာစီလိုနာကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ အာဆင်နယ်အသင်းအနေနဲ့ လာမယ့် မတ်လဆန်းမှာ အဓိက ပြိုင်ပွဲကြီးနှစ်ပွဲကို ကစားရဖို့ရှိနေပါတယ်။ ဒါကတော့ ဟားလ်စီးတီး အသင်း နဲ့ မတ် ၇ ရက်မှာ ကစားရမယ့် အက်ဖ်အေဖလား ပဥ္စမအဆင့် ပြန်ကန်ပွဲနဲ့ မတ် ၅ ရက်မှာ ပရီမီယာလိဂ်ပွဲအဖြစ်ကစားရမယ့် စပါးနဲ့ ပြိုင်ပွဲတွေပဲဖြစ်ပါတယ်။ ဒီပြိုင်ပွဲနှစ်ပွဲစလုံးဟာ အာဆင်နယ် အသင်းအတွက် အလွန်အရေးကြီးတဲ့ပွဲတွေပဲ ဖြစ်ပါတယ်။ အက်ဖ်အေဖလားပြိုင်ပွဲမှာ ဟားလ်စီးတီးကို အနိုင်ကစားနိုင်မှသာ ကွာတားတက်ခွင့်ရမှာမို့ နည်းပြဝင်းဂါးအတွက် အလွန်အရေး ကြီးတဲ့ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ ဒီအက်ဖ်အေဖလားပြန်ကန်ပွဲမတိုင်မီ ကစားမယ့် စပါးနဲ့ တွေ့မယ့်ပွဲကလည်း ဝင်းဂါးအတွက် အရေးကြီးတဲ့ပွဲတစ်ပွဲ ဖြစ်နေပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ၄၈ နာရီအတွင်းမှာ အဓိကပြိုင်ပွဲကြီးနှစ်ပွဲ အနိုင်ရဖို့ အကြိတ်အနယ်ကစားရမှာ ဖြစ်ပါတယ်။ စပါးကို အနိုင်ကစားနိုင်မှသာ ပရီမီယာလိဂ်ဖလားမျှော်လင့်ချက်ရှိမှာ ဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

## မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအားဂုဏ်ပြုလွှာပေးအပ်

**တောင်ငူ ဖေဖော်ဝါရီ ၂၅**

တောင်ငူခရိုင် ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၀နာရီက ၂၀၁၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များအား ရေတာရှည် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခြင်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်ငူခရိုင်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးစောဌေးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးအေးလွင်တို့က ဂုဏ်ပြု အမှာစကားပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**




(၆၈)နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့သိမ်ဆိပ်ရပ်ကွက်၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ မွန်၊ ကရင်၊ ပအိုဝ်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေကြစဉ်။

သက်ဦး(သထုံ)

## လှိုင်သာယာမြို့နယ် တိုးချဲ့ဆေးရုံအဆောက်အအုံသစ်များ ဖေဖော်ဝါရီလကုန်တွင် ပြီးစီးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

လူဦးရေ ရှစ်သိန်းကျော်နေထိုင်လျက်ရှိသော လှိုင်သာယာမြို့နယ်တွင် ပြည်သူများအား ကျန်းမာရေးကိုစောင့်ရှောက်မှု ပို၍ပေးနိုင်ရန်အတွက် လှိုင်သာယာ ၄၅ ခုတင်ဆံ့ ဆေးရုံကြီးအနီးတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းက တည်ဆောက်ခဲ့သော ခုတင် ၁၀၀ ဆံ့ဆေးရုံ နှစ်ထပ်အဆောက်အအုံနှစ်လုံး တည်ဆောက်မှုများ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်၌ လက်ရှိအချိန်တွင် ပြည်သူ့ဆေးရုံအဖြစ် ၄၅ ခုတင်ဆံ့ဖြင့် ကုသပေးလျက်ရှိပြီး အရေးပေါ်လူနာများကို အင်းစိန်အထွေထွေရောဂါကုဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသရသောကြောင့် လူနာများ အခက်အခဲရှိသည့်အတွက် တိုးချဲ့ဆေးရုံတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ အသစ်တည်ဆောက်လျက်ရှိသော ဆေးရုံနှစ်ဆောင်မှာ လက်ရှိဆေးရုံဝင်ပေါက်အနီးရှိ ပြင်ပလူနာဆောင် အာရ်စီနှစ်ထပ်ဆောင်နှင့် လက်ရှိဆေးရုံ၏ ခေါင်းရင်းဘက်တွင်ရှိသော လူနာဆောင်အဖြစ် အာရ်စီ နှစ်ထပ်ဆောင်တစ်ဆောင်တို့ဖြစ်သည်။ အဆောက်အအုံနှစ်ခုပြီးစီးပါက မူလ ၄၅ ခုတင်ဆံ့ အဆောက်အအုံအပါအဝင် စုစုပေါင်း ခုတင် ၁၈၁ဆံ့ဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံအဆောက်အအုံများသည် အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေ၊ အမြင့်ပေ ၃၀ ရှိပြီး ယခုအခါ အနားသတ်လုပ်ငန်းများအဖြစ် ရေစင်၊ ရေကန်၊ သန့်စင်ခန်း၊ ဆေးသုတ်ခြင်းနှင့် ဆေးရုံသစ်ပေါ်တီကိုအောက်တွင် ကွန်ကရစ်လောင်းရန် ကျန်ရှိကြောင်း၊ ဆေးရုံသစ်နှစ်ဆောင်ကို ဖေဖော်ဝါရီလကုန်တွင် ပြီးစီးအပ်နှံနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျထွန်းက ပြောသည်။

တိုးချဲ့ဆေးရုံတည်ဆောက်ခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်ကို များစွာအထောက်အကူဖြစ်စေကြောင်း၊ အင်းစိန်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသရသော လူနာများအတွက် မိမိမြို့နယ်ရှိပြည်သူ့ဆေးရုံတွင် ကုသနိုင်သဖြင့် အချိန်နှင့် ငွေကုန်သက်သာသည့်အပြင် အရေးပေါ်လူနာအဖြစ်ပို့ဆောင်ရသော အချိန်ကြန့်ကြာမှုကိုလည်း လူနာများအနေဖြင့် ကျော်ဖြတ်နိုင်ပြီဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ်ပြည်သူ့ဆေးရုံသည် တွံတေးနှင့် ထန်းတပင်တို့မှ လူနာများလည်း လာရောက်ကုသနေသည့် ဆေးရုံဖြစ်ရာ တိုးချဲ့တည်ဆောက်နိုင်သည့်အတွက် မြို့နယ်တစ်ခုတည်းသာမကပဲ ကျန်မြို့နယ်များမှ ပြည်သူများအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုကို များစွာအထောက်အကူဖြစ်စေကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာ ခင်ရူပါစိုးက ပြောသည်။

လက်ရှိအချိန်တွင် လှိုင်သာယာမြို့နယ်၌ ၄၅ ခုတင်ဆံ့ မြို့နယ် ပြည်သူ့ဆေးရုံတစ်ရုံ၊ ပင်မဒေသန္တရ ဆေးခန်းတစ်ခု၊ ဒေသန္တရခွဲတစ်ခု၊ ရွှေလင်ပန်းစက်မှုဇုန်ရှိ ဆေးရုံတစ်ရုံနှင့် ကျေးရွာငါးရွာမှ ကျေးလက်ကျန်းမာရေးဌာနများဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**သန်းထိုက်(လှိုင်သာယာ)**

## တက္ကသိုလ်ဝင်စာမေးပွဲတွင် အဖြေလွှာ၏ ဒုတိယစာမျက်နှာမှ စတင်ဖြေဆိုရမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မတ် ၉ ရက်တွင် စတင်ဖြေဆိုရမည့် ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုမည့်သူများအနေဖြင့် ယခင်နှစ်များကဲ့သို့ ပထမဆုံးစာမျက်နှာမှ စတင်ဖြေဆိုရမည်မဟုတ်ဘဲ ဒုတိယစာမျက်နှာမှ စတင်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

အဖြေလွှာစာအုပ်၏ ပထမစာမျက်နှာတွင် ဖြေဆိုသူ၏ ခုံအမှတ်၊ စာဖြေဌာန၊ လက်ထောက်ကြီးကြပ်ရေးမှူး၏ လက်မှတ်၊ ကြီးကြပ်ရေးမှူး၏ လက်မှတ်၊ ဘေးဇယားကွက်တွင် မေးခွန်းအမှတ်စဉ်၊ ရမှတ်များဖြည့်သွင်းရန်တို့ပါရှိပြီး စာမျက်နှာလွတ်သည့်နေရာတွင် ဤစာမျက်နှာသည် စာစစ်သူများ အသုံးပြုရန်ဖြစ်ပါ၍ ကျောဘက်စာမျက်နှာမှစ၍ဖြေဆိုပါဟု ကန့်လန့်ဖြတ် ထင်ရှားစွာရေးထားသည်။ စာမေးပွဲဖြေဆိုရသည့် ရက်တွင်လည်း အခန်းစောင့် ဆရာ၊ ဆရာမများက ကျောင်းသားကျောင်းသူများအား အဖြေလွှာတွင် ခုံအမှတ်နှင့် စာဖြေဌာနများကို သတ်မှတ်နေရာတွင် ပီသစွာရေးရန်၊ အဖြေလွှာပေါ်၌ ဖြေဆိုသူ၏လက်မှတ်ရေးထိုးခြင်း၊ ဖြေဆိုသူ မည်သူမည်ဝါဖြစ်ကြောင်း သိစေမည့် အမှတ်အသား၊ သင်္ကေတများ ရေးသားခြင်း မပြုလုပ်ရန်နှင့် ကျောင်းသား ကျောင်းသူများ ဆောင်ရန် ရှောင်ရန်များကို ရှင်းပြသွားရန် စာစစ်ဦးစီးဌာနက ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာစစ်ဌာနအသီးသီးသို့ ထုတ်ပေးလျက်ရှိရာ စာမေးပွဲတွင် အသုံးပြုဖြေဆိုရမည့် အဖြေလွှာစာရွက်များကိုလည်း စာစစ်ဌာနများသို့ ထုတ်ပေးနေပြီဖြစ်သည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ ပြည်တွင်းစာဖြေဌာန ၁၄၅၃ ခု ဖွင့်လှစ်၍ ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး နိုင်ငံခြားစာဖြေဌာန ၁၇ ခု ရှိမည်ဖြစ်ကြောင်း၊ ဖြေဆိုမည့်ကျောင်းသားဦးရေမှာ ကျောင်းတက်ဖြေဆိုခွင့်လျှောက်ထားသူ ၄၀၆၆၀၇ ဦးနှင့် ပြင်ပဖြေဆိုခွင့်လျှောက်ထားသူ ၂၆၄၇၂၄ ဦး စုစုပေါင်း ၆၇၁၄၃၁ ဦးရှိကြောင်း စာစစ်ဦးစီးဌာနမှ သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ရောဝတီမြစ်ရေလမ်းကြောင်းကျဉ်းလာပြီး မန္တလေးအထိ သင်္ဘောမရောက်၍ နိုင်ငံခြားသားဧည့်သည်များ မြင်းမူမြို့တွင် လေ့လာမှုပိုများလာ

**မြင်းမူ ဖေဖော်ဝါရီ ၂၅**

နွေရာသီတွင် ဧရာဝတီမြစ် ရေလမ်းကြောင်းကျဉ်းလာမှုကြောင့် မြစ်ကြောင်းအတွင်း ပြေးဆွဲသည့် နိုင်ငံခြားသားခရီးသွားပါသော သင်္ဘောများသည် မန္တလေးမြို့အထိ သွားရောက်နိုင်ခြင်းမရှိသည့်အတွက် စစ်ကိုင်းတိုင်း ဒေသကြီး မြင်းမူမြို့သို့ ဆိုက်ကပ်လျက်ရှိရာ မြင်းမူမြို့ပေါ်တွင် နိုင်ငံခြားသားဧည့်သည်များ လာရောက်လည်ပတ်လေ့လာမှု ပိုများလာကြောင်း သိရသည်။ နိုင်ငံခြားသား ဧည့်သည်များသည် မြင်းမူမြို့တွင်း မြို့မဈေး၊ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဝါးထရံကပ်များ ရက်လုပ်မှုလုပ်ငန်းများကို လှည့်လည်လေ့လာပြီး မြင်းမူမြို့မှတစ်ဆင့် မုံရွာမြို့နှင့် မန္တလေးမြို့တို့သို့ ကားများဖြင့် နေချင်းပြန်သွားရောက်လေ့လာလျက်ရှိသည်။



"ကျွန်တော်တို့ သင်္ဘောမှာ ဗြိတိန်နဲ့ ဩစတြေးလျနိုင်ငံသား ဧည့်သည် ၆၂ ဦး ပါလာပါတယ်။ ရန်ကုန်ကနေ သင်္ဘောနဲ့ လာခဲ့တာပါ။ မန္တလေးအထိ သင်္ဘောမသွားနိုင်တဲ့အတွက် မြင်းမူမြို့မှာဆိုက်ကပ်ပြီး မြို့တွင်းကို လေ့လာကြတာပါ။ နိုင်ငံခြားသားဧည့်သည်တွေက မြင်းမူမြို့ မြို့မဈေးကို လေ့လာတဲ့အခါမှာ စားသုံးဆီကို ချင်ခွက်နဲ့ ချိန်တွယ်ပေးတာတွေ၊ ဒေသရဲ့ ဓလေ့တွေကို လေ့လာရတာတွေကို သဘောကျကြပါတယ်။ မြင်းမူမြို့မှာရှိတဲ့ ဘုရား၊ စေတီ၊ ပုထိုးတွေနဲ့ သူတို့ လေ့လာချင်တဲ့နေရာတွေကို ပို့ပေးပါတယ်။ နောက်နေ့မှာ မြင်းမူမြို့ကနေ မန္တလေးမြို့ကို သွားရောက်လေ့လာကြမှာပါ" ဟု Travel Marvel Travel More ခရီးသွားဝန်ဆောင်မှုကုမ္ပဏီမှ ဦးကောင်းစံလင်းက ပြောသည်။

နိုင်ငံခြားသားဧည့်သည်များသည် မြင်းမူမြို့မှတစ်ဆင့် မန္တလေးမြို့သို့ မော်တော်ကားများဖြင့် သွားရောက်လေ့လာကြပြီး သင်္ဘောဖြင့် ပြန်လည်ထွက်ခွာကာ ရန္တပိုကျေးရွာနှင့် ပုဂံတို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**မြိုင် ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မြိုင်မြို့မစည်ပင်သာယာဈေး၌ မီးဘေးကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၃ ရက်က ဒုတိယအကြိမ် မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးဟန်မြင့်က ဈေးအတွင်း မီးလောင်လွယ်သောပစ္စည်းများကို ထားရှိရာတွင် စနစ်တကျထားရှိရေး၊ ရေလှောင်ကန်ထားရှိမှု၊ ဈေးအတွင်းရေငုတ်ထားရှိမှု၊ အပေါ့စားမီးသတ်စက်၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်လင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်သီဟနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်မော်တော်ယာဉ်နှစ်စီးဖြင့် မီးငြှိမ်းသတ်နည်းများကို သရုပ်ပြကြပြီး မီးသတ်ဆေးဘူး အသုံးပြုနည်းများကိုလည်း လက်တွေ့ပြသခဲ့သည်။

**စိန်မြိုင်(မြိုင်)**

## မီးဘေးသင့်အိမ်ထောင်စုများအား သန်းခေါင်စာရင်းများထုတ်ပေး

**ထားဝယ် ဖေဖော်ဝါရီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကမြော်ကြီးကျေးရွာ၌ ဖေဖော်ဝါရီ ၇ ရက်က ဖြစ်ပွားခဲ့သည့် မီးလောင်မှုကြောင့် မီးဘေးသင့်ခဲ့သော အိမ်ထောင်စု ၁၃ စုမှ မီးလောင်ပျက်စီးခဲ့သော သန်းခေါင်စာရင်း ရှစ်ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅ ခုကို လောင်းလုံးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၃ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

လောင်းလုံးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမောင်မောင်နှင့် ဝန်ထမ်းများက Norwegian Refugee Council (NRC)အဖွဲ့နှင့် ပူးပေါင်းက ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် ဧကရီတောင်ဘုရား ဓမ္မာရုံသို့ ကွင်းဆင်း၍ သန်းခေါင်စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးလွင်နှင့် ထားဝယ်ခရိုင်ဦးစီးမှူး ဦးထွန်းအောင်ကျော်တို့ကလည်း လာရောက်အားပေးခဲ့သည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# မူဆယ်ခရိုင်၌ ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**မူဆယ် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်တွင် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်သူ/သားများ၊ လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကဘဏ်များ စသည်တို့မှ ပြိုင်ပွဲဝင်အသင်းပေါင်း ၃၉ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အကအဖွဲ့များက ဦးရွှေရိုးနှင့် ဒေါ်မိုးအကများဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထမနဲထိုးချိန်



တစ်နာရီသတ်မှတ်ပေးပြီး အချိန်ကိုက်ဆောင်ရွက်နိုင်မှု၊ သန့်ရှင်းသပ်ရပ်မှုနှင့် စနစ်ကျနမှု၊ စည်းလုံးညီညွတ်မှု၊ အချိုးအစားမှန်ကန်မှု၊ ထမနဲအရသာပြည့်စုံမှု စသည်တို့ဖြင့် အမှတ်ပေးရာမူဆယ်မြို့နယ် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ကချင်၊ ဗမာ၊ ပလောင်၊ ရှမ်း)တို့မှ ပထမဆု ငွေကျပ်၅၀၀၀၀၊ ဟိုမွန် တောင်ရပ်ကွက် ဈေးရပ်ကွက်တို့မှ ဒုတိယဆုငွေကျပ် ၄၀၀၀၀၊ ခရိုင်/မြို့နယ်ပညာရေးမှူးရုံးမှ တတိယဆုငွေကျပ် ၃၀၀၀၀ နှင့် နှစ်သိမ့်ဆု ခုနစ်ဆုတို့အား တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**

# မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း လုပ်ဆောင်ထားခြင်း ရှိ/ မရှိ စစ်ဆေး

**မော်လိုက် ဖေဖေါ်ဝါရီ ၂၅**

ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မီးဘေးကြိုတင်ကာကွယ် ရေးလုပ်ငန်းများ လုပ်ဆောင်ထားမှု ရှိ/ မရှိ လိုက်လံစစ်ဆေးခြင်းကို ဖေဖော် ဝါရီလတတိယပတ်က သက်ဆိုင်ရာအဖွဲ့ဝင်များသည် မော်လိုက်မြို့ပေါ်ရှိ ဒီဇယ်၊ ဓာတ်ဆီအရောင်း ဆိုင်များ၊ မီးအသုံးပြုရောင်းချသည့် စားသောက်ဆိုင်များကို လိုက်လံကြည့်ရှုစစ် ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဈေးဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် မီးသတ်ဆေးဘူးနှင့် မီးသတ်ရေကန်များလုပ်ဆောင်ထားခြင်း ရှိ/ မရှိတို့ကို လည်းကောင်း၊ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မီးငြိမ်းသတ်နိုင်ရန် မီးသတ်ဆေးဘူးအသုံးပြုပုံများကိုလည်းကောင်း လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့ကာ ရပ်ကွက်အတွင်းရှိ မီးသတ်ရေကန် ဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးခဲ့ကြောင်းသိရသည်။ **(ယာပုံ)မော်လိုက်သားလေး**



# သုံးခွမြို့နယ်တွင် တက္ကသိုလ်ဝင်ခွင့်ကတ်ပြားများထုတ်ပေး

**သုံးခွ ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနအသီးသီးတွင် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ထုတ်ပေးလျက်ရှိရာ သုံးခွမြို့နယ်တွင်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်သူများ၊ ပြင်ပမှဖြေဆိုမည့်သူများအား ၎င်းတို့ဖြေဆိုရမည့် စာစစ်ဌာန၊ ကြီးကြပ်ရေးမှူးများက ကတ်ပြားများထုတ်ပေးလျက်ရှိကြောင်း သိရသည်။ သုံးခွမြို့နယ်၌ အထက(၁)တွင် ၇၃၃ ဦး၊ အထက(၂) တွင် ၄၇၁ ဦး၊ အထက(ခွဲ) မြို့မတွင် ၃၂၁ဦး စုစုပေါင်း စာစစ်ဌာနသုံးခု၌ ဖြေဆိုရန်စာရင်းပေးသွင်းထားသူ ၁၅၂၅ ဦးရှိကြောင်း သိရသည်။ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရှိပြီဖြစ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# နန့်တိမ်ကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းမှုပြီးစီး

**မိုးမောက် ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ် မိုးမောက်မြို့၌ နန့်တိမ်ကျေးရွာ စိမ့်စမ်းရေသွယ်တန်းရေပေးဝေရေလုပ်ငန်းမှာ ဖေဖော်ဝါရီ ၂၃ ရက်က ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ အဆိုပါကျေးရွာမှ ဒေသခံပြည်သူများသည် ယခင်နှစ်နွေရာသီ ရေအတွက်အခက်အခဲများဖြစ်ခဲ့ရကြောင်း၊ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အိမ်ခြေ ၂၁၀ သို့ အိမ်တိုင်ရာရောက် စိမ့်စမ်းရေ သွယ်တန်းမှုပြီးစီးပြီဖြစ်သောကြောင့် ပြည်သူများ ရေအခက်အခဲမရှိ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၅**

သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ပရိဝုဏ်အတွင်းတည်ရှိတော်မူသော တိလောကမာရဇိန်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၃ ရက်က ယင်းဘုရားပရိဝုဏ်အတွင်း ကျင်းပသည်။ ပင့်သံဃာအပါး ၂၀ကို အရုဏ်ဆွမ်းကပ်လှူတော်မူပြီး စာရေးတံမဲများ၊ ဆွမ်းတော်ကြီးလောင်းလှူပွဲများ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **အောင်ခန့်သွေး**


REQUEST FOR EXPRESSIONS OF INTEREST
(CONSULTING SERVICES – QCBS Method)

**Republic of Union of Myanmar**
**Essential Health Services Access Project**
**Credit No. 5542 MM**
**Project ID No: P149960**
**Assignment Title: _Independent Verification Firm**
**Reference No. (As per Procurement Plan): C – 18**

The Ministry of Health *has received* financing from the World Bank toward the cost of the Essential Health Services Access Project and intends to apply part of the proceeds for consulting services.

The consulting services ("the Services") include the independent verification of the project DLIs. The main component of the project is strengthening service delivery and utilization at the primary health care level. It focus on channeling funds through MOH to the states/regions and townships (the latter in the form of health facility grants) for operation expenses or non-salary recurrent expenditures. For this component, the World Bank will disburse funds to MOH upon achievement of targets of a set of specific indicators, called Disbursement Linked Indicators (DLI). These DLI need to be monitored annually and will be subject to independent verification. Therefore, Ministry of Health is interested to recruit the independent verification firm to perform below tasks. The detailed DLIs and their contribution to the project's objectives can be seen on TOR. That would be supported on request.The main tasks of the independent verification firm are:

- assess the validity of the attainment of the DLI targets as recorded in the official data sets of MOH at central, state, region and township level;
- confirm achievement of the annual targets for each DLI using the protocol and independent means
- Confirm compliance with the procedures specified in the Operational Manual.

The Ministry of Health now invites eligible consulting firms ("Consultants") to indicate their interest in providing the Services. Interested Consultants should provide information demonstrating that they have the required qualifications and relevant experience to perform the Services. The shortlisting criteria are:

- Past experience with similar nature and type of works in developing countries in the last 10 years
- Relevant assignment contracts over last five years of at least 500,000USD equivalent
- Experience with health sector, have an established track record of successfully fielding and analysis community surveys or performance surveys, have experience with monitoring and evaluation methods.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's *Guidelines: Selection and Employment of Consultants under IBRD Loans and IDA Credits & Grants by World Bank Borrowers* January 2011 ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest.

Consultants may associate with other firms in the form of a joint venture or a subconsultancy to enhance their qualifications.

A Consultant will be selected in accordance with the QCBS method set out in the Consultant Guidelines.

Further information and detail Term of Reference can be obtained at the address below during office hours 9:30 am to 4: 30 pm.

Expressions of interest must be delivered in a written form to the address below (in person, or by e-mail) by 9 th March 2016.

Director, Procurement and Supply
Department of Public Health, Ministry of Health
Address: Office No. 47, Ministry of Health, Nay Pyi Daw
Email address: kyawkankaungmo@gmail.com
Phone +95-67-431077, Fax: +95-67-431085



## ဈေးပြိုင်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၏ သတင်းစာပုံနှိပ်လုပ်ငန်း ဘေးထွက်ပစ္စည်းလေးမျိုးအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ ဈေးပြိုင်လေလံလျှောက်လွှာပုံစံနှင့် လေလံစည်းကမ်းများကို ၂-၃-၂၀၁၆ရက်မှ ၆-၃-၂၀၁၆ ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ ဈေးပြိုင်လေလံလျှောက်လွှာပုံစံများကို ၆-၃-၂၀၁၆ရက် ၁၆း၀၀နာရီမတိုင်မီ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးရှိ လေလံအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော ဈေးပြိုင်လေလံလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ ၇-၃-၂၀၁၆ရက် ၁၃း၀၀နာရီတွင် ဈေးပြိုင်လေလံဖွင့်လှစ်မည်ဖြစ်ပါသည်။
၅။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်ပစ္စည်း မျက်မြင်အခြေအနေ ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၂-၃၂၇၂၉၊ ၀၂-၃၂၅၅၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**
**ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**



## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၆)၊ ဦးပိုင်အမှတ်(၇၆·က)၊ ၅၅×၅၆ လမ်းကြား၊ မဥ္ဇူ×ခတ္တာလမ်းကြားရှိ ဦးငြိမ်းဒွေးအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်မွန်းစိန် ၁၃/ကမန(နိုင်)၀၂၂၂၂၈မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုး ပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/1960၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



## ဗဟိုရဲစည်ရေးကူးကန်

နွေရာသီကျောင်းပိတ်ရက် ရေကူးသင်တန်း မတ် ၃ ရက်တွင် ဖွင့်မည်။
**သင်တန်းချိန်** - နံနက် ၇ နာရီမှ ၉ နာရီ
**သင်တန်းကာလ** - တစ်လ တစ်ပတ်လျှင်ခြောက်ရက် တနင်္လာနေ့တိုင်း နားမည်။
သင်တန်းတက်လိုသူများ စာရင်းပေးသွင်းနိုင်ကြပါသည်။
**စုံစမ်းမေးမြန်းရန်** ဖုန်း-၀၉-၅၁၁၄၆၂၉၊ ၀၉-၄၅၀၀၂၂၁၉၄

**ဗဟိုရဲစည်ရေကူးကန်**
**ဗဟိုရဲစည်အိမ်ရာဝင်းအတွင်း၊ လမ်းမတော်မြို့နယ်**



## ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ ကျောက်ရေတွင်းလမ်းမအနီး၊ (၁၃½ပေ× ၅၅ပေ)၊ 2F အပေါ် လျှာထိုးခင်းပြီး၊ 3BR, 1AC၊ ဘိုထိုင်၊ သံပန်း၊ ဆန်းရိုက်၊ ရေမီးအစုံ၊ ပြင်ဆင်ပြီး အသင့်နေ သိန်း ၄၈၀ **(ညှိနှိုင်း)**

**ဖုန်း-၀၉-၄၂၂၄၅၉၅၇၉၊**
**၀၉-၅၂၀၃၃၅၉**



## မြေကွက်များ ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံအရှေ့မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

**ဖုန်း-၂၆၀၆၆၄၄၈၀၊**
**၂၆၀၆၆၄၄၉၀**



## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ခ/စီ)၊ ဦးပိုင်အမှတ်(၂၀)၊ မြစ်ငယ်ထုံးဘိုကားလမ်းမြောက်ဘက်၊ စွယ်တော်မြတ်စေတီအရှေ့ဘက်၊ ၆၇×၆၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်မိုးဦး ၉/မဟမ(နိုင်)၀၁၈၂၁၃ (ညီမ)၊ ဒေါ်စုထက်ကို ၉/အမဇ(နိုင်)၀၃၃၃၀၃ တို့မှ ဂရန်စာချုပ်မူရင်းမှာ လက်ဝယ်တွင်ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များနှင့်အတူ အမှုတွဲအမှတ် ၃၆၄၈/၂၀၁၅-၂၀၁၆ ဖြင့် ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**


## ပြင်ဆင်ဖတ်ရှုပါရန်

၆-၂-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ 'ခ' ကော်လံ ၅ တွင်ပါရှိသော ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် "မြေကွက်တည်နေရာအမှတ် ၃၇၃/ခ၊ ဂန့်ဂေါ်ရိပ်သာဝင်း" အစား "မြေကွက်တည်နေရာအမှတ် ၃၇၃/ခ၊ ဂန့်ဂေါ်ရိပ်သာလမ်း" နှင့် "မြို့နယ်အထွေထွေအတွင်းရေးမှူး" အစား "မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

KBZ SC
KBZ STIRLING COLEMAN SECURITIES CO., LTD.

# ရန်ကုန်စတော့အိတ်ချိန်း၌ အစုရှယ်ယာအရောင်းအဝယ်ပြုလိုသူများအား ဖိတ်ခေါ်ခြင်း

၁။ ၂၀၁၆ခုနှစ် မတ်လတွင် ရန်ကုန်စတော့အိတ်ချိန်း၌ ရှယ်ယာများစတင်ရောင်းချရန် ပြင်ဆင်ဆောင်ရွက်နေသည့် အများပိုင်ကုမ္ပဏီများဖြစ်သော FMI နှင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်တို့တွင် အစုရှယ်ယာဝယ်ယူထားသူများသာမက၊ အများပိုင်ကုမ္ပဏီများတွင် အစုရှယ်ယာဝယ်ယူထားခြင်း မရှိသေးသူများအပါအဝင်၊ ရန်ကုန်စတော့အိတ်ချိန်း၌ အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်ရန်အတွက် လိုအပ်သည့်ငွေချေးသက်သေခံလက်မှတ်စာရင်း securities account ဖွင့်လှစ်နိုင်ပါရန် KBZ SC ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ securities account ဖွင့်လှစ်နိုင်ရေးအတွက် စာရင်းဖွင့်လှစ်လိုသူကိုယ်တိုင် (တစ်ဦးချင်းဖြစ်စေ/ အစုစပ်ဖြစ်စေ/ ကုမ္ပဏီအနေဖြင့်ဖြစ်စေ) အောက်ဖော်ပြပါ KBZ SC ရုံးချုပ်နှင့် KBZ ဘဏ်ခွဲများသို့ လာရောက်ပါရန်နှင့် သက်ဆိုင်ရာနိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘဏ်တစ်ခုခု၌ ငွေစာရင်းဖွင့်လှစ်ထားသည့် ဘဏ်ငွေစာရင်းစာအုပ်၊ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်၊ ဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်နှင့် FMI၊ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အစုရှယ်ယာရှင်များအနေဖြင့် သက်ဆိုင်ရာကုမ္ပဏီကထုတ်ပေးသည့် အစုရှယ်ယာပိုင်ဆိုင်ကြောင်းထောက်ခံချက် တစ်ပါတည်းယူဆောင်လာရန် လိုအပ်ပါသည်။

၃။ Securities account ဖွင့်လှစ်ခြင်းကို စိတ်ပါဝင်စားသူ နိုင်ငံသားတိုင်းနှင့် မြန်မာကုမ္ပဏီများအနေဖြင့် FMI ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအတွက် ၂၅-၁-၂၀၁၆ရက်နေ့မှစတင်ပြီးလည်းကောင်း၊ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အစုရှယ်ယာရှင်များအတွက် ၂၅-၂-၂၀၁၆ ရက်နေ့မှစတင်၍လည်းကောင်း အောက်ဖော်ပြပါ KBZ SC ရုံးချုပ်နှင့် KBZ ဘဏ်ခွဲများတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

KBZ SC ရုံးချုပ် - အမှတ် (၁၀၅)၊ မြေညီထပ်၊ Strand Square၊ ကျောက်တံတား၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| ၁။ မြန်မာစင်တာဘဏ်ခွဲ (ရန်ကုန်) | ၁၁။ သစ္စာလမ်းဘဏ်ခွဲ (ရန်ကုန်) | ၂၁။ လမ်း ၈၀ဘဏ်ခွဲ (မန္တလေး) |
| ၂။ အင်းလျားလမ်းဘဏ်ခွဲ (ရန်ကုန်) | ၁၂။ ထီးတန်းဘဏ်ခွဲ (ရန်ကုန်) | ၂၂။ မင်္ဂလာဈေးဘဏ်ခွဲ (မန္တလေး) |
| ၃။ ရန်ကင်းဘဏ်ခွဲ (ရန်ကုန်) | ၁၃။ အလုံ-ထော်လီကွေ့ဘဏ်ခွဲ | ၂၃။ ပြည်ကြီးတံခွန်ဘဏ်ခွဲ (မန္တလေး) |
| ၄။ တက္ကသိုလ်လမ်းဘဏ်ခွဲ-၂ (ရန်ကုန်) | ၁၄။ လှိုင်သာယာဘဏ်ခွဲ-၅ (ရန်ကုန်) | ၂၄။ ရတနာပုံဈေးဘဏ်ခွဲ (မန္တလေး) |
| ၅။ ဗိုလ်မြတ်ထွန်းလမ်းဘဏ်ခွဲ (ရန်ကုန်) | ၁၅။ ၇မိုင်ဘဏ်ခွဲ (ရန်ကုန်) | ၂၅။ မန္တလေးဘဏ်ခွဲ-၁ |
| ၆။ လှိုင်သာယာဘဏ်ခွဲ-၄ (ရန်ကုန်) | ၁၆။ ဗိုလ်အောင်ကျော်လမ်းဘဏ်ခွဲ (ရန်ကုန်) | ၂၆။ မန္တလေးဘဏ်ခွဲ-၂ |
| ၇။ ၉မိုင်ဘဏ်ခွဲ (ရန်ကုန်) | ၁၇။ မြောက်ဒဂုံဘဏ်ခွဲ-၃ (ရန်ကုန်) | ၂၇။ မန္တလေးဘဏ်ခွဲ-၄ |
| ၈။ ဒဂုံစင်တာဘဏ်ခွဲ (ရန်ကုန်) | ၁၈။ ခိုင်ရွှေဝါလမ်းဘဏ်ခွဲ (ရန်ကုန်) | ၂၈။ မန္တလေးဘဏ်ခွဲ-၈ |
| ၉။ လမင်းသာယာကွန်ဒိုဘဏ်ခွဲ (ရန်ကုန်) | ၁၉။ မြောက်ဥက္ကလာဘဏ်ခွဲ-၂ (ရန်ကုန်) | ၂၉။ မန္တလေးဘဏ်ခွဲ - ၉ |
| ၁၀။ စံပြဈေးဘဏ်ခွဲ | ၂၀။ သုမင်္ဂလာလမ်းဘဏ်ခွဲ (ရန်ကုန်) | ၃၀။ မန္တလေးဘဏ်ခွဲ-၁၀ |

၄။ အစုရှယ်ယာအရောင်းအဝယ်ပြုလိုသူများအနေဖြင့် securities account ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသည်များကို KBZ SC ရုံးချုပ်၏ ဖုန်း-၀၁-၂၃၀၇၃၀၀ ~၂၃၀၇၃၀၂၊ အီးမေးလ်- clientservices@kbzsc.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

**KBZ Stirling Coleman Securities Company Limited**




## ပျောက်ဆုံးကြောင်း

ကျွန်မ မနန်းနန်းမြင့် ၁၀/မဒန(နိုင်)၁၁၃၃၇၆ ၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ကျော်ညွန့် ၈/ခမန(နိုင်)၀၄၄၇၆၂၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးအောင်ကျော်ညွန့် ဖုန်း-၀၉-၂၃၀၅၂၁၉**

## အမည်ပြောင်း

ဦးခင်မောင်မြင့် ၈/မဘန(နိုင်)၀၂၆၇၈၈ ၏သား မင်းဘူးမြို့နယ်၊ တွဲဖက်အထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်နေမင်းကျော်အား မောင်နေသူဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်နေသူဖြိုး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်အောင်ဟိန်း ၁၀/သထန(နိုင်)၁၀၇၄၄၃ ၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အမာစိန် ၈/ဆဖန(နိုင်)၀၀၃၀၀၇၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဒေါ်အမာစိန် ဖုန်း-၀၉-၂၃၀၅၈၇၆**

## ဖခင်အမည်မှန်

အထက သက္ကလ၊ ကဝမြို့နယ် နဝမတန်း(B)မှ မအိသဇင်မြင့်၊ ဆဋ္ဌမတန်း(A)မှ မဝင်းယုနွယ်၊ အမက(၁)ဒုတိယတန်းမှ မကျော့ရှင်းနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၇/ကဝန(နိုင်)၀၈၉၉၆၈ ဖြစ်ပါသည်။

## မြေရှင်နှင့် ကန်ထရိုက်တာတို့ ကန်ထရိုက်စနစ်အရ ကွန်ဒိုတိုက်ခန်း အကျိုးတူ ဆောက်လုပ်ခြင်းစီမံကိန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

Myanmar International City Development Co.,Ltd. ဒါရိုက်တာ MR. Wei Zong Lin ၏ လွှဲအပ်ညွှန်ကြားချက်အရ -

၁။ Myanmar International City Development Co.,Ltd. နှင့် ဒေါ်မိမိမြင့်ဖူး (၁၂/မရက (နိုင်) ၁၂၆၃၂၅) တို့သည် ဒေါ်မိမိမြင့်ဖူးပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်(၉)၊ ဆရာစံလမ်း၊ မြေတိုင်းရပ်ကွက် (၃၅-D)၊ မြေကွက်အမှတ် (၄ရ-D/A)၊ ဧရိယာ (၀. ၃၂၃)ကေရှိ မြေပိုင်မြေကွက်ပေါ်တွင် ကန်ထရိုက်စနစ် ကွန်ဒိုတိုက်ခန်းဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ (၂၉-၈-၂၀၁၄) ရက်နေ့၌ မြေရှင်နှင့် ကန်ထရိုက်တာတို့ ကန်ထရိုက်စနစ်အရ ကွန်ဒိုတိုက်ခန်းအကျိုးတူဆောက်လုပ်ခြင်းစီမံကိန်းနှစ်ဦးသဘောတူကတိစာချုပ်ကို ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ တဖန် (၁၉-၉-၂၀၁၄)ရက်စွဲဖြင့်လည်း ကန်ထရိုက်စနစ်အရ ကွန်ဒိုတိုက်ခန်းအကျိုးတူဆောက်လုပ်ခြင်း၊ စီမံကိန်းနှစ်ဦးသဘောတူကတိစာချုပ်ဖြင့်လည်း စာချုပ် ချုပ်ဆိုပြီးစီးခဲ့ကြပါသည်။

၂။ ယခုအခါ Myanmar International City Development Co.,Ltd. မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာ(ယာ/အုံ)ဌာနတွင် ကွန်ဒိုတိုက်ခန်းဆောက်လုပ်ခြင်းဆောက်လုပ်ခွင့် (ခွင့်ပြုမိန့်) ရရှိခဲ့ပြီးဖြစ်ပါ၍ ကွန်ဒိုတိုက်ခန်းဆောက်လုပ်ရန်အတွက်သာ ရှိပါတော့သည်။

၃။ သို့ဖြစ်ပါ၍ ယခုကဲ့သို့ ကန်ထရိုက်တာတို့မှ ငွေကုန်၊ အချိန်ကုန်လူပင်ပန်းစွာဖြင့် အလေးထားဆောင်ရွက်နေခြင်းအားလည်းကောင်း၊ (၂၉-၈-၂၀၁၄) နှင့် (၁၉-၉-၂၀၁၄)ရက်စွဲပါ နှစ်ဦးသဘောတူချုပ်ဆိုခဲ့ကြသော စာချုပ်များကို ကန်ထရိုက်တာ၏ သဘောမတူခွင့်မပြုဘဲ မြေနှင့်ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲမှုတစ်ခုခုပြုလုပ်ခြင်းတို့ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဦးခင်မောင်ဦး (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၉၃၄)
အမှတ် (၄၆)၊ (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၄၃၁၈ရ၄၅၃

# ဖိုးဂျီဆက်သွယ်ရေးကွန်ရက်ကိုရဖို့ လုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်တွေဟာ အစိုးရအကူးအပြောင်းနဲ့ သက်ဆိုင်မှုမရှိပါဘူး



ဒုတိယဝန်ကြီး ဦးသောင်းတင်
(ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန)

တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံတွင်းအကြီးမားဆုံးသော တိုးတက်ပြောင်းလဲမှုအရှေ့ဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ကြိုးစားလျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတကာအင်တာနက် အသုံးပြုမှုဖြစ်သည့် ဖိုးဂျီအင်တာနက်သုံးစွဲမှုကို ပြည်သူတိုင်း လက်လှမ်းမီနိုင်စေရေးအတွက် အရေးကြီးဆုံးလုပ်ငန်းစဉ်အဖြစ် ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ သိရှိရပါသည်။

ထို့အပြင် ဖိုးဂျီကွန်ရက် ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ရေးအတွက် နိုင်ငံပိုင်ရှားပါး သယံဇာတဖြစ်သည့် Spectrum များ အသုံးပြုနိုင်ရေးကို ရှေးရှုကာ Spectrum 2600 MHz ဝန်ဆောင်မှုပေးမည့် ကုမ္ပဏီများကို တင်ဒါခေါ်ယူနိုင်ရန်အတွက် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်လျက်ရှိရာ အများပြည်သူများ အကြားတွင် ဝေဖန်မှုများ မြင့်တက်လျက်ရှိပြီး လွှတ်တော်တွင် အရေးတကြီးအဆိုတင်သွင်းသည်အထိ ဂယက်ရိုက်ခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးကဏ္ဍ တိုးတက်မှုအတွက်

စာမျက်နှာ ၁၀ ကော်လံ ၁ *

- **2600 MHz ကို ၂၀၀၉ ခုနှစ်ကတည်းက ရတနာပုံနဲ့ Red Link ကုမ္ပဏီတို့ကို ချထားပေးခဲ့တာ ရှိပါတယ်။ သို့သော် Spectrum သုံးစွဲမှုအပိုင်းမှာ အခကြေးငွေကောက်ခံခဲ့တာ လုံးဝမရှိ။**
- **Spectrum သုံးစွဲမှု လေလံကနေ သုံးစွဲခွင့်ဈေးနှုန်းတွေထွက်တာနဲ့ လက်ရှိ Spectrum သုံးစွဲခွင့်ရတဲ့လုပ်ငန်းတွေဟာ ၂၀၀၉ ခုနှစ်ကတည်းက သုံးစွဲခဲ့တဲ့ သုံးစွဲခနှုန်းကို ပေးဆောင်ရမှာဖြစ်။**

## ဆေးရုံဆောက်မယ့်မြေကို နိုင်ငံခြားဖက်စပ်ကုမ္ပဏီအား အပြီးပေးလိုက်တာမဟုတ်ပါဘူး။ နှစ် ၅၀ ငှားရမ်းတာဖြစ်ပါတယ်

စာ - ၉

## ချန်ပီယံလိဂ် ရှုံး ထွက် ပထမအကျော့ မန်စီးတီးတို့ အဝေးကွင်း၌ ဂိုးပြတ်နိုင်

၂၀၁၅-၂၀၁၆ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံး ထွက် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၅ ရက် (ကြာသပတေးနေ့)နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ယူကရိန်းကလပ် ဒိုင်နမိုကိဗ်နှင့် အင်္ဂလန်ကလပ် မန်စီးတီးပွဲတွင် အင်္ဂလန်အသင်းများ အဝေးကွင်း၌ ရလဒ်ဆိုးများကို မန်စီးတီးအသင်း သုံးဂိုး-တစ်ဂိုး အနိုင်ရလဒ်ဖြင့် ချေဖျက်နိုင်ခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❐




မန်စီးတီးတိုက်စစ်မှူး အဂူရို ပထမဂိုးသွင်းယူပြီး အောင်ပွဲခံစဉ်။

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သီပေါမြို့စခန်း၌ မိုးရေချိန် စံချိန်သစ် ၃၆ မီလီမီတာ (၁ ဒသမ ၄၂ လက်မ)ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၂၈ မီလီမီတာ (၁ ဒသမ ၁၀ လက်မ)ဖြစ်သည်။ ယခင်စံချိန်ကျိုးခဲ့သည့်နှစ် ၂၇-၂-၂၀၀၀ ဖြစ်ပြီး စခန်း ဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ် ပေါင်း ၅၀ အတွင်းဖြစ်သည်။

**(မြန်မာ့အလင်း)**

## ၂၀၁၉ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရရန် မြန်မာယူ-၁၄ အသင်း ပြင်ဆင်မည်

သတင်း-ရဲရင့်ရှိုင်း
ဓာတ်ပုံ-ဖိုးသော်ဇင်



MFF U-14 Cup ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အသင်းများယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် ဖီဖာယူ -၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရှိရန် အချိန်ယူပြင်ဆင်သွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲအတွက် ရည်ရွယ်ကာ ယူ-၁၄ အမျိုးသားအသင်းကို ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာယူ-၁၄ အမျိုးသားအသင်းကို ကစားသမား၅၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး မတ်လဆန်းပိုင်းတွင် လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါ ကစားသမားများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်က ကျင်းပခဲ့သည့် MFF U-14 Cup ပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သည့်ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို ဘောလုံးအကယ်ဒမီများမှ အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မန္တလေးဘောလုံးအကယ်ဒမီ (က)အသင်းမှ ၁၅ ဦးဖြင့် အများဆုံး ပါဝင်နေကာ ဇွဲကပင်အကယ်ဒမီ (က) အသင်းမှ ၁၂ ဦး၊ ရောဝတီ

စာမျက်နှာ ၁၄ ကော်လံ ၁ ❍

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS



No.23/B(2) THUKHA WADDY STREET, SUNIRAN PARK, YANKIN, YANGON. PH: 09 5175867, 09 5006225

# မြန်မာ့အလင်း ဂျာနယ်စီးပွားကြေးကလစ်

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ သောကြာနေ့။





ပြည်တွင်းရေးရာ

**တစ်ခါတုန်းက**
**နယ်စပ်ဒေသမှာ...(၉)**

စာ - ၃



လူမှုစီးပွား

**မြတ်မော်တင်**
**မဟာမကုဋရုံသီဆံတော်ရှင်စေတီ**
**ပုဒ္ဓပူဇနီယပွဲတော်ဖွင့် အုံ့မခန်းစည်ကား**

စာ - ၄






# ကက် ပီတယ်ဝမ်းဖလားမှာ ဘယ် သူအောင်ပွဲခံမလဲ

စာ - ၂

## ပရီမီယာလိဂ်ပွဲစဉ်(၂၇)

**စနေနေ့ (၂၇-၂-၁၆)**

| | | | |
|---|---|---|---|
| ည ၇း၁၅ | ဝက်စ်ဟမ်း | - | ဆန်းဒါးလန်း |
| ည ၉း၃၀ | စတုတ် | - | ဗီလာ |
| ည ၉း၃၀ | ဝက်ဖို့ဒ် | - | ဘုန်းမောက် |
| ည ၉း၃၀ | ဆောက်သမ်တန် | - | ချယ်လ်ဆီး |
| ည ၉း၃၀ | လက်စတာ | - | နော့ဝှစ်ချ် |
| နံနက် ၀၀း၀၀ | ဝက်စ်ဘရွန်း | - | ပဲလေ့စ် |

**တနင်္ဂနွေနေ့ (၂၈-၂-၁၆)**

| | | | |
|---|---|---|---|
| ည ၈း၃၅ | မန်ယူ | - | အာဆင်နယ် |
| ည ၈း၃၅ | စပါး | - | ဆွမ်ဆီး |

# ကက်ပီတယ်ဝမ်းဖလားမှာ ဘယ်သူအောင်ပွဲခံမလဲ

■ ဝေမိုးဆက်



၂၀၁၅-၁၆ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို လာမယ့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ ဝင်ဘလေကွင်းအတွင်း ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ အဆိုပါဗိုလ်လုပွဲမှာတော့ အင်္ဂလန်ဘောလုံးလောကရဲ့ အသင်းကြီးနှစ်သင်းဖြစ်တဲ့ လီဗာပူးနဲ့ မန်စီးတီးတို့ ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိဖို့ သေချာနေပါတယ်။

ဒီပြိုင်ပွဲမှာ နှစ်သင်းစလုံးဟာ အောင်မြင်မှုတွေ ရရှိခဲ့ဖူးတဲ့အသင်းတွေ ဖြစ်ကြပြီး လီဗာပူးဟာ ဒီကက်ပီတယ်ဝမ်းဖလားကို စုစုပေါင်း ရှစ်ကြိမ်တိတိ သိမ်းပိုက်ရရှိနိုင်ခဲ့ကာ ပြိုင်ပွဲသမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့အသင်းလည်း ဖြစ်ပါတယ်။ လီဗာပူးအနေနဲ့ဒီကက်ပီတယ်ဝမ်းဖလားကို ၁၉၈၁ ခုနှစ်မှာ စတင်ရရှိခဲ့တာဖြစ်ပြီး နောက်ဆုံးရရှိခဲ့တာကတော့ ၂၀၁၂ ခုနှစ်က ဖြစ်ပါတယ်။ မန်စီးတီးကလည်း ဒီကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲမှာ သုံးကြိမ် ဗိုလ်စွဲနိုင်ခဲ့ဖူးတဲ့ အသင်းဖြစ်ပြီး ဒီဆုဖလားကို ၁၉၇၀ ပြည့်နှစ်က စတင်ရရှိခဲ့တာဖြစ်သလို ၂၀၁၄ ခုနှစ်က ဒီဆုဖလားကို နောက်ဆုံးရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီနှစ်သင်းစလုံးဟာ ဒီပြိုင်ပွဲမှာ အောင်မြင်မှုအစဉ်အလာရှိ တဲ့အသင်းတွေဖြစ်ကြသလို ဒီပြိုင်ပွဲအတွင်း အောင်မြင်မှုနဲ့ ကာလရှည်ဝေးကွာခဲ့တဲ့အသင်းတွေလည်း မဟုတ်ကြဘူးလို့ဆိုနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်သင်းစလုံးဟာ ဒီပြိုင်ပွဲအတွင်း ထပ်မံအောင်မြင်မှုရဖို့အတွက် အားစိုက်ကစားလာဖို့လည်း သေချာနေပါတယ်။ အထူးသဖြင့် ဒီနှစ်သင်းစလုံးဟာ ဒီရာသီမှာ ဆုဖလားတစ်လုံးရယူနိုင်ဖို့ဆိုတာနဲ့ ဆုဖလားလက်မဲ့ရာသီမဖြစ်ရေးအတွက် ဒီပြိုင်ပွဲက ပိုမိုပြီးအရေးပါနေပါတယ်။

လီဗာပူးအနေနဲ့ဒီရာသီမှာ အက်ဖ်အေဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်သလို ယူရိုပါလိဂ်ပြိုင်ပွဲအတွင်း ဆက်လက်ယှဉ်ပြိုင်နေရပေမယ့်လည်း ဗိုလ်စွဲဖို့ မသေချာဘဲ ပရီမီယာလိဂ်မှာလည်း ချန်ပီယံဖြစ်ဖို့ မျှော်လင့်နိုင်ခြေမရှိတော့တာကြောင့် လီဗာပူးအတွက် ဆုဖလားလက်မဲ့ရာသီမဖြစ်ရေးဟာ ဒီပြိုင်ပွဲအပေါ်မှာ အဓိကတည်မှီနေပါတယ်။ ဒါ့အပြင် လီဗာပူးဟာ ဒီရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ဥရောပဝင်ခွင့်ရရှိဖို့ မသေချာတာကြောင့် ဒီပြိုင်ပွဲမှာသာ ဗိုလ်စွဲခဲ့မယ်ဆိုရင် ယူရိုပါလိဂ်ဝင်ခွင့်ရရှိမှာလည်း ဖြစ်တဲ့အတွက် လီဗာပူးအနေနဲ့ ဒီပြိုင်ပွဲမှာ ဖလားလက်မဲ့မဖြစ်ရေးအပြင် ဥရောပဝင်ခွင့်သေချာစေဖို့ပါ ဗိုလ်စွဲနိုင်ဖို့အထိ အားစိုက်ကစားလာဖို့ ရှိနေပါတယ်။

မန်စီးတီးအနေနဲ့လည်း လက်ရှိအချိန်မှာ ပရီမီယာလိဂ်ဆုဖလားရရှိဖို့ ခက်ခဲနေသလို ချန်ပီယံလိဂ်ပြိုင်ပွဲ အတွင်းမှာလည်း အောင်မြင်မှုရရှိရေးဟာ ခက်ခဲမှုတွေများလွန်းတာကြောင့် ဆုဖလားတစ်လုံးရယူနိုင်ရေးအတွက်ဒီပြိုင်ပွဲကို အဓိကထားယှဉ်ပြိုင်လာမှာလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ဒီရာသီဟာ မန်စီးတီးနည်းပြပယ်လီဂရီနီရဲ့ မန်စီးတီးမန်နေဂျာဘဝ နောက်ဆုံးရာသီဖြစ်တာကြောင့် မန်စီးတီးကို အောင်မြင်မှုနဲ့အတူ နှုတ်ဆက်နိုင်ဖို့အတွက် ပယ်လီဂရီနီကိုယ်တိုင် ဒီပွဲစဉ်အပေါ် အလေးထားလာမှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မန်စီးတီးဟာ ဒီတစ်ကြိမ်မှာသာ ဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် ဒီကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲအတွင်း လေးကြိမ် ဗိုလ်စွဲထားတဲ့ မြို့ခံပြိုင်ဘက်မန်ယူရဲ့ အောင်မြင်မှုစံချိန်နဲ့လည်း တူညီသွားမှာဖြစ်တဲ့အတွက် မန်စီးတီးအနေနဲ့လည်း ဒီပွဲစဉ်ကို ဂရုတစိုက်ယှဉ်ပြိုင်သွားဖို့ဆိုတာ သေချာနေပါတယ်။

ဒါကြောင့် ဒီနှစ်ဗိုလ်လုပွဲဟာ ပြိုင်ဘက်နှစ်သင်းရဲ့ပွဲအပေါ် အာရုံစူးစိုက်မှုပြည့်ဝခြင်း၊ စိတ်ပိုင်းဖြတ်မှုပြင်းထန်ခြင်းနဲ့ အောင်မြင်မှုရရှိရေးဆိုတဲ့ ရည်မှန်းချက်တွေနဲ့အတူ ပိုမိုပြီးအကြိတ်အနယ်ရှိလာဖို့ သေချာနေပါတယ်။ ဒီပြိုင်ပွဲအတွင်းမှာတော့ လီဗာပူးနဲ့ မန်စီးတီးတို့ဟာ ခြောက်ကြိမ်တိုင်တိုင်ဆုံတွေ့ခဲ့ဖူးကာ အဆိုပါ ခြောက်ကြိမ်မှာတော့ မန်စီးတီးက တစ်ကြိမ်ပဲ အနိုင်ရရှိခဲ့ပြီး လီဗာပူးက သုံးကြိမ်အနိုင်ရရှိကာ စုစုပေါင်း နှစ်ကြိမ်တိတိ သရေကျခဲ့ရပါတယ်။ ဒါပေမယ့် ဒီနှစ်သင်းဟာ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲအတွင်း နောက်ဆုံးဗိုလ်လုပွဲမှာ အခုမှသာပထမဆုံးအကြိမ်အဖြစ် ဆုံတွေ့ခြင်းဖြစ်ပါတယ်။

ဒီနှစ်သင်းဟာ ကက်ပီတယ်ဝမ်းဖလားဗိုလ်လုပွဲအတွင်း ယခင်က တစ်ကြိမ်မှ ဆုံတွေ့ဖူးခြင်းမရှိပေမယ့် လီဗာပူးကတော့ အဆိုပါကက်ပီတယ်ဝမ်းဖလားဗိုလ်လုပွဲအတွင်း မန်ချက်စတာ မြို့ခံပြိုင်ဘက်တစ်သင်းဖြစ်တဲ့ မန်ယူနဲ့တော့ နှစ်ကြိမ်တိုင်တိုင် ဆုံတွေ့ခဲ့ဖူးရာမှာ အဆိုပါ နှစ်ကြိမ်စလုံး အနိုင်ရရှိ ဗိုလ်စွဲနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် မန်စီးတီးအနေနဲ့ ဒီပွဲစဉ်မှာ ကက်ပီတယ်ဝမ်းဖလားဗိုလ်လုပွဲတိုင်း မန်ချက်စတာအခြေစိုက်အသင်းနဲ့ ဆုံတွေ့ရင်ရလဒ်ကောင်းရရှိကာ ဗိုလ်စွဲလေ့ရှိတဲ့ လီဗာပူးကို အသာရယူနိုင်မလားဆိုတာ စိတ်ဝင်စားစရာဖြစ်နေပါတယ်။

လက်ရှိအချိန်မှာတော့ မန်စီးတီးဟာ ခြေစွမ်းပိုင်းယိမ်းယိုင်မှုတွေနဲ့ ကြုံတွေ့နေရတဲ့ အသင်းဖြစ်ပါတယ်။ မန်စီးတီးအနေနဲ့ ဒီကက်ပီတယ်ဝမ်းဖလားမှာ ဆီမီးအဆင့်တုန်းက လီဗာပူးရဲ့မြို့ခံပြိုင်ဘက် အဲဗာတန်နဲ့ ဆုံတွေ့ခဲ့ရာမှာလည်း ခက်ခဲစွာရင်ဆိုင်ခဲ့ရပြီး ပြန်ကန်ပွဲကစားခဲ့ရကာ အငြင်းပွားဖွယ်ရာ သွင်းဂိုးကြောင့်သာ ဒီအဆင့်ကို တက်ရောက်လာခဲ့ရတာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း မန်စီးတီးဟာ ခံစစ်ပိုင်းပြဿနာတွေနဲ့ရင်ဆိုင်နေရပါတယ်။ ဗဟိုခံစစ်မှာ ကွန်ပါနေးလ် ပြန်လည်ပါဝင်လာနိုင်ပေမယ့်လည်း ဒီမစ်ချယ်လီ၊ အော့တာမန်ဒီတို့ရဲ့ ပုံမှန်ခြေစွမ်းမရရှိမှုကြောင့် ခံစစ်ပိုင်းက လုံခြုံမှုမရှိဖြစ်နေပါတယ်။ ဒါ့အပြင် အဂူရိုဟာလည်း ဒီနောက်ပိုင်းပွဲစဉ်တွေမှာ ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေရတာကြောင့်လည်း မန်စီးတီးဟာ တိုက်စစ်ပိုင်းမှာပါ ဂိုးသွင်းခြေကျဆင်းလာတာကို တွေ့ရပါတယ်။

မန်စီးတီးအနေနဲ့ ပရီမီယာလိဂ် ပြိုင်ပွဲအတွင်းမှာတုန်းက အိမ်ကွင်းမှာ ဆုံတွေ့ခဲ့တုန်းကတောင် လီဗာပူးကို ယှဉ်ကစားနိုင်ခြင်းမရှိခဲ့ဘဲ လေးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ်အရှုံးနိမ့်ခဲ့ရပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးဟာ အဆိုပါပရီမီယာလိဂ်ပြိုင်ပွဲအတွင်း မန်စီးတီးကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ခြေစွမ်းမျိုးပြန်လည်ရရှိဖို့ ခက်ခဲနေတယ်ဆိုပေမယ့်လည်း တိုက်စစ်ပိုင်းမှာ စတာရစ်ချ်ပြန်လည် ပွဲထွက်နိုင်ပြီဖြစ်တာကြောင့် ကစားပုံနဲ့ ထိုးဖောက်အား ပိုမိုကောင်းမွန်လာနိုင်တာကြောင့် မန်စီးတီးရဲ့ အားနည်းတဲ့ ခံစစ်ကို ဖိအားပေးသွားနိုင်ဖို့ ရှိနေပါတယ်။ အထူးသဖြင့် လီဗာပူးကွင်းလယ်မှာ အမ်မရီကမ်၊ မီလ်နာတို့ဟာ ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ လီဗာပူးရဲ့ကွင်းလယ်ကစားပုံဟာလည်း တည်ငြိမ်မှုအနည်းငယ်မဲ့နေတယ်ဆိုပေမယ့် မန်စီးတီးမှာလည်း ယာယာတိုရေးခြေစွမ်းကျလာခြင်း၊ ဖာနန်ဒင်ညို၊ ဖာနန်ဒိုစတဲ့ကစားသမားတွေ ပုံမှန်ခြေစွမ်းပျောက်ဆုံးနေခြင်းနဲ့အတူ မန်စီးတီးရဲ့ ကွင်းလယ်ဟာလည်း အားနည်းမှုတွေ ရှိနေပါတယ်။ ဒါကြောင့် လီဗာပူးရဲ့ကွင်းလယ်ကစားပုံအားနည်းတယ်ဆိုသည့်တိုင် မန်စီးတီးအနေနဲ့ လီဗာပူးကို ကွင်းလယ်ကစားကွက်အသာစီးရဖို့ ခက်ခဲစွာရုန်းကန်ရမယ့်အနေအထားရှိနေပါတယ်။

ဒါကြောင့် ဒီပွဲစဉ်မှာ ဆုံတွေ့လာတဲ့ လီဗာပူးနဲ့ မန်စီးတီးတို့ရဲ့ လက်ရှိ အနေအထားတွေဟာ နှစ်သင်းစလုံး တည်ငြိမ်မှုမဲ့နေကြပေမယ့်လည်း အဆိုပါ အားနည်းမှုတွေရှိနေတဲ့ နှစ်သင်းအနက် လီဗာပူးကတော့ စတာရစ်ချ် ပါဝင်လာနိုင်မှုနဲ့အတူ ထိုးဖောက်ကစားပုံမှာ မန်စီးတီးထက် ပိုမိုကောင်းမွန်လာနိုင်တာနဲ့အမျှ ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲတိုင်း မန်ချက်စတာအခြေစိုက် အသင်းကို အသာရလေ့ရှိတဲ့ လီဗာပူးကသာ ဒီတစ်ကြိမ်မှာလည်း အနိုင်ရ ဗိုလ်စွဲသွားဖို့ ရှိနေပါတယ်။ မိနစ် ၉၀ အတွင်း ပြတ်သားတဲ့ရလဒ် ထွက်ပေါ်ဖို့ဆိုတာကတော့ ခက်ခဲပါလိမ့်မယ်။

**ဒီနှစ်သင်းစလုံးဟာ ဒီပြိုင်ပွဲအတွင်း ထပ်မံအောင်မြင်မှုရဖို့အတွက် အားစိုက်ကစားလာဖို့လည်း သေချာနေပါတယ်။ အထူးသဖြင့် ဒီနှစ်သင်းစလုံးဟာ ဒီရာသီမှာ ဆုဖလားတစ်လုံးရယူနိုင်ဖို့ဆိုတာနဲ့ ဆုဖလားလက်မဲ့ရာသီမဖြစ်ရေးအတွက် ဒီပြိုင်ပွဲက ပိုမိုပြီး အရေးပါနေပါတယ်**

## ရီးရဲမက်ဒရစ်အသင်းထက် ပရီမီယာလိဂ်သည် အဓိကကျသည့် ပြိုင်ဘက်ဟု ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမြူ ဖွင့်ဟ

အင်္ဂလန် ပရီမီယာလိဂ်ပြိုင်ပွဲသည် ဘာစီလိုနာအသင်းအတွက် ရီးရဲမက်ဒရစ်အသင်းထက် ပိုမိုကြီးမားသည့် ပြိုင်ဘက်ဖြစ်ကြောင်း ဘာစီလိုနာ အသင်း ဥက္ကဋ္ဌ ဂျိုးဆက်မာရီယာဘာတိုမြူက ထုတ်ဖော်ပြောဆိုလိုက်သည်။

ပရီမီယာလိဂ်ပြိုင်ပွဲသည် လာမည့် ၂၀၁၆-၁၇ ခုနှစ်မှ စတင်၍ ဘောလုံးရာသီသုံးရာသီအတွက် Sky နှင့် BT ရုပ်သံတို့ထံမှ ပရီမီယာလိဂ်ပွဲများ တိုက်ရိုက်ထုတ်လွှင့်ခွင့်အတွက် ပေါင် ၅ဒသမ၁၃၆ ဘီလီယံရရှိမည်ဖြစ်ပြီး ပရီမီယာလိဂ်ကလပ်များသည် ရုပ်သံထုတ်လွှင့်ခွင့်မှ ရရှိလာမည့် ငွေကြေးများကို ခွဲဝေရရှိမည်ဖြစ်သည်။

ပရီမီယာလိဂ်ကလပ်များ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်၍ အဆိုပါ အချက်သည် ကစားသမားအပြောင်းအရွှေ့ဈေးကွက်အပေါ် အကျိုးသက်ရောက်မှုရှိလာမည်ကို ဥက္ကဋ္ဌ ဘာတိုမြူက စိုးရိမ်ပူပန်နေခြင်းဖြစ်သည်။

“ပရီမီယာလိဂ်ကလပ်တွေဟာ မယုံကြည်နိုင်လောက်အောင် များပြားတဲ့ ဘဏ္ဍာရေးအခြေအနေကို ပိုင်ဆိုင်တော့မှာ ဖြစ်ပါတယ်။ ဒီအချက်အပေါ် ကျွန်တော် စိုးရိမ်ပူပန်မိတယ်။ ဘာစီလိုနာအသင်းအတွက် ပရီ မီယာလိဂ်ဟာအဓိက ပြိုင်ဘက်ပါပဲ။ ဘာစီလိုနာရဲ့ အဓိကပြိုင်ဘက်ဟာ ရီးရဲမက်ဒရစ် မဟုတ်ပါဘူး။ ပရီမီယာလိဂ်ပြိုင်ပွဲပါ။ ပရီမီယာလိဂ်ဟာ အကောင်းဆုံး ဘောလုံးပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ ဒီအချက်က ပရိသတ်တွေကို စိတ်ဝင်စားမှု ပိုမိုများပြားစေပြီး ကြီးမားတဲ့ ဝင်ငွေကို ရရှိစေပါတယ်။ စပိန်မှာတော့ ပရီမီယာလိဂ်နဲ့ ကွဲပြားခြားနားတဲ့ ဘတ်ဂျက်အခြေအနေမျိုးရှိတယ်။ စပိန်မှာ လက်စတာအသင်းလို အသင်းမျိုးက အမှတ်ပေးဇယား ထိပ်ဆုံးရောက်လာဖို့ဆိုတာ အလွန်ခက်ခဲပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ အသင်းရဲ့ ဝင်ငွေ တိုးတက်လာစေဖို့ တတ်စွမ်းသမျှ အကောင်းဆုံးကြိုးပမ်းနေတယ်။ အသင်းရဲ့ အကောင်းဆုံး ကစားသမားတွေကို ကျွန်တော် တို့နဲ့အတူ ဆက်ရှိနေစေမယ့် ဘဏ္ဍာရေးအခြေအနေမျိုး ပိုင်ဆိုင်နိုင်အောင်လည်း ကြိုးစားနေပါတယ်”ဟု ဥက္ကဋ္ဌ ဘာတိုမြူက ပြောဆိုသွားသည်။


ပရီမီယာလိဂ်ပြိုင်ပွဲသည် ၂၀၁၃ ခုနှစ်မှ ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်အထိချုပ်ဆိုထားသည့် ရုပ်သံထုတ်လွှင့်ခွင့်စာချုပ်အရ ပေါင် ၃ ဒသမ ၀၁ ဘီလီယံရရှိခဲ့ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ သက်တမ်းရှိစာချုပ်အရ ရုပ်သံထုတ်လွှင့်ခွင့်မှရရှိသည့်ဝင်ငွေသည် လက်ရှိ ဝင်ငွေထက် ၇၀ ရာခိုင်နှုန်းအထိ တိုးမြင့်သွားမည်ဖြစ်သည်။



# တစ်ခါတုန်းက နယ်စပ်ဒေသမှာ...(၉)

မြင့်စိုး(နတလ)




ဆရာနွမ်ဂျာသိုင်း၏ တစ်ခါတုန်းက တက္ကသိုလ်မှာ ဝတ္ထုခေါင်းစဉ်ကို သဘောကျသဖြင့် နယ်စပ်ဒေသနှင့် ပတ်သက်သော အမှတ်တရအကြောင်းအရာများကို တစ်ခါတုန်းက နယ်စပ်ဒေသမှာဆောင်းပါးခေါင်းစဉ် အမည်ပေး၍ ဆက်လက်ရေးသားနေမိခြင်း ဖြစ်ပါသည်။ ၁၉၉၅ခုနှစ် နတလသို့ကူးပြောင်းရောက်ရှိချိန် ကိုးကန့်ဒေသ လောက်ကိုင်၊ ဝဒေသနမ့်တစ်နှင့် MTA တပ်ဖွဲ့ဝင်များ အကြွင်းမဲ့ လက်နက်စွန့်ရာ (ရှမ်းပြည်နယ်တောင်ပိုင်း)ရှိ ဟိုမိန်းဒေသများ၌ တာဝန်ထမ်းဆောင်အပြီး ဦးစီးဌာနရုံးချုပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ၁၉၉၇ခုနှစ် (နဝတနှင့် နယက အပြောင်းအလဲမဖြစ်မီစပ်ကြား) နှစ်ဆန်းပိုင်းလောက် ဖြစ်ပါလိမ့်မည်။ နယ်စပ်/ စည်ပင်ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်က ဝန်ကြီးဌာန၏ပြက္ခဒိန် ထုတ်ဝေရန်ညွှန်ကြားခဲ့သဖြင့် ထိုစဉ်က ညွှန်ကြားရေးမှူး(စီမံ) တာဝန်ထမ်းဆောင်နေသော ဒုတိယဗိုလ်မှူးကြီး အောင်စိုး(ငြိမ်း)နှင့် ကျွန်တော်တို့သည် ဓာတ်ပုံရိုက်ကူးရေးကိစ္စများ စတင်ဆောင်ရွက်ခဲ့ကြရသည်။ ဓာတ်ပုံရိုက်မည့် အလှမယ်များကတော့ ယမင်းကိုကိုနှင့် စံပါယ်အောင်နိုင်။ လုပ်ကြဆို၍သာ ထ၍လုပ်လိုက်ကြသည် ပြက္ခဒိန်ထုတ်ဝေခြင်း အတွေ့အကြုံလုံးဝမရှိ။ ဘယ်နေရာမှာဘယ်ဓာတ်ပုံဆရာနှင့်သွား၍ ဓာတ်ပုံရိုက်ရမည်မှန်းလည်းမသိ။ ဗိုလ်မှူးသန်းထူး(ငြိမ်း)နှင့် ဗိုလ်မှူးတင်ဝင်း(ငြိမ်း)တို့၏ အဆက်အသွယ်ဖြင့် ဓာတ်ပုံဆရာ မြီတုန်လှနောင်နှင့်ချိတ်မိပြီး မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက်တွင် ရိုက်ဖြစ်ခဲ့ကြ၏။ ယမင်းကိုကိုနှင့် စံပါယ်အောင်နိုင်တို့ကလည်း နေ့လယ်စာ ထမင်းအငတ်ခံ၍ ကြိုးစားပမ်းစားရိုက်ပေးကြပါသည်။ ကံမကောင်းအကြောင်းမလှလို့ပဲ ပြောရမလား ပြက္ခဒိန်ကတော့ ဖြစ်မလာခဲ့။ မထုတ်ဖြစ်တော့ပါ။ သို့တစေ ဤမည်သော လုပ်ငန်းအကြောင်းအရာ သေးသေးလေးမှစ၍ ကျွန်တော့်အား နယ်စပ်ဒေသနှင့်ပတ်သက်သော စာပေအနုပညာပိုးဝင်မှန်းမသိ ဝင်သွားစေသည်ကတော့ အမှန်ပင် ဖြစ်၏။ ယမင်းကိုကိုအနေဖြင့်လည်း နတလဦးစီးဌာနအပေါ် သံယောဇဉ်ကြီးသွားသည်လားမသိ၊ အစ်ကိုကြီးဇော်ဦးတို့နှင့် စားသောက်ဆိုင်တစ်ခုတွင် ပြန်လည်တွေ့ဆုံခိုက် နတလအဖွဲ့မှန်းသိသွားသောကြောင့် ခင်ပွန်းဖြစ်သူနှင့်အတူ လာရောက် နှုတ်ဆက်ရင်း ကျွေးမွေးဧည့်ခံသွားကြောင်းသိရသည်။

နတလကိုမရောက်ခင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်စဉ်ကတည်းက ကိုတင်သန်းဦး၊ ကိုမြင့်လှိုင်၊ ကိုမြသန်းစံနှင့် ဗိုလ်မှူးဒေါ်ခင်မျိုးနွယ်(ခင်မျိုးနွယ်-မန်းတက္ကသိုလ်)တို့ကို အားကျ၍ စာတိုပေစလေးများ စတင်ရေးသားဖြစ်ခဲ့သည်။ သတင်းစာဆောင်းပါးကတော့ တစ်ပုဒ်စ၊ နှစ်ပုဒ်စလောက်သာ။ နတလသို့ရောက်ရှိချိန်တွင်မှ နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်းပါးအတော်များများကို ဆက်လက်ရေးသားဖြစ်ခဲ့ခြင်းဖြစ်၏။ ထိုသို့ သတင်းစာဆောင်းပါးများ ရေးသားနေရင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ မှတ်တမ်းစာအုပ် အမှတ်(၇)နှင့်(၈)ကို ထုတ်ဝေဖို့ အကြောင်းဖန်လာခဲ့သည်။ ယင်းမှတ်တမ်းစာအုပ်များကို မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြင့် ၁၉၉၀-၁၉၉၁ လောက်မှစ၍ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဆပ်ကော်မတီက မှတ်တမ်းစာအုပ် အမှတ်(၆) အထိ ထုတ်ဝေလာခဲ့ခြင်းဖြစ်သည်။ မှတ်တမ်းစာအုပ်များ ဆက်လက်ထုတ်ဝေနိုင်ရေးအတွက် ပညာ၊ ကျန်းမာ၊ လမ်း/တံတား၊ သယ်ပို့၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ လူမှု/သမ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး၊ သတ္တု၊ ပြည်သူ့ဆက်ဆံရေး၊ အိမ်ရာ၊ စီမံ/ဘဏ္ဍာ၊ စာရင်းစစ်ဆေးရေး၊ သာသနာရေး၊ ပြည်ထဲရေးဟူသော လုပ်ငန်းဆပ်ကော်မတီ ၁၈ ခုနှင့် ချိတ်ဆက်၍ စာရင်းဇယားများပြုစုခြင်း၊ မှတ်တမ်းဓာတ်ပုံများ စုဆောင်းရယူခြင်းတို့ ဆောင်ရွက်ပြီး ပုံနှိပ်ထုတ်ဝေခဲ့သည်။

နတလဝန်ထမ်းဘဝဖြင့် ဆောင်ရွက်ခွင့်ရခဲ့သော အခြားလုပ်ငန်းတစ်ခုမှာ ဦးစီးဌာနမဂ္ဂဇင်းများ ထုတ်ဝေရေးကိစ္စဖြစ်သည်။ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ဝဏ္ဏမောင်လွင် (ယခု ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန) လက်ထက် ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ၌ ပထမဆုံး မဂ္ဂဇင်းစာအုပ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ မဂ္ဂဇင်းအမည်က နယ်စပ်ဖွံ့ဖြိုးရေးမဂ္ဂဇင်း။ ဆရာနီမင်းဆွေ (ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ-ငြိမ်း)က အယ်ဒီတာချုပ်နှင့် ထုတ်ဝေသူ၊ ဗိုလ်မှူးတင်ဝင်းနှင့် ကျွန်တော်တို့က အယ်ဒီတာအဖွဲ့ဝင်များ၊ တာဝန်ခံအယ်ဒီတာအဖြစ် ဆရာဦးလင်းဇော်ခိုင်တို့ဖြင့် ဇာတ်လမ်းစခဲ့ခြင်းဖြစ်သည်။ ဆက်လက်ထုတ်ဝေသော မဂ္ဂဇင်းစာအုပ်များကိုမူ တိုင်းရင်းသားမဂ္ဂဇင်းဟု အမည်ပြောင်းလဲခဲ့သည်။ အယ်ဒီတာအဖွဲ့ဝင်များအဖြစ် ကိုသန်းထူး၊ ကိုဇော်ဦးတို့လည်း ပါဝင်လာခဲ့၏။ စာရေးဆရာကြီး၊ ဆရာမကြီးများ၏ စာမူများတွင် ဝိဝါဒကွဲပြားစရာ၊ မဂ္ဂဇင်း၏ ဦးတည်ချက်နှင့် အနည်းငယ်သွေဖည်နေသည်ဟု ယူဆနိုင်ဖွယ်ရာ အကြောင်းအရာများ တွေ့ရှိလာပါက ကာယကံရှင် စာရေးဆရာများထံ ပြန်လည်ဆက်သွယ်ညှိနှိုင်း၍ စာမူပြင်ရသည့် ဗဟုသုတ တစ်မျိုးတိုးလာခဲ့သည်။ မိမိ၏ သဘောဆန္ဒအလျောက် ပြင်ဆင်တည်းဖြတ်ခြင်းမျိုး ဘယ်သောအခါမျှ မလုပ်မိစေရန် ဆရာဦးလင်းဇော်ခိုင်က အမြဲတမ်းသတိပေး၏။ မိမိတို့က စာပေနယ်မှာ ဘာမျှထဲထဲဝင်ဝင်မဟုတ်၊ စာမူများပို့လာသည်က ဝါရင့်သမ္ဘာရင့် ကလောင်ရှင်ကြီးများ၊ ကာတွန်းပညာရှင်များဖြစ်သည်။ စာပေဂါရဝတရားဖြင့် အမြဲတမ်း လေးစားသမှုထားရသည်။ စာလုံးလေးတစ်လုံး၊ စာကြောင်းလေးတစ်ကြောင်း ကျန်သွားခြင်း၊ မှား၍ပုံနှိပ်မိခြင်းတို့ကြောင့်လည်း ကာယကံရှင် စာရေးဆရာ ထုဆစ်သွန်းလောင်းထားသော ကဗျာတစ်ပုဒ်လုံး ပျက်စီးသွားခြင်း၊ ဝတ္ထုတစ်ပုဒ်လုံး ဘယ်လိုမှ သုံးစားလို့ မရအောင် အရသာပျက်သွားခြင်းတို့ ဖြစ်တတ်ကြောင်းကို ဆရာနီမင်းဆွေနှင့် ဦးလင်းဇော်ခိုင်တို့က အသိပညာဖြန့်ဝေပေးခဲ့ဖူးသည်။ ဆရာနီမင်းဆွေကိုယ်တိုင်ရေးသားခဲ့သော ဝတ္ထုတိုတစ်ပုဒ်၌ လက်ဝှေ့ထိုးချိန် သုံးမိနစ်တစ်ချီဟု ရေးရမည့်အစား ၃၀ မိနစ်တစ်ချီဟု ပုံနှိပ်ဖော်ပြခဲ့မိသောကြောင့် သူ့နဖူးကိုလက်ဝါးနှင့်ရိုက်ကာ ကျွန်တော်နှင့် ဆရာဦးလင်းဇော်ခိုင်ကို ကောင်းကောင်းဩဘာပေးခဲ့ဖူးသည်ကို ယနေ့တိုင် အမှတ်ရနေဆဲဖြစ်၏။

တိုင်းရင်းသားမဂ္ဂဇင်းများတွင် ကျွန်တော်တို့ အထူးပြုဖော်ပြပေးခဲ့သော ကဏ္ဍတစ်ခုရှိပါသည်။ ထိုကဏ္ဍမှာ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို အလေးထားဖော်ပြပေးခဲ့သော တိုင်းရင်းသားမြင်ကွင်း အထူးဖော်ပြချက် ကဏ္ဍဖြစ်ပါသည်။ ယင်းကဏ္ဍ၏ ပင်တိုင်ဆောင်းပါးရှင် တော်တော်များများကတော့ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှ ပါမောက္ခဌာနမှူး ဆရာမကြီး ဒေါ်တင်ရီနှင့် သူ၏ တပည့်မများဖြစ်ကြသော ဆရာမ ရှင်ထွေးယဉ်၊ ညွှန့်ညွှန့်ဝင်း၊ မနုဿခင်၊ လွင်လွင်မွန်၊ မြတ်စန္ဒီအောင်တို့ဖြစ်ကြသည်။ ဆရာမကြီး ဦးဆောင်သော မနုဿဗေဒ အဖွဲ့သည် နယ်စပ်ဒေသများဖြစ်သော ကိုးကန့်ဒေသ၊ “ဝ”ဒေသ၊ နာဂဒေသ၊ ကချင်ဒေသတို့သို့ ဘာသာရပ်ဆိုင်ရာ ကွင်းဆင်းလေ့လာ ဆောင်ရွက်မှုများပြုလုပ်ကြရာ၌ နတလအနေဖြင့် တိုင်းရင်းသားအဖွဲ့များနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်းအပြင် လိုအပ်သည့်အုပ်ချုပ်မှုကိစ္စရပ်များ ကူညီဆောင်ရွက်ပေးခဲ့သည်။ ဤမည်သော အကြောင်းတရားများကြောင့် တစ်ဦး၏စေတနာကို တစ်ဦးက တုံ့ပြန်သောအားဖြင့် တိုင်းရင်းသားမဂ္ဂဇင်းအတွက် လိုအပ်သောစာမူများ ရေးသားပေးပို့တတ်ကြသကဲ့သို့ တိုင်းရင်းသားမျိုးနွယ်စုအလိုက် ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်များကိုလည်း လက်ဆောင်ပေးပို့ခဲ့ကြသည်။ ယနေ့ခေတ်တွင် ပြန်လည်၍ လူသိများလာသော ထရုံတိုင်းရင်းသားများအကြောင်းကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသား မဂ္ဂဇင်းတွင် မှတ်တမ်းဓာတ်ပုံများနှင့်အတူ ဖော်ပြပေးခဲ့ဖူးသည်။ အလားတူ အခြားသော တိုင်းရင်းသားမျိုးနွယ်စုများဖြစ်သည့် ဖွန်းတိုင်းရင်းသား၊ မြို၊ ခမီ၊ ကယောစသည်တို့ အပါအဝင် တိုင်းရင်းသားများစွာ၏ စိတ်ဝင်စားဖွယ်ရာ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို အထူးပြုဖော်ပြပေးခဲ့သည်။


မိမိတို့ဦးစီးဌာန ရန်ကုန်တွင်ရှိစဉ်က နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များကို ဖိတ်ကြား၍ ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲစေခြင်း၊ တန်ခိုးကြီးဘုရားများ ဖူးမြော်ခြင်းနှင့် ရန်ကုန်မြို့ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရသည်။ ထိုအချိန် ထိုကာလ၌ တိုင်းရင်းသားများ၏ ရိုးရာအကများ၊ သင်္ကြန်စုပေါင်းယိမ်းအကများကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့တွင် သွားရောက်ရိုက်ကူးကာ ထုတ်လွှင့်ပြသပေးခဲ့သည်။ “မစွန်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိ” ဆိုသည့် မြန်မာစကားပုံအတိုင်း ကကပြည်မှ ဆရာသမားများ၏ အနုပညာလှုပ်ရှားမှုများကို မြင်တွေ့အားကျလာခဲ့သော ကျွန်တော်သည် မြန်မာ့ရုပ်မြင်သံကြားနှင့် အကြောင်းအပေါင်းသင့်လာခဲ့ပြန်ပါသည်။ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၏သတင်းများကို သွားရောက်တည်းဖြတ်ထုတ်လွှင့်ခဲ့ရာမှ မြန်မာ့ရုပ်မြင်သံကြားဝန်ထမ်းများနှင့် ရင်းနှီးခွင့်ရလာပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်လည်း တပ်မ (၅၅)နည်းဗျူဟာမှူး ဘဝကတည်းက သိပြီးဖြစ်သလို ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့်လည်း မျက်မှန်းတန်းမိနေ၍ ဝန်ကြီးဌာန၏ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများအတွက် အကူအညီများစွာရခဲ့သည်။ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်မူ တစ်ခါမျှ မဆုံဖူးသော်လည်း ကျွန်တော်ရေးသော ဆောင်းပါးခေါင်းစဉ်တစ်ခုက အလွန်နုရွှဲနှောင်းနေသဖြင့် သူကမကြိုက်၊ “သည်ကောင်နှယ်ကွာ . . . . ဆရာတက္ကသိုလ်ဘုန်းနိုင် တပည့်လားမသိဘူး. . ဆောင်းပါးခေါင်းစဉ်က နုရွှဲနေတာပဲ၊ ငါဒီလိုပြင်မယ်အဲဒါ. . ပြင်မလား၊ မပြင်ဘူးလား၊ ကိုအောင်မြိုင် သူ့ဆီ ဖုန်းဆက်လိုက်၊ မပြင်ရင် မထည့်ဘူးလို့သာပြောလိုက်”ဟု ဆိုလာသဖြင့် ကျွန်တော့်မှာ ဝန်ကြီးပြင်တာ သဘောတူပါကြောင်း အမြန်ပြန်လည် ပြောလိုက်ရတာကို တော့ဖြင့် ယနေ့တိုင် သတိရနေဆဲဖြစ်သည်။ ဤကား ပြန်ကြားရေးဝန်ကြီးဌာန၊ ကျွန်တော်နှင့် နတလဦးစီးဌာနတို့ကြားက အမှတ်တရများပါပေ။မြန်မာ့ရုပ်မြင်သံကြားဝန်ထမ်းများ၏အကူအညီဖြင့်ပင် ဂီတစာဆို (အလင်္ကာကျော်စွာ) ဟသ်ာတဦးမြင့်ငွေ ရေးဖွဲ့ပေးသော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တေးသီချင်းကို သရုပ်ဆောင် ရတနာခင်ဖြင့် တိုင်းရင်းသားကျေးရွာထဲ၌ ရိုက်ကူး၍ တည်းဖြတ်ထုတ်လွှင့်ခဲ့ဖူးသည်။ ထို့အပြင် မိုင်းလားအထူးဒေသ(၄)၊ “ဝ”ဒေသ၊ နာဂဒေသ၊ ကရင်ဒေသ၊ ရခိုင်ဒေသစသော နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ရုပ်သံအစီအစဉ်များကိုလည်း ထုတ်လွှင့်ခဲ့သည်။

ဆိုရသော်. . . . နယ်စပ်ဖွံ့ဖြိုးရေး လုပ်ငန်းတာဝန်များ ထမ်းဆောင်ရင်းဖြင့် ကျွန်တော့်ဘဝတွင် စာပေရေးသားခြင်း၊ ပြက္ခဒိန်၊ မဂ္ဂဇင်းနှင့် မှတ်တမ်းစာအုပ်များ ထုတ်ဝေခြင်း၊ နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ ရုပ်မြင်သံကြားအစီအစဉ်များ တည်းဖြတ်ထုတ်လွှင့်ခြင်း၊ နယ်စပ်ဒေသတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၏ ရိုးရာတေးသီချင်းများနှင့် သင်္ကြန်ယိမ်းအကများ တည်းဖြတ်ထုတ်လွှင့်ခြင်းစသည့် အတွေ့အကြုံများကို ရရှိစေခဲ့သည်။ ဘဝတွင် မေ့ပစ်၍ မရစကောင်းသော၊ မေ့ပစ်ခြင်းက မစွမ်းသာသော နယ်စပ်ဒေသ အမှတ်တရများပါပေ။ တစ်ခါတုန်းက နယ်စပ်ဒေသမှာ. . . . . . . .။

မြန်မာ့အလင်း
လူမှုစီးပွားသတင်းများ
၂၆-၂-၂၀၁၆ (သောကြာနေ့)

# မြတ်မော်တင် မဟာမကုဋ္ဌရုံသီဆံတော်ရှင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့် အုံ့မခန်းစည်ကား

**ဧရာဝတီတိုင်းဒေသကြီး**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် (တပို့တွဲလပြည့်နေ့) က မြတ်မော်တင်တောင်ခြေမုခ်ဦး၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင် တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နံနက် ၉ နာရီတွင် မြတ်မော်တင် မဟာမကုဋ္ဌရုံသီဆံတော်ရှင်စေတီ ရင်ပြင်တော်ပေါ်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တဝိလာသ(ကုန်းသာ)ဆရာတော် အရှင်မြတ်အမှူးပြုသော ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီး ၄၈ ပါးက ဗုဒ္ဓါဘိသေက မင်္ဂလာ ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်အမှူးပြုသော ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းစုံလင်စွာဖြင့် ဆက်ကပ်လှူဒါန်း၍ အနုမောဒနာပြု ရေစက်ချမင်္ဂလာကျင်းပပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တဝိသုတ(ညောင်ပင်သာ) ဆရာတော်ကြီးက ဩဝါဒကထာ ချီးမြှင့်တော်မူခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်အမှူးပြုသော ဝန်ကြီးများ၊ စေတနာရှင်များ ဒေသခံပြည်သူများက နတ်နဂါးတို့သုံးဆောင်ရာ နွားနို့၊ ပေါက်ပေါက်၊ ရွှေငှက်ပျောများ အပြင်လပြည့် လကွယ် သီတင်းသီလစောင့်ထိန်းရန် ပန်း၊ ဆီမီး၊ အမွှေးနံ့သာစုံလင်စွာဖြင့် ဖောင်တော်ကိုယ်စီတင်ဆောင်၍ နဂရစ်အင့ူပင်လယ်ပြင်သို့ ရေမျှောလှူဒါန်းကြသည်မှာ စည်ကားလှသည်။

အဆိုပါ မြတ်မော်တင်မဟာမကုဋ္ဌရုံသီဆံတော်ရှင် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၇ ခုနှစ် တပို့တွဲလပြည့်မှအစပြု၍ တပေါင်းလပြည့်နေ့အထိ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**ပုသိမ်-လှကြည်**

**ပဲခူးတိုင်းဒေသကြီး**



# လယ်ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာများ စွမ်းရည်သရုပ်ပြ တောင်သူများသို့ အရစ်ကျစနစ်ဖြင့်ရောင်းချပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် သမဝါယမဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ ဒေဒုံကုမ္ပဏီတို့ ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် ဒေဒုံလယ်ထွန်စက်နှင့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများ စွမ်းရည်သရုပ်ပြပွဲနှင့် တောင်သူများသို့ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီက ဝေါမြို့နယ် သမဝါယမဦးစီးဌာနအနီးရှိ လယ်ယာမြေ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကိုရီးယားနိုင်ငံ ဒေဒုံကုမ္ပဏီလီမိတက်နှင့် မြန်မာနိုင်ငံအစိုးရအဖွဲ့တို့ ပူးပေါင်း တည်ထောင်ထားသော Daedong ရောင်နီဦး ကုမ္ပဏီလီမိတက်မှ CEO မစ္စတာ နိုဂျယ်အော့က လယ်ယာသုံး စက်ကိရိယာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဒေဒုံလယ်ယာသုံးစက်ကိရိယာများ၏ စက်စွမ်းရည်များအား လက်တောက်မန်နေဂျာ မစ္စတာဝန်းက ဆွေးနွေးသည်။ ဒေဒုံကုမ္ပဏီလီမိတက်က အင်ဂျင်နီယာ ပညာရှင်ဒါရိုက်တာ မစ္စတာဂွမ်းက သရုပ်ပြပွဲအခမ်းအနားနှင့်ပတ်သက်၍ စက်ကိရိယာများ၏ စက်စွမ်းရည် ရှင်းလင်းပြောကြားပြီး တောင်သူဦးကြီးများအား လက်တွေ့သရုပ်ပြသပေးသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ်၌ ချင်းရိုးရာဂျပ်ခုတ် ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေကောင်း

**မကွေးတိုင်းဒေသကြီး**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်၌ ချင်းလူမျိုးများ၏ ပွဲလမ်းသဘင်အခမ်းအနားများကျင်းပသည့်အခါတိုင်း ချင်းလူမျိုးအမျိုးသား၊ အမျိုးသမီးများက ချင်းရိုးရာအဆင် ဂျပ်ခုတ်အထည်အင်္ကျီ၊ လုံချည်နှင့်ခြုံစောင်များကို ဝတ်ဆင်လျက်အခမ်းအနားသို့ တက်ရောက်သူများပြားလာသည့်အပြင် ပြည်တွင်းနှင့် ပြည်ပနေရာဒေသများသို့ ချင်းရိုးရာဂျပ်ခုတ်အထည်များ တင်ပို့ရောင်းချနေကြရသောကြောင့် ချင်းရိုးရာဂျပ်ခုတ်ရက်ကန်းလုပ်ကိုင်သူများ ဝင်ငွေကောင်းလာကြကြောင်းသိရသည်။

"ချင်းရိုးရာအဆင်အမျိုးမျိုး ဂျပ်ခုတ်ထည်တွေကို ချင်းအမျိုးသားတွေက ကုတ်အင်္ကျီ၊ ရှပ်အင်္ကျီ၊ ဝေ့စ်ကုတ်တွေချုပ်လုပ်ပြီးဝတ်ဆင်ကြတယ်။ ခေတ်ပေါ်အင်္ကျီ ပုံအမျိုးမျိုးချုပ်ဝတ်နေကြတာပါ။ ချင်းအမျိုးသမီးတွေကလည်း ခေတ်ပေါ်အင်္ကျီ၊ လုံချည်ပုံအမျိုးမျိုးချုပ်ဝတ်ကြတာရှိသလို များသောအားဖြင့် ခေတ်ဟောင်းပုံအင်္ကျီ၊ လုံချည်၊ ခြုံစောင်တွေကိုဝတ်ဆင်ကြပါတယ်။ ပွဲလမ်းသဘင်အခမ်းအနားတွေမှာ ချင်းရိုးရာ ဂျပ်ခုတ်အထည်တွေကို ဝတ်ဆင်ပြီး ပွဲတက်ဖို့ ကျွန်တော်တို့ချင်းလူမျိုးတွေအားလုံး သဘောတူညီကြပါတယ်။ အမျိုးသမီးဝတ်အင်္ကျီ၊ လုံချည်တွေမှာ တီးတိန် အဆင်၊ ဟားခါးအဆင်၊ မတူပီ မင်းတပ်အဆင်ဆိုပြီး ကွဲပြားမှုရှိပါတယ်"ဟု ဂန့်ဂေါမြို့ မြို့မရပ်ကွက်နေ ချင်းအမျိုးသားတစ်ဦးက ပြောသည်။

ယခုအခါဂန့်ဂေါမြို့နယ်တွင် ချင်းလူမျိုး ၁၀၀၀၀ ခန့်နေထိုင်လျက်ရှိပြီး ချင်းရိုးရာအဆင်ဂျပ်ခုတ်ထည်များအား ဒေသတွင်း ပွဲလမ်းသဘင် အခမ်းအနားများတွင် ဝတ်ဆင်သူများပြားလာသည့်အပြင် ပြည်တွင်း၊ ပြည်ပနေရာဒေသများသို့ တင်ပို့ရောင်းချလျက်ရှိနေသဖြင့် ဂန့်ဂေါမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ ချင်းရိုးရာဂျပ်ခုတ်ရက်ကန်းစင်များ တိုးချဲ့လုပ်ကိုင်လျက်ရှိကြကာ ဝင်ငွေကောင်းမွန်နေကြကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**



**ကယားပြည်နယ်**

# နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေး ညှိနှိုင်းဆွေးနွေး

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ်အတွင်းရှိ ကေးလျားကျေးရွာအုပ်စုမှ ကျေးရွာငါးရွာ၊ မြို့မကျေးရွာအုပ်စုမှ ကျေးရွာနှစ်ရွာနှင့် ဒိုးပရယ်ကျေးရွာအုပ်စုမှ ကျေးရွာလေးရွာ စုစုပေါင်း ကျေးရွာ ၁၁ ရွာ နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဒေးဖဲ၊ ကျေးရွာ ၁၁ ရွာမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတို့က ဒေသအလိုက် လိုအပ်ချက်များ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများညှိနှိုင်းဆောင်ရွက်ကာ နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ကျေးရွာ ၁၁ ရွာမှ အိမ်ထောင်စု ၄၁၅ စု၊ လူဦးရေ ၂၂၅၄ ဦး အတွက် ရေသယ်ယူရန် စက်သုံးဆီများထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကောင်းမွန်သော စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များနဲ့ ကုမ္ပဏီများဥပဒေ

**သုတနိုင်**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် တနင်္လာနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် ရေးသားထားသော "ကျွန်တော်နဲ့ ကောင်းမွန်သော စီမံအုပ်ချုပ်မှု" ဆောင်းပါးကို ဖတ်ရှုရပါတယ်။ ယင်းဆောင်းပါးတွင် မူဝါဒချမှတ်တဲ့ တာဝန်ရှိသူတွေကို လက်ရှိပကတိအခြေအနေကို သုံးသပ်ပြီး ဥပဒေပိုင်းဆိုင်ရာ၊ ကြီးကြပ်မှုဆိုင်ရာနဲ့ ဖွဲ့စည်းမှုဆိုင်ရာတွေကို သုံးသပ်ပြီး ပြုပြင်စေချင်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှ ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးနဲ့ ဘဏ္ဍာရေးအခြေအနေတွေတည်ငြိမ်မှုရှိပြီး တိုးတက်နိုင်မည်ဖြစ်ပါတယ်။ အသေးစိတ်အကြံပြုချက်ခြောက်ရပ်ကိုလည်း တင်ပြခဲ့ပြီး ပထမအနေနဲ့က လက်ရှိကုမ္ပဏီများနဲ့ သက်ဆိုင်တဲ့ ဥပဒေကို အမြန်ဆုံးပြင်ဆင်ပြီး ဥပဒေသစ်ကို အတည်ပြုရန်ဖြစ်တယ်။ မြန်မာပြည်မှာရှိတဲ့ ကုမ္ပဏီများနဲ့ဆိုင်တဲ့ ဥပဒေဟာ ၁၉၁၄ ခုနှစ်က ချမှတ်ထားတဲ့ ဥပဒေဖြစ်နေတာကို အံ့သြဖွယ်ရာတွေ့ရှိရပါတယ်။ ဒီဥပဒေကို ခေတ်နဲ့အညီဖြစ်အောင် အမြန်ဆုံးပြင်ဆင် အတည်ပြုသွားရန်လိုအပ်ပါတယ်။ ပထမ ကမ္ဘာစစ်မဖြစ်မီ အင်္ဂလိပ်ကိုလိုနီခေတ်က အတည်ပြုခဲ့တဲ့ ဥပဒေကို ၂၀၁၆ ခုနှစ်မှာ အသုံးချနေတာ အံ့သြမကုန်လောက်အောင် ဖြစ်ရကြောင်းဖြင့် နိုင်ငံတိုးတက်စေလိုသော စေတနာဖြင့် ရေးသားထားတာကို ဖတ်ရှုရပါတယ်။

ဒ့ါအပြင် ဆောင်းပါးရှင်က **"ဒုတိယ အကြံပြုချက်ကတော့ ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုနဲ့ ပတ်သက်ပြီး နိုင်ငံတစ်ဝန်းအသိတိုးလာအောင် ဆောင်ရွက်သင့်ပါတယ်"** လို့ ရေးသားဖော်ပြထားပါတယ်။ ဒါကြောင့် အငြိမ်းစားမယူမီက ကိုယ်တိုင်တွေ့ကြုံသိရှိခဲ့တဲ့ ဖြစ်ရပ်မှန်များကို နိုင်ငံတစ်ဝန်းသိရှိစေလိုတဲ့အတွက် ဒီဆောင်းပါးကို ရေးသားခြင်းဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရဟာ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ထူထောင်ရန် ပထမဆုံးတာဝန်ယူရတဲ့ အစိုးရဖြစ်ပါတယ်။ စတင်တာဝန်ယူချိန်ကစပြီး ဒီမိုကရေစီစံနှုန်းများနဲ့ ဆီလျော်ညီညွတ်ပြီး မိမိနိုင်ငံနဲ့ ကိုက်ညီမယ့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရအုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနဲ့ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ပြောင်းလဲမှုတွေကို တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟာ အချိန်တိုအတွင်း သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်မှုရှိကြောင်း နိုင်ငံတကာက အသိအမှတ်ပြုခဲ့ကြတာ ဖြစ်ပါတယ်။

ဒါပေမယ့် ၂၀၁၂ ခုနှစ် နောက်ပိုင်းကစပြီး ဒီမိုကရေစီအသွင်ကူးပြောင်းမှု အရှိန်အဟုန်တွေ လျော့နည်းကျဆင်းသွားခဲ့တယ်လို့ ဝေဖန်မှုများရှိခဲ့ပါတယ်။ ဒီလိုဝေဖန်မှုများနဲ့ ပတ်သက်ပြီး အတွေ့အကြုံအရ ပြောရမယ်ဆိုရင် ဦးသိန်းစိန်အစိုးရက ပြုပြင်ပြောင်းလဲမှု မလုပ်လိုတော့လို့ တုံ့နှေးသွားတာမဟုတ်ဘဲ ပထမ နှစ်နှစ်အတွင်းမှာ အစိုးရစီမံခန့်ခွဲနိုင်တဲ့ အတိုင်းအတာအတွင်းက လုပ်နိုင်တာမှန်သမျှလုပ်သွားနိုင်ခဲ့တာကြောင့် အရှိန်အဟုန်ကောင်းခဲ့တာဖြစ်ပြီး နှစ်နှစ်အလွန် ကာလမှာတော့ အစိုးရစီမံခန့်ခွဲနိုင်တဲ့ အတိုင်းအတာထက်ကျော်လွန်နေတဲ့ ဥပဒေလုပ်ထုံးလုပ်နည်း ပြင်ဆင်ရမယ့်ကိစ္စရပ်တွေမှာ အစိုးရအဖွဲ့တစ်ခုတည်း စီမံခန့်ခွဲဆုံးဖြတ်လုပ်ကိုင်လို့ မရတော့ဘဲ သက်ဆိုင်ရာ ဥပဒေပညာရှင်တွေ၊ လက်တွေ့လုပ်ငန်းနယ်ပယ်မှာ လုပ်ကိုင်နေတဲ့ ကျွမ်းကျင်သူတွေသာမက ပြည်သူတွေရဲ့ သဘောထားအကြံပြုချက်တွေ ရယူပြီးမှ အချိန်ယူပြင်ဆင်ဆောင်ရွက်ရတဲ့ ကိစ္စရပ်တွေကြောင့် အချိန်ယူခဲ့ရတဲ့အတွက် အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှု တုံ့နှေးသွားတယ်လို့ ထင်မြင်ခဲ့ကြတာဖြစ်တယ်လို့ ယူဆပါတယ်။

အချို့နိုင်ငံတကာစံနှုန်းတွေနဲ့အညီ လုပ်ရမယ့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနဲ့ ကုမ္ပဏီများ ဥပဒေလို ကိစ္စရပ်တွေမှာ ပြည်ပ ဥပဒေပညာရှင်တွေ၊ ကျွမ်းကျင်သူတွေရဲ့ နည်းပညာအကူအညီ ရယူရတာမျိုးရှိပါတယ်။ ပြည်ပ ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေကလည်း မြန်မာနိုင်ငံလို ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံတွေအတွက် အချိန်မလောဘဲ အခြေခံအုတ်မြစ်ခိုင်မာအောင် တည်ဆောက်ဖို့ အကြံပြုကြပါတယ်။ တကယ်တော့ သမ္မတဦးသိန်းစိန် အစိုးရဟာ တာဝန်ယူရတဲ့ ငါးနှစ်တည်းနဲ့ ပြည်သူတွေလိုလားတဲ့ လူမှုစီးပွားတိုးတက်သော ဒီမိုကရေစီနိုင်ငံအဖြစ် နေ့ချင်းညချင်းလုပ်နိုင်တဲ့ အခြေအနေမရှိဘူးဆိုတာ အစိုးရအဖွဲ့ကိုယ်တိုင်ရော ဌာနဆိုင်ရာတွေနဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေပါ ပကတိအခြေအနေကို သိရှိကြမှာ အမှန်ဖြစ်ပါတယ်။ နိုင်ငံတည်ဆောက်ရေးတာဝန်ဆိုတာ ရေရှည်ဆောင်ရွက်ကြရတဲ့ကိစ္စဖြစ်လို့ အစိုးရအဆက်ဆက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

> ယခင်ခေတ်ကာလများက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်တွေကို တာဝန်ရှိတဲ့အစိုးရဌာနဆိုင်ရာတွေကသာ အဓိကဆောင်ရွက်လေ့ရှိခဲ့ပါတယ်။ သမ္မတဦးသိန်းစိန် အစိုးရတာဝန်ယူချိန်ကစပြီး လုပ်ငန်းနယ်ပယ်အလိုက် သက်ဆိုင်သူတွေ၊ ပြည်တွင်းပြည်ပပညာရှင်တွေ၊ ပြည်သူတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းအကြံဉာဏ်ရယူပြီးမှ ဥပဒေမူကြမ်းတွေ ရေးဆွဲဆောင်ရွက်

သမ္မတ ဦးသိန်းစိန် အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် လေးရပ်ထဲက အစိုးရအုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို အထူးအလေးထားဆောင်ရွက်ခဲ့တာ တွေ့ရှိရပါတယ်။ ဒီလုပ်ငန်းစဉ်တွေထဲမှာ အစိုးရတက်ခါစအချိန်မှာ ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ကုမ္ပဏီများဥပဒေ အဟောင်းကိုအသုံးပြုပြီး ယခင်ရက်လ ကြာမြင့်စွာ တင်ပြခွင့်ပြုချက်ရယူခဲ့ကြရတဲ့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်နဲ့ ကုမ္ပဏီဖွဲ့စည်းခွင့်တွေကို အချိန်တိုအတွင်း အဆင့်ဆင့် လျင်မြန်အောင် အစိုးရစီမံခန့်ခွဲနိုင်တဲ့အတိုင်းအတာအတွင်းက ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် ယခင်မှတ်ပုံတင်ထားတဲ့ မြန်မာကုမ္ပဏီ ၄၅၈၈ ခုနဲ့ နိုင်ငံခြား ကုမ္ပဏီ ၂၆ ခုသာရှိခဲ့ရာက အခုဆိုရင် မြန်မာကုမ္ပဏီ ၂၀၈၂၀ နဲ့ နိုင်ငံခြားကုမ္ပဏီ ၁၂၈၀ အထိ တိုးတက်လာကြောင်း သိရပါတယ်။

ဆရာဒေါက်တာ အောင်ထွန်းသက် ထောက်ပြရေးသားသလို လက်ရှိကုမ္ပဏီတွေနဲ့ဆိုင်တဲ့ ဥပဒေဟာ ၁၉၁၄ ခုနှစ်က ချမှတ်ခဲ့တဲ့ ဥပဒေဆိုတာမှန်ပါတယ်။ ယင်း ဥပဒေကို ၁၉၅၅ ခုနှစ်၊ ၁၉၅၉ ခုနှစ်၊ ၁၉၈၉ ခုနှစ်နဲ့ ၁၉၉၁ ခုနှစ်တို့တွင် ပြင်ဆင်ချက် ဥပဒေတွေ ထုတ်ပြန်ပြင်ဆင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီဘက်ခေတ်မှာ တာဝန်ရှိသူတွေက သုံးသပ်ပြီး ပြုပြင်မှုအပိုင်းတွေ ဆောင်ရွက်ခဲ့မှုကိုပြန်ကြည့်ရင် ၂၀၁၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံများဥပဒေ(မူကြမ်း) ရေးဆွဲရန်အတွက် ဌာနကခြောက်လနှင့်တစ်နှစ်အတွင်း ပြီးစီးအောင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပေမယ့် အာရှဖွံ့ဖြိုးရေးဘဏ်က ဥပဒေပညာရှင်တွေ၊ ကျွမ်းကျင်သူတွေနဲ့ညှိနှိုင်းပြီး ခြောက်လနဲ့ တစ်နှစ်အတွင်း ပြီးစီးဖို့မဖြစ်နိုင်ကြောင်း ဟောင်ကောင်၊ စင်ကာပူ၊ သြစတြေးလျစတဲ့ နိုင်ငံများတွင်ပင်လျှင် ခြောက်နှစ်နဲ့အထက် ကြာမြင့်ကြောင်း သုံးသပ်ပြောကြားခဲ့တဲ့အပြင် ဥပဒေမူကြမ်းရေးဆွဲရန် ကျွမ်းကျင်မှု အကူအညီပေးအပ်ခဲ့ပါတယ်။

အဲဒီနောက် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ကစပြီး အောက်တိုဘာလ ၂၅ ရက်နေ့ထိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ ပုဂ္ဂလိကဥပဒေအကြံပေးအဖွဲ့များ၊ ဌာနဆိုင်ရာများနဲ့ ဆွေးနွေးညှိနှိုင်းအကြံဉာဏ်ရယူပြီး မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(မူကြမ်း) ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် မတ်လအတွင်း အများပြည်သူသိရှိစေရန် website တင်ပြီး အကြံပြုချက်တွေ တောင်းခံယူခဲ့ကြောင်းလည်း သိရှိရပါတယ်။ ၂၀၁၅ ခုနှစ် မတ်လ ၁၄ ရက်နေ့မှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေနဲ့ အာရှဖွံ့ဖြိုးရေးဘဏ်မှ Mr.Winfried Wicklein ဦးဆောင်တဲ့ ကျွမ်းကျင်သူပညာရှင်တွေ၊ ဌာနဆိုင်ရာနဲ့ လူမှုအဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်တွေကို ချက်ထရီယမ်ဟိုတယ်မှာ ဖိတ်ကြားဆွေးနွေးညှိနှိုင်းပြီး အကြံဉာဏ်တွေတောင်းခံခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအတွင်း ဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေနောက်ဆုံးညှိနှိုင်းရရှိတဲ့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားတောင်းခံပြီး အစိုးရအဖွဲ့နဲ့ လွှတ်တော်ကိုတင်ပြဖို့စီမံထားပြီးဖြစ်ကြောင်း သက်ဆိုင်ရာဌာနကို မေးမြန်းစုံစမ်းသိရှိရပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနဟာ ၂၀၁၁ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်အတွင်းမှာရင်းနှီးမြှုပ်နှံမှုဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးဦးစားပေးဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှာ ကုမ္ပဏီများ ဥပဒေကို ဆက်လက်ရေးဆွဲမှု စတင်ခဲ့တာဖြစ်ပါတယ်။

ယခင်ခေတ်ကာလများက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်တွေကို တာဝန်ရှိတဲ့ အစိုးရဌာနဆိုင်ရာတွေကသာ အဓိကဆောင်ရွက်လေ့ရှိခဲ့ပါတယ်။ သမ္မတဦးသိန်းစိန် အစိုးရတာဝန်ယူချိန်ကစပြီး လုပ်ငန်းနယ်ပယ်အလိုက် သက်ဆိုင်သူတွေ၊ ပြည်တွင်းပြည်ပပညာရှင်တွေ၊ ပြည်သူတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးညှိနှိုင်းအကြံဉာဏ်ရယူပြီးမှ ဥပဒေမူကြမ်းတွေ ရေးဆွဲဆောင်ရွက်တာ၊ စီမံခန့်ခွဲမှုပြုလုပ်ခြင်းဖြင့် ကောင်းမွန်သောစီမံအုပ်ချုပ်မှု အလေ့အကျင့်တွေကို ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ဆောင်ရွက်လာတာကို တွေ့ရှိရပါတယ်။ အစိုးရစီမံအုပ်ချုပ်မှုအပိုင်းက ရေးဆွဲတဲ့ဥပဒေကြမ်းတွေကို ဥပဒေပြုရေးတာဝန်ရှိတဲ့ လွှတ်တော်တင်ပြပြီး ပြည်သူတွေရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေနဲ့ ဥပဒေပြုကြရတာဖြစ်ပါတယ်။

အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ခိုင်မာအောင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို ဒီမိုကရေစီစံနှုန်း၊ နိုင်ငံတကာစံနှုန်းတွေနဲ့အညီ အချိန်ယူကြိုးပမ်းဆောင်ရွက်ခဲ့ရတဲ့အခြေအနေနဲ့ ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်တွေ ပြုပြင်ပြောင်းလဲဆောင်ရွက်လာမှုတွေကို လက်တွေ့အတွေ့အကြုံများအရ အများပြည်သူသိရှိနိုင်ဖို့ အသိပေးတင်ပြခြင်းဖြစ်ပါတယ်။

---

**ဧရာဝတီတိုင်းဒေသကြီး**

# ညောင်ချောင်းသာကမ်းခြေ ဖေဖော်ဝါရီ ၂၈ ရက်တွင် စည်ကားစွာဖွင့်မည်



ညောင်ချောင်းသာအပန်းဖြေ ကမ်းခြေသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်းရှိ ဒေသတစ်ခုဖြစ်ပြီး ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်တို့ ဆုံရာနေရာ၌ တည်ရှိသော ကမ်းခြေတစ်ခုဖြစ်သည်။

အဆိုပါ ညောင်ချောင်းသာကမ်းခြေဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ညောင်ချောင်းသာ ကမ်းခြေဖြစ်မြောက်ရေးကော်မတီအနေနဲ့ ရောင်းချသူတွေ အဆင်ပြေမှုရှိအောင် ပုံစံတူဆိုင်ခန်း ၄၁ ခန်း ဆောက်လုပ်ပေးထားပြီး ထိုက်သင့်တဲ့စီမံမှုတွေလည်း ဆောင်ရွက်ပေးထားပါတယ်။ ကမ်းခြေကို လာရောက်လည်ပတ်သူတွေ အစစအရာရာအဆင်ပြေမှုရှိအောင် အုပ်ချုပ်ရေး၊ လုံခြုံရေးကဏ္ဍတွေနဲ့အတူ သန့်ရှင်းမှုရှိရေး၊ ကျန်းမာရေးနဲ့ညီညွတ်ရေး၊ လေကောင်းလေသန့်ရရှိရေး၊ သန့်ရှင်းသာယာလှပရေးနဲ့ တံတားအစရှိတဲ့ သွားလာရေးလွယ်ကူမှုတွေရှိအောင်ပါ အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ လာရောက်လည်ပတ်သူတွေ သဘောကျ ကျေနပ်ပျော်ရွှင်မယ်လို့ ယုံကြည်ပါတယ်"ဟု အမှုဆောင်အရာရှိ ဦးညွန့်ဝင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ညောင်တုန်းမြို့က ပြောသည်။

"သမီးတို့က မိတ္ထီလာက လာရတာပါ။ ဒီအချိန်ရောက်ရင် ညောင်ချောင်း သာက စည်ကားနေကျမို့ သတိရလို့လာဖြစ်တာပါ။ ဒီရောက်မှ ဖွင့်ပွဲက ဖေဖော်ဝါရီ ၂၈ ရက်ဆိုတာ သိရပါတယ်။ ဖွင့်ပွဲနေ့ကို တစ်ခေါက်ပြန်ရောက်နိုင်အောင်တော့ ကြိုးစားပါဦးမယ်။ ဒီကမ်းခြေမှာ ပျော်တယ်။ ရှမ်းပြည်နယ် ရေပူစမ်းအပန်းဖြေရတဲ့ ခံစားမှုကတစ်မျိုး၊ ငွေဆောင်မှာ ပင်လယ်ပြင်နဲ့ ရေငန်ကမ်းခြေအပန်းဖြေရတဲ့ အရသာကတစ်မျိုး၊ အခုတစ်ခါ ညောင်ချောင်းသာ ရေချိုကမ်းခြေအပန်းဖြေရတဲ့ ပျော်ရွှင်မှုကတစ်မျိုး၊ တစ်ဒေသနဲ့တစ်ဒေသ မတူကွဲပြားတဲ့ ရိုးရာဓလေ့၊ နေထိုင်စားသောက်မှုပုံစံလေးတွေ တွေ့ကြုံခံစားရတော့ ပျော်ရွှင်ကြည်နူးမှုအသစ်လေးတွေနဲ့ ဗဟုသုတအသစ်လေးတွေလည်းရပါတယ်။ အလွန်ပျော်ရွှင်ရပါတယ်"ဟု မိတ္ထီလာမြို့မှ မအိခိုင်ဇင်ဖြိုးနှင့် သူငယ်ချင်း များက ကမ်းခြေရေပြင်ကျယ်တွင် ရေကစားရင်း ဝမ်းပန်းတသာပြောပြသည်။

**သပြေထွန်း၊ ဝင်းမြင့်ကျော်(ညောင်တုန်း)**

**ဧရာဝတီတိုင်းဒေသကြီး**

# အင်္ဂပူနှင့် မြန်အောင်မြို့နယ် တောင်သူလယ်သမားများအတွက် နွေစပါး မိုးစပါး၊ စိုက်ပျိုးရေပေးဝေနေသည့် ကညင်ရေလှောင်တမံ



မြန်မာ့စပါးကျီသည် ဧရာဝတီတိုင်းဒေသကြီးဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါများသည်။ မြစ်ချောင်းအင်းအိုင်များသည် ဧရာဝတီတိုင်းဒေသကြီးတွင် ကွန်ရက်သဖွယ် စီးဆင်းနေသည်။ မြစ်ချောင်းအင်းအိုင်များမှ ရေများဖြင့် နွေစပါး၊ မိုးစပါးများ စိုက်ပျိုးနေသည်။ ထို့အပြင် ဆည်များ၊ ရေလှောင်တမံများမှ ရေများဖြင့်လည်း စပါးများစိုက်ပျိုးနေသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် စပါးခင်းများဖြင့် စိမ်းလန်းစိုပြည်နေသည်။ ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စပါးဖြင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများအထိ တင်ပို့နေသည်။ ထို့ကြောင့်လည်း ဧရာဝတီတိုင်းဒေသကြီးကို မြန်မာ့စပါးကျီအဖြစ် သတ်မှတ်ထားသည်။

ကညင်ရေလှောင်တမံမှာ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီးတွင် တည်ရှိသည်။ ကညင်ရေလှောင်တမံသို့ ပုသိမ်-မုံရွာလမ်းမကြီးအတိုင်းသွားရသည်။ ကားလမ်းဘေးဝဲယာတစ်လျှောက်တွင် စပါးခင်းများဖြင့် စိမ်းလန်းစိုပြည်သာယာနေသည်။ ကညင်ရေလှောင်တမံကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉)မှ ၂၀၀၃ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကညင်ချောင်းသည် ရခိုင်ပြည်မှ ချောင်းဖျားခံကာ ဧရာဝတီတိုင်းအတွင်း ဖြတ်စီးနေသည်။ ကညင်ချောင်းသည် ဧရာဝတီတိုင်းဒေသကြီး ကျေးရွာပေါင်းများစွာကို ဖြတ်စီးနေသည်။ ကညင်ချောင်းကိုပိတ်၍ ဆည်မြောင်းဦးစီးဌာနက အင်္ဂပူမြို့နယ်နှင့် မြန်အောင်မြို့နယ်များမှ တောင်သူလယ်သမားများ မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရန် တည်ဆောက်ပေးခြင်းဖြစ်သည်။

ကညင်ချောင်း၏ ရေဆင်းဧရိယာမှာ ၁၂၉ စတုရန်းမိုင် ရှည်လျားသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့်မှာ ၁၉၄ ပေဖြစ်သည်။ တမံအလျားမှာ ပေ ၃၇၅၀၊ ကုန်းလျှောတမံ ပေ ၂၈၅၀ ဖြစ်သည်။ တမံထိပ်အမြင့်မှာ ၃၀၈ ပေဖြစ်ပြီး တမံထိပ်အကျယ်မှာ ၂၄ ပေဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၁၃၇၀၀ ဖြစ်သည်။ ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်သည်။

ကညင်ရေလှောင်တမံ၏ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ် OGEE TYPE ဖြစ်၍ ရေပိုလွှဲအကျယ် ပေ ၂၅၀၊ ရေပိုလွှဲအလျား ၉၉၁ ပေဖြစ်သည်။ အကူရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ် BROAD CREST TYPE ဖြစ်သည်။ အကူရေပိုလွှဲအကျယ် ပေ ၁၅၀၊ အကူရေပိုလွှဲ အလျား ၄၄၃ ပေ၊ ရေလွှဲဆည်အမျိုးအစား သံကူကွန်ကရစ်ဖြစ်ပြီး ရေလွှဲဆည်အကျယ် ပေ ၉၀ နှင့် ရေလွှဲဆည်အမြင့် ပေ ၂၀ ဒသမ ၅၀ ဖြစ်သည်။ တူးမြောင်းမကြီးအလျား ၄၁ ဒသမ ၈၉ မိုင်နှင့် လက်တံမြောင်းများ အလျား ၃၀ ဒသမ ၉၅ မိုင်ဖြစ်သည်။ ကညင်ရေလှောင်တမံကို လက်ဝဲမြောင်း၊ လက်ယာမြောင်းနှင့် ဆည်ရေသောက်ဧရိယာအပါအဝင် ၂၀၁၆/၂၀၁၇ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ယခုအခါ ဆည်ရေများ ပေးဝေနေပြီဖြစ်၍ ဆည်ရေသောက်ဧရိယာ ဧက ၂၅၀၀၀ အကျိုးခံစားနေရသည်။

ကညင်ရေလှောင်တမံမှ အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများဖြစ်သော ကွဲဇင်း၊ လိပ်ပေါင်ဆွဲ၊ ကျောင်းကွင်း၊ လယ်ကြီးကွင်း၊ လေးကြီး၊ မီးလောင်ကုန်း၊ ရေကြပ်၊ ဘုရားကွင်း၊ မေတ္တာကုန်း၊ ထန်းတောစု၊ ပန်းတင်၊ ကံဦး၊ အောက်ရွာကြီး၊ အမှတ် (၁)၊ အင်္ဂပူ၊ မဲဇလီကုန်း၊ သက္ကယ်ပြင်(မဲ)ကရင်ကူး၊ ချင်းချောင်၊ သပြေပင်၊ ဘန့်ဘွေးကုန်း၊ အပင်ကုန်းကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၁၅၁ ရွာမှ တောင်သူ ၂၇၇၉ ဦးတို့မှာ မိုးစပါး ၂၅၀၇၆ ဧကနှင့် နွေစပါး ၂၉၁၁ ဧကဆည်ရေများဖြင့် စိုက်ပျိုးနေကြပြီဖြစ်သည်။

ထို့အပြင် ကွဲ ၈၀နှင့် နွား ၄၈၂ ကောင်တို့မှာလည်း သောက်သုံးရေများ လုံလောက်စွာ ရရှိနေကြပြီဖြစ်သည်။ ကညင်ရေလှောင်တမံမှ ဆည်ရေဖြင့် မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာမှ တောင်သူလယ်သမားများ မိုးစပါး ၂၀၄၁ ဧကနှင့် နွေစပါး ဧက ၁၅၀၀ စိုက်ပျိုးနေကြသည်။ ကညင်ရေလှောင်တမံမှ ဆည်ရေရရှိသဖြင့် အင်္ဂပူမြို့နယ်မှ တောင်သူလယ်သမားများ မိုးစပါး၊ နွေစပါးအပြင် ဆောင်းသီးနှံဖြစ်သော မတ်ပဲနှင့် ပဲမျိုးစုံနှင့် စားဖိုဆောင်ဟင်းသီးဟင်းရွက်များပါ စိုက်ပျိုးနေကြပြီး အပိုဝင်ငွေရရှိနေသဖြင့် ဝမ်းသာပျော်ရွှင်နေကြသည်။

**တင်လှိုင်(မိတ္ထီလာ)**

**ရန်ကုန်တိုင်းဒေသကြီး**

# ဝါးစိုက်ပျိုးရေးလုပ်ကိုင်ခြင်းဖြင့် လူမှုစီးပွားနှင့်ကျန်းမာရေးကို အထောက်အကူပြုစေနိုင်

ဝါးစိုက်ပျိုးရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းစိုက်ပျိုးလုပ်ကိုင်ခြင်းနှင့်စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ပါက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး ကျန်းမာရေးကိုပိုမိုအထောက်အကူပြုစေနိုင်ကြောင်း တိုက်ကြီး-ဖောင်ကြီး-ပဲခူးကားလမ်းပေါ်ရှိ လိပ်ကြီးကျေးရွာအနီး၌ရှိသည့် လှိုင်ရိုးမတောင်ပေါ်ကြိုးဝိုင်း(၁) ကွင်းအမှတ်(၅)မှ စံပြဝါးမျိုးစုံ စိုက်ခင်းပြကွက်ကိုစီမံခန့်ခွဲနေသော Green Move ကုမ္ပဏီဥက္ကဋ္ဌ ဦးထိန်ဝင်းက ပြောကြားသည်။

အဆိုပါ Green Move ကုမ္ပဏီအား ဝါးပျိုးခင်းများရောင်းချခြင်းနှင့် ဝါးစိုက်ခင်းပြကွက်များလုပ်ဆောင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှမြေဧကအကျယ် ၁၇၅ ဧကပေါ်၌ နှစ် ၃၀ ကြာ ဝါးပင်စိုက်ပျိုးလုပ်ကိုင်ရန် ငှားရမ်းပေးခဲ့ခြင်းဖြစ်ပြီး လက်ရှိ ဝါးပျိုးပင်အမျိုးအစားဖြစ်သော ဝါးပိုးအမျိုးအစားများဖြစ်သည့် ထားဝယ်မြို့ဘက်ရှိ ဒေသများမှထွက်သော ကလွေးဝါးပင်အမျိုးအစားနှင့် ပင်လောင်းမြို့နယ်ဘက်ရှိ ဒေသများမှထွက်သော ကျလွတ်ဝါးပင် အမျိုးအစားများကို ပျိုးပင်များ ပြုလုပ်ထိန်းသိမ်းကာ ဝါးစိုက်ပျိုးမည့်သူများအတွက် ပျိုးပင် ၇၀၀၀၀ ကျော် ရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဝါးအမျိုးအစားပေါင်း ၂၅ မျိုးရှိသည့်အနက် လက်ရှိ Green Move ကုမ္ပဏီက ကြသောင်းဝါး၊ တင်းဝါး၊ ကလွေးဝါး၊ ကျလွတ်ဝါး နှင့် ဝါးပိုးမျက်ဆန်ကျယ်များ အပါအဝင် ဝါးအမျိုးအစားပေါင်း ၁၈ မျိုးကို အများပြည်သူများ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြရန်အတွက် စိုက်ပျိုးထားသေးသည်။ အဆိုပါနေရာ၌ဝါးစိုက်ပျိုးရခြင်း၏ရည်ရွယ်ချက် မှာ ဝါးစိုက်ခင်းပြကွက်များကို အများပြည်သူများအတွက် ပြသလိုက်ခြင်းဖြင့် ဝါးစိုက်ပျိုးချင်စိတ်များပေါ်ပေါက်လာပြီး ဝါးစိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုသိရှိစေရန်အတွက် ဝါးသရုပ်ပြကွက်အနေဖြင့်သာပြသလိုက်ခြင်းဖြစ်ကြောင်း၊ ရှားပါးမျိုးနှင့် အသုံးတည့်သော ဝါးပျိုးပင်များကို ဝါသနာထုံသည့် လူအများစုမှ များများစိုက်ပျိုးနိုင်ကြစေရန်အတွက် ဆောင်ရွက်စိုက်ပျိုးလိုက်ခြင်းဖြစ်ကြောင်း Green Move ကုမ္ပဏီမှတာဝန်ရှိသူကပြောကြားသည်။

ကြံခင်းမြို့နယ်အတွင်း ဝါးပိုးဝါးများအား ဒေသခံများမှ အဓိကစိုက်ပျိုးလုပ်ကိုင်ကြပြီး ကော့မှူးမြို့နယ်၌လည်း ငြမ်းပြုလုပ်၍ရသည့် ဝါးယားဝါးအား အဓိကစိုက်ပျိုးလုပ်ကိုင်ကြကြောင်းသိရကာ စိုက်ပျိုးသူများ စနစ်တကျစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ ဝါးပင်၏သဘောသဘာဝအရ သက်ရင့်ဖြစ်သွားပြီဆိုလျှင် အပင်မှာအားယုတ်တတ်ကြောင်း၊ တစ်နှစ်တစ်ကြိမ် ဝါးစို့ ငါးစို့ပုံမှန်ထွက်၍ လေးနှစ်ပြည့်ပြီဆိုလျှင် ဝါးပင် ၂၀ ရှိပါက သက်ရင့်ဝါးပင် ငါးပင်ကိုသာ ခုတ်ယူသင့်ကြောင်းနှင့် ကျန်ရှိ ၁၅ ပင်ကို ဆက်လက်ထိန်းသိမ်းထားရှိရမည်ဖြစ်ကြောင်း၊ နောင်လာမည့်နှစ်များတွင်လည်း ယင်းကဲ့သို့ပင် သက်ရင့်ဝါးပင်ငါးပင်ကိုသာ အလှည့်ကျ ခုတ်ယူသင့်ကြောင်းနှင့် ပုံမှန်ခုတ်ယူပါက နှစ်စဉ်ခုတ်ယူ၍ရကြောင်း သိရသည်။ ဝါးပင်မှထွက်သော ၁ စတုရန်းပေရှိသည့် ဝါးရွက်၏ထူးခြားချက်မှာ အခြားအရွက်များနှင့်မတူဘဲ အောက်ဆီဂျင်ကို အများဆုံးထုတ်လွှတ်ပေးနိုင်ပြီး အခြားအရွက်များထက် အောက်ဆီဂျင်ထုတ်လွှတ်မှုအဆပေါင်း ၃၀ သာလွန်ကြောင်းသိရသည်။ ဝါးပင်များပြားစွာရှိနေပါက ကာဗွန်ဒိုင်အောက်ဆိုက်ကို များစွာစုပ်ယူလိုက်သောကြောင့် အောက်ဆီဂျင်များစွာကို ထုတ်လွှတ်ပေးနိုင်သဖြင့် ပတ်ဝန်းကျင်ရှိ လူများအတွက် ကျန်းမာရေးအထောက်အကူပြုစေနိုင်ကြောင်း သိရသည်။ လက်ရှိ ကျေးလက်ဒေသများ၏ ဝါးဈေးကွက်ထဲ၌ အိမ်တိုင်နှင့် ပင်လယ်ပြင် ငါးဖမ်းဖောင်တွင် အသုံးပြုသည့်ဝါးပိုးတစ်လုံးကို ငွေကျပ် ၅၀၀၀ ရှိပြီး တိုက်တာအဆောက်အအုံများ၌ငြမ်းဆင်သည့် ဝါးယားတစ်လုံးမှာ ငွေကျပ် ၂၅၀၀ နှင့် ၃၀၀၀ ရှိသည်။ ကျေးလက်တောရွာများမှတစ်ဆင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် ဝါးများမှာသယ်ယူစရိတ် များပြားခြင်းကြောင့် ယင်းဈေးနှုန်းထက်ပုံမှန် ဈေးနှုန်း နှစ်ဆမြင့်တက်တတ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် မတ်လက စံပြဝါးမျိုးစုံစိုက်ခင်းပြကွက် ပြုလုပ်ရန်အတွက် မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ မြေနေရာငှားရမ်းပေးခဲ့ခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် Green Move ကုမ္ပဏီမှ ဝါးစိုက်ခင်းပြကွက်များ လုပ်ဆောင်ရန်အတွက် လွှဲပြောင်းရယူလုပ်ကိုင်ခဲ့ကြောင်း၊ လာမည့်ကာလများတွင်လည်း စံပြဝါးမျိုးစုံစိုက်ခင်းပြကွက်ရှိ ထောင်သောင်းချီရှိသော ဝါးစိုက်ခင်းပြကွက်များအား အများပြည်သူများလေ့လာကြည့်ရှုနိုင်ကြစေရန်အတွက်ပြသပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်ကာလတွင်လည်း ဝါးနှင့်ဆက်စပ်သည့်ပစ္စည်းများကို တစ်နေရာတည်း၌ ဝယ်ယူလေ့လာနိုင်ကြမည့် ဝါးစက်မှုဇုန်စီမံကိန်း ဆောင်ရွက်ရန်စီစဉ်ထားကြောင်း၊ ထို့ပြင် ဝါးစိုက်ပျိုးရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်း စိုက်ပျိုးလုပ်ကိုင်လိုကြသူများ၊ ဝါသနာထုံသူများနှင့်စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လိုကြပါက ဝါးပျိုးပင် ၁၀၀ အောက်ကို ဝါးပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဝါးပျိုးပင် ၁၀၀ အထက်ကို နှစ်သက်သလောက် ဝယ်ယူလိုပါက တစ်ပင်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် နှုန်းထားလျှော့ရောင်းချပေးမည်ဖြစ်ကာ ဆက်သွယ်ဝယ်ယူလိုပါက ဖုန်း ၀၉-၅၁၆၆၆၂၁ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်းသိရသည်။



လှိုင်ရိုးမတောင်ပေါ်ကြိုးဝိုင်း(၁) ကွင်းအမှတ်(၅)မှ စံပြဝါးမျိုးစုံစိုက်ခင်းပြကွက်ရှိဝါးပျိုးပင်များအား တွေ့ရစဉ်။

**သတင်းဆောင်းပါး-စိုးဝင်း(SP)၊ ဓာတ်ပုံ-တင်လှမောင်**

ပရီမီယာလိဂ်ပွဲစဉ် (၂၇) ကို လာမယ့် ဖေဖော်ဝါရီ ၂၇ရက်၊ ၂၈ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲကစားရမယ့် လီဗာပူး၊ မန်စီးတီးတို့ရဲ့ ပွဲစဉ်တွေ ပါဝင်မှာမဟုတ်ဘဲ ရှစ်ပွဲတည်းသာ ကျင်းပသွားမှာဖြစ်ပေမယ့် မန်ယူနဲ့ အာဆင်နယ်ဆုံတွေ့တဲ့ ပွဲပါဝင်နေလို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။



MANCHESTER UNITED vs ARSENAL
KICK-OFF - 20:35

လက်ရှိအချိန်မှာ မန်ယူရဲ့ ခြေစွမ်းက အတော်ကလေး အားနည်းနေပါတယ်။ ဆန်းဒါးလန်း၊ မစ်ဂျယ်လန်းတို့ကို ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်တွေမှာ မန်ယူရဲ့ကစားပုံက တိုက်စစ်ရော ခံစစ်ပိုင်းမှာပါ အားနည်းမှုတွေရှိနေခဲ့တာ တွေ့ရပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ မန်ယူဟာ ဒဏ်ရာရကစားသမားတွေများလွန်းနေပြီး အဲဒီဒဏ်ရာရ ကစားသမားတွေအထဲမှာ အခုနောက်ပိုင်းဂိုးသွင်းခြေပြန်ရနေတဲ့ ရွန်းနေပါ ပါဝင်နေတာတကြောင့် မန်ယူရဲ့နဂိုကတည်းက အားနည်းနေတဲ့ တိုက်စစ်ပိုင်းက ပိုမိုပြီး အားနည်းသွားနိုင်ပါတယ်။ အထူးသဖြင့် မန်ယူဟာ ဒီပွဲ မတိုင်ခင်မှာ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို ကစားခဲ့ရမှာဖြစ်ပြီး နောက်တစ်ဆင့်တက်နိုင်ဖို့အတွက် မဖြစ်မနေ အနိုင်ရအောင် အားစိုက်ခဲ့ရမှာလည်းဖြစ်လို့ မန်ယူတို့ပွဲပန်းမှု ရှိလာနိုင်ပါတယ်။ မန်ယူအနေနဲ့ ပရီမီယာလိဂ်မှာ နိုင်ပွဲပြန်ရဖို့ အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်ပေမဲ့ အဆိုပါ အခြေအနေတွေကြောင့် အာဆင်နယ်ကို အသာရဖို့ မလွယ်ပါဘူး။ အာဆင်နယ်အနေနဲ့လည်း ဒီပွဲမတိုင်ခင်မှာ ဘာစီလိုနာနဲ့ ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်ကို ကစားခဲ့ရလို့ မန်ယူနည်းတူ ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဒါပေမယ့် အာဆင်နယ်ရဲ့ လက်ရှိကစားပုံကတော့ မန်ယူထက် ပိုမိုကောင်းမွန်မှုရှိပြီး ဂီရောက်၊ အိုဇေးလ်၊ ဆန်းချက်ဇ်၊ ဝေါလ်ကော့သ်တို့ရဲ့ တိုက်စစ်ဇုန်ကပါ ထိုးဖောက်ကစားပုံမကောင်းလို့ အခုနောက်ပိုင်းတည်ငြိမ်မှုမဲ့နေတဲ့မန်ယူခံစစ်ကို ပိုမိုဖိအားပေးသွားနိုင်မယ့် အခြေအနေမှာ ရှိနေပါတယ်။ ဒါကြောင့် မန်ယူတို့ အိမ်ကွင်းအားနဲ့ နိုင်ပွဲပြန်လည်ရရှိရေးအတွက် အားစိုက်ကစား လာမှာဖြစ်ပေမယ့်လည်း အာဆင်နယ်ကို အသာမရနိုင်ဘဲအမြင့်ဆုံး သရေလောက်ပဲရမယ်။

## ဝက်ဖို့ဒ် vs ဘုန်းမောက်

ဘုန်းမောက်က တန်းဆင်းဇုန်နဲ့ နီးကပ်နေတာကြောင့် ပွဲတိုင်းအားစိုက်ကစားနေပေမယ့် ခြေစွမ်းကတော့ သာမန်ထက်မပိုပါဘူး။ နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်ထားခဲ့ရပါတယ်။ ဝက်ဖို့ဒ်ကတော့ လက်ရှိခြေစွမ်းမဆိုးသလို အိမ်ကွင်းအားနဲ့လည်း ဖိအားပေးကစားသွားမှာ သေချာနေပါတယ်။ ဝက်ဖို့ဒ်ကသာ အိမ်ကွင်းမှာ ကပ်နိုင်သွားဖို့ ရှိတယ်။

## လက်စတာ vs နော့ဝှစ်ချ်

လက်စတာဟာ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ပြီး အမှတ်ကွာဟမှုလျော့နည်းခဲ့တာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲပြန်ရရေးအားစိုက်ကစားလာမှာသေချာနေသလို အိမ်ကွင်းအားသာချက်လည်း ရှိနေပါတယ်။ နော့ဝှစ်ချ်ကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေများတာကြောင့် လက်စတာကသာ ဖိအားပေး ကစားသွားနိုင်မှာသေချာနေပါတယ်။ လက်စတာပဲအနိုင်ရမယ်။

## စတုတ် vs ဗီလာ

စတုတ်က နိုင်ပွဲပျောက်ဆုံးမှုတွေကို ရပ်တန့်နိုင်ခဲ့သလို ဒီပွဲစဉ်မှာလည်း နိုင်ပွဲဆက်နိုင်ဖို့ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားသွားမှာ သေချာပါတယ်။ ဗီလာကတော့ တန်းမဆင်းရရေး အားစိုက်ကစားနေပေမယ့် အသင်းလိုက်ကစားပုံမှာ အားနည်းမှုတွေများလွန်းနေလို့ စတုတ်ကို ထိန်းချုပ်နိုင်ဖို့ မလွယ်ကူပါဘူး။ စတုတ်ပဲ အနိုင်ရသွားမှာပါ။ ဂိုးနည်းမယ်ထင်ပါတယ်။

## ဝက်စ်ဘရွန်း vs ပဲလေ့စ်

ပဲလေ့စ်ဟာ အခုနောက်ပိုင်းပွဲတွေမှာ ခြေစွမ်းပိုင်း အတော်လေးအားနည်းနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက ကျစ်လျစ်မှုကျဆင်းလာသလို ဒီပွဲမှာလည်း ဝက်စ်ဘရွန်းရဲ့အိမ်ကွင်းအားကို ထိန်းဖို့ခက်ပါလိမ့်မယ်။ ပဲလေ့စ်အတွက် အမြင့်ဆုံးသရေလောက်ပဲရမှာပါ။

## ဆောက်သမ်တန် vs ချယ်လ်ဆီး

လက်ရှိအချိန်မှာဆောက်သမ်တန်ရဲ့ ကစားပုံက ပြန်လည်ပြီး တည်ငြိမ်နေတယ်။ နောက်ဆုံး ငါးပွဲမှာ ရှုံးပွဲ မရှိခဲ့ဘဲ လေးပွဲတိတိ အနိုင်ရခဲ့တယ်။ အထူးသဖြင့် အခုနောက်ပိုင်းမှာ ဆောက်သမ်တန်ရဲ့ ခံစစ်ကစားပုံက ကောင်းမွန်မှုရှိနေပြီး တိုက်စစ်ပိုင်းကလည်း ရှိန်းလောင်းရောက်ရှိလာပြီးနောက်ပိုင်း ဂိုးသွင်းခြေပိုမှန်လာပါတယ်။ ဒီပွဲစဉ်မှာချယ်လ်ဆီးကိုထိန်းချုပ်ကစားသွားနိုင်မှာ သေချာနေပါတယ်။ ချယ်လ်ဆီးကတော့ ရှေ့ကြားရက်မှာ ချန်ပီယံလိဂ်ကစားခဲ့ရမှာ မဟုတ်သလို လက်ရှိခြေစွမ်းကလည်း ကောင်းမွန်နေတယ်ဆိုပေမယ့် ဆောက်သမ်တန်ကိုတော့ အသာရယူသွားဖို့ မလွယ်ဘူး။ ဆောက်သမ်တန်အတွက် အနိမ့်ဆုံးသရေပါ။

## စပါး vs ဆွမ်ဆီး

စပါးဟာ ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ် ၃၂ သင်း အဆင့် ဒုတိယအကျော့ပွဲအဖြစ် ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဒါပေမယ့် စပါးဟာ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရရှိနေပြီး လက်စတာကို ဖိအားပေးနိုင်ဖို့အတွက်လည်း အခုလို အိမ်ကွင်းပွဲစဉ်မျိုးမှာ အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ဘူး။ ဆွမ်ဆီးကတော့ အခုနောက်ပိုင်းပွဲတွေမှာ အသင်းလိုက်ကစားပုံ ကောင်းမွန်လာခဲ့ပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေ တည်ငြိမ်မှု မရှိပါဘူး။ ဒါကြောင့် အသင်းလိုက်ကစားပုံအကောင်းဆုံးပုံစံမှာ ရှိနေတဲ့ စပါးရဲ့ အိမ်ကွင်းအားနဲ့ ဖိအားပေးမှုကို ထိန်းချုပ်ဖို့ခက်ပါလိမ့်မယ်။ အဲရစ်ဆင်၊ အလီ၊ ဟယ်ရီကိန်းတို့ ခြေစွမ်းပြနေတဲ့ စပါးကသာ အိမ်ကွင်းနိုင်ပွဲထပ်ယူသွားမှာပါ။

## ဝက်စ်ဟမ်း vs ဆန်းဒါးလန်း

ဆန်းဒါးလန်းက အခုနောက်ပိုင်းပွဲတွေမှာ တန်းမဆင်းရဖို့အားစိုက်ကစားနေသလို ကစားပုံလည်း တိုးတက်မှုရှိလာပါတယ်။ ဒါပေမယ့် ဒီရာသီမှာ အကောင်းဆုံး ခြေစွမ်းတွေရရှိနေပြီး ဥရောပဝင်ခွင့်ရရှိဖို့ခြေကုန်ထုတ်ကစားမယ့် ဝက်စ်ဟမ်းရဲ့ အိမ်ကွင်းအားကို ဆန်းဒါးလန်းတို့ ထိန်းချုပ်နိုင်ဖို့ခက်ခဲပါတယ်။ ဝက်စ်ဟမ်းသာ အိမ်ကွင်း နိုင်ပွဲ ရရှိသွားမှာပါ။

# အဝါကတ်ပြသခံရရန် ပီကေး ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းမဟုတ်ဟု ဘာစီလိုနာအသင်းနည်းပြ အင်းနရစ် ပြောဆို

ဘာစီလိုနာအသင်းက အာဆင်နယ်အသင်းအား အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆သင်း ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်တွင် ဘာစီလိုနာအသင်း ဗဟိုခံစစ်မှူး ဂျရတ်ပီကေးသည် မိမိကိုယ်ကို အဝါကတ်ပြသခံရစေရန်အတွက် ကြံစည်လုပ်ဆောင်ခဲ့သည်ဟု စွပ်စွဲပြောဆိုမှုများကို ဘာစီလိုနာအသင်းနည်းပြ အင်းနရစ်က ငြင်းဆိုလိုက်သည်။

အဆိုပါပွဲတွင် ဘာစီလိုနာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေနိုင်ချိန်၌ စပိန်ခံစစ်မှူး ပီကေးသည် ကွင်းဘေးစည်းတွင် နည်းပြအင်းနရစ်နှင့် ခေတ္တစကားပြောဆိုမှုပြုလုပ်ခဲ့ပြီးနောက် စက္ကန့် ၈၀ ခန့်အကြာ၌ အာဆင်နယ် တိုက်စစ်မှူး ဝဲလ်ဘတ်အား လျှောထိုးဖျက်ထုတ်မှု ပြုလုပ်ခဲ့ခြင်းကြောင့် အဝါကတ်ပြသခြင်းခံခဲ့ရသည်။ ခံစစ်မှူး ပီကေးသည် အဆိုပါ အဝါကတ်ကြောင့် ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အဝါကတ်ပြသခံရမှု သုံးကြိမ်ပြည့်သွားခဲ့ပြီဖြစ်၍ တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကာ ၁၆ သင်း ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲကို လွဲချော်မည်ဖြစ်သည်။ သို့သော်လည်း ဘာစီလိုနာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပါက ခံစစ်မှူး ပီကေးသည် အရေးယူခံရမှုမှတ်တမ်းကင်းရှင်းစွာဖြင့် ပြန်လည်ပြိုင်ပွဲဝင်နိုင်မည်ဖြစ်သည်။


ဆောက်သမ်တန်အသင်း မန်နေဂျာ ရော်နယ်ကိုးလ်မန်းက "ပီကေးဟာ သူ့ကိုယ်သူ အဝါ ကတ်ပြသခံရအောင် ကြံစည်လုပ်ဆောင်ခဲ့တာ သေချာပါတယ်။ ကိုယ့်အသင်းက ပြိုင်ဘက်ကို နှစ်ဂိုး-ဂိုးမရှိနဲ့ ဦးဆောင်နေချိန်မှာ ဒီလို ဖျက်ထုတ်ဟန့်တားမှုမျိုးက ပြုလုပ်ဖို့ မလိုအပ်တဲ့ ဟန့်တားမှုမျိုးဖြစ်ပါတယ်"ဟု မှတ်ချက်ပြုပြောဆိုခဲ့သည်။


သို့သော်လည်း ပီကေးအပေါ် ဝေဖန်မှုများနှင့် ပတ်သက်၍ ဘာစီလိုနာအသင်းနည်းပြ အင်းနရစ်က "ဒါဟာ ရည်ရွယ်ချက်ရှိရှိနဲ့ ကြံစည်လုပ်ဆောင်ခဲ့တာ မဟုတ်ပါဘူး။ ပီကေးအနေနဲ့ ဒီလို ဟန့်တားမှုမျိုးတွေ ပြုလုပ်နေကျဖြစ်ပါတယ်။ ပထမအကျော့ပွဲမှာ ဘာစီလိုနာအသင်း ကစားသမားတွေရဲ့ တစ်ဦးချင်း စွမ်းဆောင်ရည်ကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေမှာ ဘာကိုမှ ဆုံးဖြတ်လို့မရသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ ဒုတိယအကျော့မှာလည်း အကောင်းဆုံး စွမ်းဆောင်နိုင်ဖို့ လိုအပ်နေပါသေးတယ်"ဟု ပြောဆိုသွားသည်။

ကစားသမားတစ်ဦးသည် ချမှတ်ခံထားရသည့် အဝါကတ်ပြစ်ဒဏ်များ ပြီးပြတ်သွားစေရန်အတွက် နောက်ထပ် အဝါကတ်ပြသခံရစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ပါက အနည်းဆုံး နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဟု ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) က သတိပေးထားသည်။

ဘာစီလိုနာအသင်းသည် ဒုတိယအကျော့ပွဲအဖြစ် မတ်လ ၁၇ ရက်တွင် အာဆင်နယ်ကို အိမ်ကွင်း နူးကမ့်၌ ပြန်လည်လက်ခံကစားရမည်ဖြစ်သည်။







ခံစစ်မှူး ပီကေးသည် အဆိုပါ အဝါကတ်ကြောင့် ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အဝါကတ်ပြသခံရမှု သုံးကြိမ်ပြည့်သွားခဲ့ပြီဖြစ်၍ တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည် ဖြစ်ကာ ၁၆ သင်း ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲကို လွဲချော်မည်ဖြစ်သည်။

မြန်မာ့အလင်း
၂၆-၂-၂၀၁၆ (သောကြာနေ့)

# ပရီမီယာလိဂ်ဆုဖလား အိပ်မက်နဲ့ ပိုမိုနီးကပ်လာတဲ့ စပါး

အောင်က







နှစ်ပေါင်း ၅၅ နှစ်။ ဒါဟာ စပါးအသင်းရဲ့ ပြည်တွင်းအဓိက အမှတ်ပေးဆုဖလားနဲ့ဝေးကွာခဲ့တဲ့နှစ်လို့ ဆိုရမှာပါ။ ဒါပေမယ့် ဒီကြားထဲမှာ ရရှိခဲ့တဲ့ အက်ဖ်အေဆုဖလားတို့၊ ကက်ပီတယ်ဝမ်း ဆုဖလားတို့ ရရှိခဲ့တာတွေကိုကြည့်ပြီး ဆုဖလားနဲ့ သိပ်မဝေးကွာဘူးလို့ဆိုရင်လည်း မငြင်းနိုင်ပါဘူး။ ဒါပေမယ့် အဲ့ဒီဆုဖလားတွေဟာ အဓိကပရီမီယာလိဂ်ဆုဖလားလောက်တော့ ဂုဏ်ရှိန်မကြီးမြတ်တာ အမှန်လို့တော့ ဆိုရမှာဖြစ်ပါတယ်။

စပါးအသင်းရဲ့ လက်ရှိအခြေအနေတွေနဲ့ ပတ်သက်ပြီးလည်း စပါးအသင်းရဲ့ ပရိသတ်တစ်ဦးက “ကျွန်တော်ဟာ စပါးအသင်းရဲ့အက်ဖ်အေဖလားရရှိခဲ့တဲ့အချိန်တွေကိုတော့ ကြုံခဲ့ရဖူးပါတယ်။ ဒါပေမယ့် အဲ့ဒါဟာ ကျွန်တော့်အဖေကြုံခဲ့ရတဲ့ စပါးအသင်းအမှတ်ပေးဆုဖလား ရရှိခဲ့တဲ့ အချိန်လောက် ရင်ခုန်ဖွယ် ကောင်းမကောင်းတော့ သေချာမပြောနိုင်ပါဘူး။ ဒါပေမယ့် ဒီနှစ်ရာသီမှာတော့ စပါးအသင်းနဲ့အတူ ကျွန်တော်တို့ဟာ ရင်ခုန်မှုတွေကို စတင်ခံစားနေရပါပြီ”လို့လည်း ပြောဆိုခဲ့ပါတယ်။ အမှန်တကယ်လည်း စပါးအသင်းရဲ့လက်ရှိခြေစွမ်းတွေနဲ့ ရမှတ်တွေဟာ စပါးအသင်းပရိသတ်တွေအတွက်တော့ ရင်ခုန်စရာ ကောင်းနေပါပြီလို့ဆိုရမှာ ဖြစ်ပါတယ်။

ဒီနှစ်ရာသီမှာ စပါးအသင်းရဲ့ ခြေစွမ်းတွေကို ကြည့်မယ်ဆိုရင်လည်း စဉ်ဆက်မပြတ် တိုးတက်နေခဲ့တာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ထိပ်တန်း ကစားသမား ကောင်းတွေနဲ့ ဒီနှစ်ရာသီမှာ အကောင်းဆုံးခြေစွမ်းတွေရှိနေတဲ့ မန်စီးတီးအသင်းကို ၂-၁ နဲ့ နိုင်ခဲ့တဲ့ပွဲအပြီးမှာတော့ စပါးအသင်း ရဲ့ ပရီမီယာလိဂ် ချန်ပီယံအိပ်မက်ဟာပိုမိုအသက်ဝင်လို့လာခဲ့ပါတယ်။ အမြဲတမ်း ချန်ပီယံလိဂ် ထိပ်ဆုံးလေးသင်းဝင်ရောက်ရေးကိုသာ အစဉ်အမြဲ ဦးစားပေးကြိုးစားနေခဲ့ရတဲ့ စပါးအသင်းအတွက်ဒီနှစ်ရာသီဟာ အတိုင်းထက်အလွန်ကို အောင်မြင်မှုရရှိနေပြီလို့တောင် မဝံ့မရဲဆိုရမလိုဖြစ်နေပါပြီ။

စပါးအသင်းအနေနဲ့ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ချန်ပီယံ ပြေးလမ်းပေါ်မှာရောက်နေတယ်လို့ဆိုရတဲ့ အကြောင်းတွေကလည်းအများအပြား ရှိပါတယ်။ ဒီနှစ်ရာသီ စပါးအသင်းရဲ့ အခြေအနေကိုကြည့်မယ်ဆိုရင်တော့ စပါးအသင်းဟာ ပရီမီယာလိဂ် ၂၆ပွဲကစားအပြီးမှာ အရှုံးဆိုလို့ သုံးပွဲသာ တွေ့ရပါတယ်။ သရေကတော့ ကိုးပွဲနဲ့အနိုင်၁၄ပွဲရှိပါတယ်။ လက်ရှိဒီရလဒ်တွေဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးမှာ ရှိနေတဲ့ လက်စတာအသင်းနဲ့ဆိုရင် နှစ်မှတ်သာကွာခြားတာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း စပါးအသင်းရဲ့ရပ်တည်မှုဟာ ဆုဖလားနဲ့လက်တစ်ကမ်းအကွာလို့ပြောနိုင်ခြင်းလည်း ဖြစ်ပါတယ်။

ဒီနှစ်ရာသီမှာ စပါးအသင်းအနေနဲ့ အခုလိုရလဒ်ကောင်းတွေ ရရှိနေတာကတော့ ခံစစ်ပိုင်းကောင်းမွန်မှုကလည်း အဓိကအစိတ်အပိုင်းအဖြစ် တည်ရှိနေပါတယ်။ စပါးအသင်းရဲ့ ဒီနှစ်ရာသီခံစစ်ပိုင်းကောင်းမွန်မှုကလည်း မြင်သာထင်သာရှိလှတာကြောင့် အရှုံးအနေနဲ့ သုံးပွဲသာ ကြုံတွေ့ရသေးတာလည်းဖြစ်ပါတယ်။ စပါးအသင်းကို ရက်နက်ကိုင်တွယ်ခဲ့စဉ်ကဆိုရင်လည်း စပါးအသင်းဟာ အခုလိုမျိုးခံစစ်အား ကောင်းကောင်းနဲ့ ကစားနိုင်ခဲ့တဲ့ သာဓကတွေကိုလည်း တွေ့မြင်နိုင်ပါတယ်။

ဒီနှစ်ရာသီမှာတော့ စပါးအသင်းဟာ နောက်တန်းခံစစ်ပိုင်းမှာ အသစ်ခေါ်ယူထားခဲ့တဲ့ အယ်ဒါဝီရတ်အပါအဝင် လေးဦးထားပြီး တောင့်တင်းတဲ့ ခံစစ်တံတိုင်းအနေနဲ့ထားရှိနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ထရစ်ပီယာ၊ ဒါဗီးလ်တို့ကလည်း အသင်းမှာအကောင်းဆုံး ခြေစွမ်းတွေနဲ့ ကစားနေတာကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။ ဒါတင်မကပါဘူး။ စပါးအသင်းရဲ့ လူငယ်ခံစစ်မှူးဖြစ်တဲ့ ကီဗင်ဝီမာကလည်း အသင်းအတွက် ကောင်းကောင်းအထောက်အကူရရှိနေပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း စပါးအသင်းရဲ့ နောက်တန်းဟာ ဝါရင့်ဂိုးသမား ဟူဂိုလောရစ်နဲ့ ခံစစ်မှူးအီရစ်ဒိုင်ယာတို့ရဲ့ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီးအကောင်းဆုံးအခြေအနေမှာ ရှိနေတာဖြစ်ပါတယ်။

ဒါပေမယ့် အသင်းအနေနဲ့အကောင်းဆုံးရှိနေဖို့ဟာ ခံစစ်ပိုင်းကောင်းမွန်မှု တစ်ခုတည်းနဲ့တော့ ရပ်တည်နိုင်ဖို့ မရှိပါဘူး။ ဒီနှစ်ရာသီမှာစပါးအသင်းအနေနဲ့ အခြေအနေကောင်းတွေ ပိုင်ဆိုင်ထားတာဟာ တိုက်စစ်ပိုင်း ကောင်းမွန်မှုကြောင့်လို့လည်း ပြောရမှာ ဖြစ်ပါတယ်။ စပါးအသင်းရဲ့ တိုက်စစ်ပိုင်းကို ပြောလိုက်တာနဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့အခန်းကဏ္ဍကလည်းအဓိကအရေးကြီးလာခဲ့ပါတယ်။ ဟယ်ရီကိန်းဟာ လက်ရှိပရီမီယာလိဂ်မှာတော့ တိုက်စစ်စွမ်းအားမြင့်မားတဲ့ပါရမီရှင် ကစားသမားတစ်ဦးဆိုတာကိုတော့ ဘယ်သူကမျှ မငြင်းဆိုနိုင်ပါဘူး။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ စပါးအသင်းရဲ့တိုက်စစ်ကို အဓိကဦးဆောင်ပြီး ဒန်ဘီလီ၊ အဲရစ်ဆင်၊ ဆွန်ဟောင်မင်၊ လာမယ်လာတို့နဲ့တွဲဖက်ပြီး အကောင်းဆုံးတိုက်စစ်အဖြစ်လည်းဖန်တီးထားနိုင်တာကို တွေ့ရပါတယ်။ ဒ့ါအပြင် ဒီနှစ်ရာသီမှာ ဟယ်ရီကိန်းနဲ့အတူ စပါးအသင်းရဲ့တိုက်စစ်ပိုင်းကိုအကောင်းဆုံး အားဖြည့်ပေးနေတဲ့သူက ဒယ်လီအလီပဲဖြစ်ပါတယ်။ သူ့ရဲ့ဂိုးသွင်းစွမ်းရည်နဲ့ ဘောလုံးပံ့ပိုးပေးနိုင်မှုတွေကတော့ ဥရောပအသင်းကြီးတွေကပါ နှစ်သက်မှုရှိနေတာကြောင့် အနာဂတ်စပါးအသင်းမှာ ဆက်လက်ရှိနေဖို့တောင် သံသယဖြစ်စရာရှိနေတဲ့ကစားသမားတစ်ဦး ဖြစ်ပါတယ်။

ဒါပေမယ့် အခုလိုအခြေအနေကောင်းတွေကို ပိုင်ဆိုင်နိုင်ဖို့အတွက် အကောင်းဆုံးဦးဆောင်ပေးထားနိုင်သူကတော့ စပါးအသင်းရဲ့ပွဲကိုင်ရှင် မန်နေဂျာပိုချက်တီနိုဖြစ်ပါတယ်။ ပိုချက်တီနိုအတွက်တော့ စပါးအသင်းကို စတင်ကိုင်တွယ်ခဲ့စဉ်ကတည်းက အသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရရေး အဓိကကြိုးစားပေးခဲ့တာလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်ရာသီမှာ စပါးအသင်းရဲ့ ခြေစွမ်းတွေကတော့ ပိုချက်တီနိုအတွက် ထိပ်ဆုံးလေးသင်းသာမက ပရီမီယာလိဂ်ချန်ပီယံဆုဖလားကိုပါ စိတ်ကူးယဉ်နိုင်တဲ့အနေအထားတွေ ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေတွေအရသုံးသပ်ကြည့်မယ်ဆိုရင်တော့ စပါးအသင်းဟာ ပရီမီယာလိဂ် ဆုဖလား အိပ်မက်နဲ့ အနီးကပ်ဆုံးရှိနေပြီလို့ဆိုရမှာ ဖြစ်ပါတယ်။

BUNDESLIGA

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၃)

**သောကြာနေ့ (၂၆-၂-၁၆)**

| | | | |
|---|---|---|---|
| နံနက် ၂:၀၀ | ကိုလုံး | - | ဟာသာဘာလင် |

**စနေနေ့ (၂၇-၂-၁၆)**

| | | | |
|---|---|---|---|
| ည ၉:၀၀ | ဝုဖ်ဘတ် | - | ဘိုင်ယန် |
| ည ၉:၀၀ | ဟမ်းဘတ် | - | အင်ဂိုစတက် |
| ည ၉:၀၀ | စတုဂတ် | - | ဟန်နိုဗာ |
| ည ၉:၀၀ | ဝါဒါဘရီမင် | - | ဒရမ်စတက် |

**တနင်္ဂနွေနေ့ (၂၈-၂-၁၆)**

| | | | |
|---|---|---|---|
| ည ၉:၀၀ | အော့စ်ဘတ် | - | ဂလာဘတ်ချ် |
| ည ၁၁:၀၀ | ဒေါ့မွန် | - | ဟော့ဖန်ဟိန်း |
| ည ၁၁:၀၀ | မိန့်ဇ် | - | လေဗာကူဆင် |
| နံနက် ၁:၀၀ | ဖရန့်ဖတ် | - | ရှော်လ်ကေး |

LIGA BBVA

## စပိန်လီဂါပွဲစဉ်(၂၆)

**သောကြာနေ့ (၂၆-၂-၁၆)**

| | | | |
|---|---|---|---|
| နံနက် ၂:၀၀ | အီဘား | - | လက်ပဲလ်မတ် |

**စနေနေ့ (၂၇-၂-၁၆)**

| | | | |
|---|---|---|---|
| ည ၉:၃၀ | ရီးရဲ | - | အက်သလက် |
| ည ၁၁:၄၅ | ဂီတာဖေး | - | ဆယ်တာဗီဂို |
| နံနက် ၂:၀၀ | ဂီဂျွန် | - | အက်စ်ပန်ညို |
| နံနက် ၂:၀၀ | ဘတ်တစ် | - | ဗယ်လီကာနို |
| နံနက် ၃:၃၅ | ဆိုစီဒက် | - | မာလာဂါ |

**တနင်္ဂနွေနေ့ (၂၈-၂-၁၆)**

| | | | |
|---|---|---|---|
| ညနေ ၅:၃၀ | ဗီလာရီးရဲ | - | လီဗန်တေး |
| ည ၉:၃၀ | ဗလင်စီယာ | - | ဘီလ်ဘာအို |
| ည ၁၁:၄၅ | ဒီပိုတီဗို | - | ဂရင်နာဒါ |
| နံနက် ၂:၀၀ | ဘာစီလိုနာ | - | ဆီဗီလာ |